# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၃ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၈၅)


# မြန်မာ့မီးရထားက ရန်ကုန်-နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားပြေးဆွဲမည်




နေပြည်တော် ဧပြီ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွား မိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ အမှတ်(၇) အဆန်၊ အမှတ် (၈) အစုန် လူစီးရထားခရီးစဉ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ အမှတ်(၇) အဆန်၊ အမှတ် (၈) အစုန် အမြန်ရထားခရီးစဉ်ကို ဧပြီ ၄ ရက်မှ ၁၁ ရက်အထိ ကာလအတွင်း အဆန်တစ်ရက်၊ အစုန်တစ်ရက် ပြေးဆွဲပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ဧပြီ ၄ ရက်၊ ၇ ရက်နှင့် ၁၀ ရက်တို့တွင် အမှတ် (၇) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၈ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ကာ နေပြည်တော်ဘူတာသို့ ည ၈ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့နည်းတူ ဧပြီ ၅ ရက်၊ ၈ ရက်နှင့် ၁၁ ရက်တို့တွင် အမှတ် (၈) အစုန်ရထားသည် နေပြည်တော်မှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ဧပြီ ၆ ရက်နှင့် ၉ ရက်များ၌ ခရီးစဉ်ကို ရပ်နားထားမည်ဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❁

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ဈေးများ၊ စတိုးဆိုင်များ ပုံမှန်အတိုင်း ရောင်း/ဝယ် ဖောက်ကားလျက်ရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့် အခြားပုဂ္ဂလိကဘဏ်များတို့၏ ဘဏ်လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်



နေပြည်တော် ဧပြီ ၂

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်များ၌ ဆူပူအကြမ်းဖက်မှုများ လျော့နည်းလာသည့်အတွက် ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် ဈေးများ၊ စတိုးဆိုင်ခန်းများမှာ မိမိတို့၏မိသားစု စားဝတ်နေရေးအတွက် ပုံမှန်အတိုင်း အေးချမ်းစွာရောင်းဝယ်ဖောက်ကားလျက် ရှိကြပြီး မြို့နယ်တစ်ခုနှင့် တစ်ခု ကုန်စည်စီးဆင်းမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြန်မာ့စီးပွားရေးဘဏ်များနှင့် အခြားပုဂ္ဂလိကဘဏ်များတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ထားရှိပြီး အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းနှင့် ငွေလွှဲလုပ်ငန်းများ၊ ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်များလွှာ (Payment Order ) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်း၊ ATM ကတ်စာရင်း အပ်ငွေများ လက်ခံခြင်းစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်


၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

စာ ၇

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်

စာ ၁၀

ဖိုက်ဇာကာကွယ်ဆေးမှာ အသက် ၁၂ နှစ်မှ ၁၅ နှစ် အရွယ်များကိုလည်း ထိရောက်မှုရှိဟုဆို

စာ ၁၄

## အသုံးချခံကလေးငယ်များမဖြစ်သင့်

ငြိမ်းချမ်းစွာဆန္ဒပြမှုမှသည် ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့မှု၊ သတ်ဖြတ်မှုများ နိုင်ငံအတွင်းရှိ မြို့ရွာဒေသအချို့တို့တွင် ဖြစ်ပွားခဲ့၊ ဖြစ်ပွားလျက်ရှိရာ တာဝန်ရှိသူတို့က ဥပဒေလုပ်ထုံးလုပ်နည်းတို့နှင့်အညီ ရှင်းလင်းဆောင်ရွက်ခဲ့ကြရသည်။ ငြိမ်းချမ်းစွာဆန္ဒပြမှုကို ရှင်းလင်းခြင်း၊ ဆူပူလှုပ်ရှားမှုကို ရှင်းလင်းခြင်း၊ အကြမ်းဖက်ရင်ဆိုင်တိုက်ခိုက်မှုကို ရှင်းလင်းခြင်းတို့မှာ တစ်ခုနှင့်တစ်ခု တူညီနိုင်မည်မဟုတ်။ သေချာသည်မှာ ဆန္ဒပြဆူပူအကြမ်းဖက်မှုတို့ မရှိသည့်နေရာများတွင် မည်သည့်ပုံစံနှင့်မျှ ရှင်းလင်းမှုတို့မရှိဘဲ အေးချမ်းငြိမ်သက်နေခြင်းဖြစ်ပြီး နိုင်ငံ၏ ဒေသအများစုပင်ဖြစ်သည်။ သို့ရာတွင် အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုသကဲ့သို့ပင် နိုင်ငံ၏ မည်သည့်အစိတ်အပိုင်းတွင် ဖြစ်ပေါ်နေသည်ဖြစ်စေ တရားဥပဒေ၏ အရိပ်အောက်တွင် အေးချမ်းစွာနေထိုင်၍ ပရိယေသန အသက်မွေးဝမ်းကျောင်းနေကြသူများမှာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ကြရသည်။

ဆူပူဆန္ဒပြမှုများကို ဖြေရှင်းရာတွင် ဒီမိုကရေစီလမ်းကြောင်းပေါ် ကာလရှည်ကြာစွာ လျှောက်လှမ်းလျက်ရှိသည့် နိုင်ငံများ၌ အရေးယူဖြေရှင်းဆောင်ရွက်မှုများမှာ မိမိတို့နိုင်ငံထက် ပိုမိုပြင်းထန်သည်ကို တွေ့ရှိနိုင်သည်။ မိမိတို့နိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများမှာ ဆန္ဒပြမှုများ၏ နောက်ပိုင်းကာလတွင် ဖေ့စ်ဘုတ်ပေါ်မှတစ်ဆင့် သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှု၊ နည်းပေးလမ်းပြလုပ်မှု၊ အချိန်းအချက်ပြုမှု၊ ခြိမ်းခြောက်မှု၊ ပြည်သူအချင်းချင်း သွေးခွဲရန်တိုက်မှုများ၊ နောက်မှ လိုက်ပါအကောင်အထည်ဖော်သူ ဦးဆောင်ဦးရွက်ပြုသူများနှင့် တစ်စထက်တစ်စ ပိုမိုကြမ်းတမ်းလာခဲ့ခြင်းဖြစ်သည်။

ယင်းအနက် ရည်ရွယ်ချက်တစ်ခုမှာ ပြည်ပမှ စစ်ရေးအရဝင်ရောက်စွက်ဖက်လာမည်ဟူသော မျှော်လင့်ချက်ဖြင့် အကြမ်းဖက် ဆူပူလှုပ်ရှားမှုများမှ ပုံရိပ်များကို လူမှုကွန်ရက်နည်းလမ်းများဖြင့် နိုင်ငံတကာမြင်အောင် ပြုလုပ်မှုလည်းပါရှိသည်။ ဆူပူမှုများကို ဖြေရှင်းရသည့် ရဲတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန် သတင်းတု သတင်းမှားများတင်ခြင်း၊ အရွယ်မရောက်သေးသည့် ကလေးများကို လက်နက်ကိုင်စေကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာစေရန် နည်းမျိုးစုံဖြင့် လမ်းများပေါ်သို့ ဆွဲထုတ်လာခဲ့ပြီး သတင်းပုံများတင်ခြင်းစသည်တို့ကိုပါ ပြုလုပ်လာကြသည်။ စင်စစ်အားဖြင့် မည်သည့်နည်းဖြင့်မဆို အသက်မပြည့်သေးသည့် ကလေးများကို အန္တရာယ်ရှိသည့် ပဋိပက္ခ ဖြစ်ပေါ်နေသောနေရာများတွင် အသုံးချခြင်းမှာ ကလေးသူငယ်အခွင့်အရေး၊ လူ့အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ကလေးငယ်များ၏ အသက်နှင့်ခန္ဓာကိုယ် တစ်စုံတစ်ရာထိခိုက်မှု ဖြစ်ပေါ်နိုင်သည့်အပေါ်မှ နိုင်ငံရေးအမြတ်ထုတ်ရန် စဉ်းစားခြင်းမှာ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုသည့်အတိုင်း လူမဆန်ခြင်းပင်ဖြစ်သည်။

ဖေ့စ်ဘုတ်ပေါ်မှပေးသည့် မျှော်လင့်ချက်များ၊ နည်းလမ်းများဖြင့် တိုက်ခိုက်ကြရာမှ ထွက်ပေါ်လာသည့် အဖိတ်အစဉ်ကိန်းဂဏန်းများမှာ နိုင်ငံခြားမှ စစ်ရေးကျူးကျော်စွက်ဖက်မှုကို မျှော်နေကြသူများအဖို့ ဂဏန်းကြီးလာလေလေ ပို၍နီးစပ်လာလေလေဟူသော ယူဆချက်ဖြင့် နည်းလမ်းပေါင်းစုံသုံးကာ ထိုးကျွေးနေကြဦးမည်ဖြစ်သည်။ အလိမ်အညာနှင့် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒဖြန့်မှိုင်းမိကာ ပါဝင်နေကြသူများမှာ ဥပဒေအရ အရေးယူမှုကို ခံယူကြရမည် ဖြစ်သော်လည်း အရွယ်မရောက်သေးသည့် ကလေးငယ်များကို နိုင်ငံရေးဝိသမလောဘသားတို့၏ အသုံးချခံအဖြစ် မကျရောက်စေလိုပါကြောင်း။ ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၉/၂၀၂၂

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ

ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးမြင့်ဦး

(၂) ဦးနေလင်းထွန်း

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်မင်းအောင် ကို ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ထူးခြားသည့် နေ့အပူချိန်

နေပြည်တော် မေ ၂

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ဖားဆောင်းမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ မိတ္ထီလာမြို့၊ ညောင်ဦးမြို့၊ ရမည်းသင်းမြို့၊ ကျောက်ဆည်မြို့၊ လွန်ကျော်မြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဂန့်ဂေါမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့၊ ဓနုဖြူမြို့၊ ကြို့ပင်ကောက်မြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြပါသည်။ မိုး/ဇလ

## တံခွန်တိုင်ရပ်ကွက် နံ့သာရပ်ကွက်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့သော မီးဘေးသင့်အိမ်ထောင်စုဝင်များအား ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်နှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့

မန္တလေး မေ ၂

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် နံ့သာရပ်၌ ဧပြီ ၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ယနေ့ ညနေ ၃ နာရီတွင် အဆိုပါရပ်ကွက်ရှိ သာသနာ့ပါလ ဆွမ်းလောင်းအသင်းရုံးသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးသိန်းငွေး၊ ဦးယဉ်ထွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသွားရောက်၍ တွေ့ဆုံအားပေးစကား ပြောကြားပြီး မီးဘေးသင့်အိမ်ထောင်စုဝင်များကို ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။



အဆိုပါထောက်ပံ့မှုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မီးဘေးသင့် အိမ်ထောင်စု ၁၅၀ အတွက် ဆန် ၆ ပြည်ဝင်အိတ် ၁၅၀၊ ဆီ ၅၀ ကျပ်သားဘူး ၁၅၀ ဘူး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၁၅၀ ကာတွန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၄ ပြည်ဝင် ဆန်အိတ် ၁၅၀ နှင့် မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စု ၁၅၀ အတွက် ငွေကျပ်သိန်း ၈၀ ကျော်တန်ဖိုးရှိအိမ်ဆောက်ပစ္စည်းနှင့်ဆန်ရိက္ခာဖိုး ငွေကျပ်သိန်း ၇၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းတို့အား ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် မေ ၂

၂၀၂၂ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ (၃၀) ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ် ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂) သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုခိုင်ခိုင်မာမာတည်ဆောက်သွားမည်

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမ ဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်ဆေးရန် လိုအပ်သည်များကို စစ်ဆေးလျက်ရှိပြီး အဂတိလိုက်စားမှုဆိုင်ရာ တွေ့ရှိချက်များကိုလည်း သတင်းများထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများ ပိတ်ထားရခြင်းသည် ကျောင်းသားကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်းပင်ထားရန် အကြံပြုမှုများရှိသော်လည်း မိမိ၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာတည်ဆောက်ရန်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ရင်းနှီးမြှုပ်နှံသူများအတွက်ခွင့်ပြုမိန့်ရပြီး နောက်ပိုင်း ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ပေးရန် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မှာကြား

ရန်ကုန် ဧပြီ ၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ဝန်ထမ်းများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တွေ့ဆုံသည်။

ဦးစားပေး ဆောင်ရွက်ရမည်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရင်းနှီးမှုကော်မတီများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်၍ လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် ခွင့်ပြုမိန့်ရပြီးနောက်ပိုင်း ဝန်ဆောင်မှု (Aftercare Services) များ ပိုမိုကောင်းမွန်အောင် ကြိုးပမ်း ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည့် အတားအဆီးများအား ဥပဒေနှင့်အညီ စိစစ်၍ ဖြေလျှော့ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ One Stop Service (OSS) ၏ အခန်းကဏ္ဍသည်လည်း လွန်စွာ အရေးကြီးသဖြင့် လုပ်ငန်းများ ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး (Investment Facilitation) ကို အခြေပြု၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး (Investment Promotion) လုပ်ငန်းစဉ်များကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ဦးဆောင်ကြပ်မတ်ပေး စေလိုပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ခွင့်ပြုမိန့် ထုတ်ပေးရန် ကြန့်ကြာနေသည့် လုပ်ငန်းများကို ပြန်လည်စိစစ်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ဆက်လက်တင်ပြပေးစေလိုပါကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဦးစီးဌာန၏ ဆောင်ရွက်ချက်များ အပေါ် ခြုံငုံသုံးသပ်၍ ဆွေးနွေးတင်ပြသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် One Stop Service (OSS) တွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ဆွေးနွေးမှာကြား

အစည်းအဝေးတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမျိုးသားအဆင့် ကော်မတီ အကောင်အထည်ဖော် ဆောင်ရွက်မည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ပြည်နယ်အဆင့် ကော်မတီများနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသအသီးသီးရှိ IDPs များအတွက် ကာကွယ်၊ စောင့်ရှောက်၊ ထောက်ပံ့ပေးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာဖြင့် မှီခိုမှုကင်းသည့် လူနေမှုပတ်ဝန်းကျင် ပြန်လည်တည်ဆောက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကော်မတီအသီးသီးက ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ခိုင်က ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေများ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ လတ်တလော ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲရှောင်စခန်းများအတွက် လိုအပ်သည့် လူမှုလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ပေးမှု အခြေအနေများ၊ ထောက်ပံ့ကူညီပေးမှုအခြေအနေများကို ရှင်းလင်း ဆွေးနွေးသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ ပြည်နယ်အဆင့် ကော်မတီဝင်များနှင့် တာဝန်ရှိသူအသီးသီးက မိမိတို့ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ခိုင်တို့က ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို ၂၀၂၁ ခုနှစ် မဟာသင်္ကြန်ကာလအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂

ပြည်ထောင်စု ရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ၂၀၂၁ ခုနှစ် မဟာသင်္ကြန် ကာလအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက မဟာသင်္ကြန်ကာလအတွင်း အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ကိုးကွယ်ရာဘာသာအလိုက် အေးချမ်းစွာ တရားဘာဝနာ အားထုတ်နိုင်ရန်၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်လှူဒါန်းနိုင်ရန်နှင့် အခြားအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေရန်အလို့ငှာ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ ရန်ပုံငွေနှင့် စာအုပ်ထုတ်ဝေရေးကော်မတီ ရန်ပုံငွေတို့မှ ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ အရာထမ်း၊ အမှုထမ်း ၅၃၃ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၅၃၃၀၀၀၀၀ (ငါးရာ သုံးဆယ့် သုံးသိန်း) ထောက်ပံ့ငွေ ပေးအပ်ခြင်း ဖြစ်ပါကြောင်းနှင့် နှစ်သစ်ကို စိတ်အေးချမ်း ပျော်ရွှင်စွာ အနားယူပြီး ရုံးများ ပြန်လည်တက်ရောက်သည့်အခါ ပျော်ရွှင်တက်ကြွစွာဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်တို့က ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များကို မိမိတို့ ဦးစီးဌာနများရှိ အရာထမ်း၊ အမှုထမ်းများကို ထပ်ဆင့်ထုတ်ပေးနိုင်ရန် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

သတင်းစဉ်

# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❁ ရှေ့ဖုံးမှ

လမ်းခရီးတွင် တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ကညွတ်ကွင်း၊ ဖြူး၊ တောင်ငူ၊ ရေတာရှည်၊ ရေနီ၊ ဇလာ၊ ပျဉ်းမနား စသည့်ဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ရထားဖြင့် လိုက်ပါစီးနင်းလိုသော ခရီးသွားမိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာ စီးနင်းနိုင်ကြောင်းနှင့် သက်ဆိုင်ရာဘူတာများ၌ ကြိုတင်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကမ်းနီး/ကမ်းဝေးငါးဖမ်းငါးသယ်ရေယာဉ်များအား အသိပေးကြေညာခြင်း

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ၂.၄.၂၀၂၁ ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၀၀) နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် မြောက်-အရှေ့မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ၊ ထားဝယ်မြို့(Dawei)၏ အနောက်တောင်ဘက် ရေမိုင် (၂၀၀) မိုင်ခန့်၊ ကိုကိုးကျွန်းမြို့ (Coco Island)၏ အရှေ့တောင်ဘက် ရေမိုင် (၂၅၀) မိုင်ခန့်နှင့် ရန်ကုန်မြို့ (Yangon) ၏ တောင်ဘက် ရေမိုင် (၃၃၀) မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး မြန်မာ့ပင်လယ်ပြင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် (၄၀) အထိ တိုက်ခိုက်နိုင်ပြီး လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၁၀) ပေမှ (၁၂) ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၅) ပေမှ (၈) ပေခန့်အထိ ရှိနိုင်ကြောင်း ထုတ်ပြန်ကြေညာထားပါသဖြင့် ကမ်းနီး/ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်များအနေဖြင့် မုန်တိုင်းအန္တရာယ်မှ သတိပြုရှောင်ရှားနိုင်ရေး အသိပေးကြေညာအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ (ဒုတိယနေ့) ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၂

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။




ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ။

ပြပွဲဒုတိယနေ့တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုအားပေးပြီး ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာကျပ်ငွေဖြင့် ရောင်းချမည့် ပုလဲအတွဲများအား အိတ်ဖွင့်တင်ဒါတင်သွင်းမှု၊ တင်ဒါပိတ်သိမ်းမှုနှင့် တင်ဒါဖွင့်ဖောက်စစ်ဆေးရောင်းချပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးသည်။

ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၂၁၂ တွဲကို မြန်မာကျပ်ငွေ ၉၄၁၀၀၀၂၈၆ ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ယနေ့ပြပွဲနှင့် စပ်လျဉ်း၍ ပုလဲရောင်းချရေးလုပ်ငန်း ကော်မတီဝင် တစ်ဦးက "ပုလဲအတွဲတွေကို မြန်မာကျပ်ငွေနဲ့ရောင်းချခဲ့တာ ၃၇ ကြိမ်ရှိပါပြီ။ ယူရိုငွေ၊ မြန်မာကျပ်ငွေတွေနဲ့ ပြည်တွင်းရောနိုင်ငံခြားမှာရော ရောင်းချခဲ့တာ စုစုပေါင်းအကြိမ်ရေ ၁၃၁ ကြိမ်ရှိသွားပြီ။ အခုပြပွဲမှာ ပုလဲအတွဲ ၃၁၇ တွဲကို တင်ဒါသုံးခုခွဲပြီး ရောင်းချမှာ ဖြစ်ပါတယ်။ ဒီနေ့မှာ တင်ဒါအမှတ် ၁ ကို မွန်းတည့် ၁၂ နာရီနဲ့ တင်ဒါအမှတ် ၂ ကို ညနေ ၄ နာရီခွဲမှာ ရောင်းချသွားမှာဖြစ်ပါတယ်။ မနက်ဖြန် မွန်းတည့် ၁၂ နာရီမှာ တင်ဒါအမှတ် ၃ ကို ရောင်းချပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

"အခု ခင်းကျင်းပြသထားတဲ့ ပုလဲတွေဆိုရင် ပြည်တွင်းဈေးကွက်မှာ အများဆုံးသုံးတဲ့ ပုလဲတွေကို ပြသထားတာတွေ့ရတယ်။ ဒီထက်အရည်အသွေးမြင့်ပြီး နိုင်ငံခြားဈေးကွက်ဝင်တဲ့ ပုလဲက ဒီထက်တစ်ဆင့်တော့ ရှိပါသေးတယ်။ ဒါပေမယ့် ပြည်တွင်းမှာ ရောင်းချဖို့အတွက်ဆိုရင် ခုပြသထားတာတွေက ကောင်းပါတယ်။ ဈေးနှုန်း သင့်တင့်မျှတတဲ့အတွက် လာရောက် ဝယ်ယူတဲ့သူတွေအတွက် အကျိုးရှိပါတယ်။ ဝယ်ရတာလည်း အဆင်ပြေတယ်။ ပြန်ရောင်းမယ်ဆိုရင်လည်း အကျိုးအမြတ်ရမယ်လို့ ယုံကြည်တယ်။

"အခုပြပွဲက သာမန်ထက်စာရင် ပြပွဲလာရောက်သူ အနည်းငယ်နည်းတဲ့အတွက် ပြောရရင် ကျွန်တော်တို့အတွက်က ကြိတ်ကြိတ်မတိုးရတဲ့အတွက် ပိုကောင်းပါတယ်။ သွားရ လာရတာလည်း အဆင်ပြေပါတယ်။ ပြပွဲတာဝန်ရှိသူတွေအနေနဲ့ကလည်း ဒီပွဲနဲ့ပတ်သက်ပြီး လုံခြုံစိတ်ချအောင် ပြင်ဆင်ပေးထားတဲ့အတွက် အစစအရာရာအဆင်ပြေပါတယ်။ ဒီမှာ ပြသထားတဲ့ ပုလဲတွေက ဟောင်ကောင်ဈေးကွက်မှာ မျက်နှာပန်းလှတဲ့ ပုလဲအမျိုးအစားဖြစ်ပါတယ်"ဟု ပြပွဲလာရောက်သည့် ရတနာကုန်သည်တစ်ဦးက ပြောသည်။

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဧပြီလ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပုလဲအတွဲ ၃၁၇ တွဲ၊ ကျောက်စိမ်းအတွဲ ၂၁၄၈ တွဲ၊ ကျောက်မျက် ၁၉၉ တွဲအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်း

## အီးယူ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိစ္စရပ်များတွင် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂

အီးယူ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိစ္စရပ်များတွင် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် အီးယူ၏ ငွေကြေးနှင့် နည်းပညာအကူအညီ အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံချက်များအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများအပေါ် အီးယူဘက်သို့ အသိပေးညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ညှိနှိုင်းပေါင်းစပ်ပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့ကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က အကြောင်းအမျိုးမျိုးကြောင့် တွေ့ကြုံနေရသည့် လုပ်ငန်းအကောင်အထည်ဖော်ရေးဆိုင်ရာ အခက်အခဲများကို သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသို့ ပြည့်ပြည့်စုံစုံ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း၊ အရေးကြီးသည့်လုပ်ငန်းစီမံချက်များအတွက် မဖြစ်မနေဆက်လက်လုပ်ဆောင်နိုင်မည့် အခြား အစီအစဉ်များကိုလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခြားသော လုပ်ငန်းဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။




အဆိုပါ အစည်းအဝေးသို့ အီးယူ၏ အကူအညီအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ကြသည်။ ပြင်သစ်(AFD)နှင့် ဂျာမနီအစိုးရ၏ ချေးငွေ၊ အကူအညီများဖြင့် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် မတ် ၃၁ ရက်တွင် ယခုကဲ့သို့ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သာခုခေါ်ဖို့ ပါးစပ်ပိတ်ခံထားရတဲ့ ပြိတ္တာ

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၂)

ဒေါင်

**“အဲဒါက ပြိတ္တာဘဝမှာပဲ အရေးကြီးတာလားဗျာ။ အခုလက်ရှိ ကျွန်တော်တို့ လူ့ဘဝမှာရော နားပိတ်၊ မျက်စိပိတ်ခြင်းခံထားရပြီး အဆိုးအကောင်းမခွဲခြားတတ်တဲ့ သူတွေဟာ ပြိတ္တာဖြစ်ပြီး အမျှမရ သာခုမခေါ်နိုင်တဲ့သူတွေလိုပဲဗျ။ နိုင်ငံအတွက် အစိုးရကနေ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေတယ်။ အမှန်တရားတွေဟာ အခု နှစ်လတာအတွင်းမှာ အများကြီးပေါ်ထွက်လာခဲ့ပြီ။ ဒါတွေကို MRTV တို့၊ မြဝတီတို့လို ရုပ်မြင်သံကြားလိုင်းတွေမှာ အကြိမ်ကြိမ်ထုတ်လွှင့်ပြသတယ်။ အစိုးရသတင်းစာတွေမှာ အတိအလင်းဖော်ပြတယ်။ အခြေအနေမှန်ကို နားလည်ပြီး တိုင်းပြည်ကို မထိခိုက်စေလိုတဲ့သူတွေက လူမှုကွန်ရက်တွေကနေ ရှင်းပြတယ်။ အဲဒါတွေကြားနေကြမှာစိုးလို့ည ၈ နာရီ သတင်းလာချိန်မှာ သံပုံးတီးခိုင်းထားတယ်ဗျာ။ သတင်းစာတွေမဖတ်နိုင်အောင် အမျိုးမျိုးတားဆီးထားတယ်ဗျာ။ လူမှုကွန်ရက်မှာ ထောက်ပြသူတွေကိုကျတော့ ရီပို့(Report) ပိုင်းထုတ်ကြသတဲ့ဗျာ။ သဘောကတော့ သတင်းအမှန်ကိုသိသွားရင် ပြည်သူတွေ အသိတရားဝင်လာကြမှာ စိုးရိမ်တယ်လေဗျာ။ စီနီယာပြိတ္တာတွေက သူတို့ချည်းကျန်မှာစိုးလို့ ကျွတ်ချိန်တန်တဲ့ ဂျူနီယာပြိတ္တာတွေကို အမျှဝေသံမကြားနိုင်အောင် ကာဆီးနေကြတာနဲ့ မတူဘူးလားဗျာ”**

နွေသည် ပူပြင်းမှုနှင့် ခြောက်သွေ့မှုတွေကို သယ်ဆောင်ရင်း ရောက်၍လာချေပြီ။ မကြာမီ မြန်မာတို့ရဲ့ မဟာသင်္ကြန်ကာလကိုတောင် ရောက်လာပေတော့မည်။ လေရူးအငွေ့တွင် သစ်ရွက်ခြောက်တို့က ဟိုမှဒီမှလွင့်မျောလျက်...။ ခြံဝန်းအတွင်း သရက်ပင်အရိပ်အောက် ကိုသံချောင်းတစ်ယောက်ခုဒ္ဒကနိကာယ်လာပေတဝတ္ထုများအား ဖတ်ရှုနေရင်း

“ကိုသံချောင်း...တစ်ယောက်တည်းဘာတွေစဉ်းစားနေတာလဲရှင့်။ ငယ်ချစ်ဦးကို သတိတွေရနေတယ်ထင်ပွါ..”

အိမ်နီးချင်းအပျိုကြီး မစာဥလည်း ပျင်းရှာသည်ထင် ဒီရက်ပိုင်း မကြာမကြာ စကားစမြည်လာပြောရှာလေသည်။

“ရည်းစားက အခုမှ ထားမလို့ကြံတုန်းပါဗျ။ လူပျိုရှက်အောင် ခင်ဗျားကလည်း ပေါက်တတ်ကရ ပြောရော့မယ်။ အပါယ်လေးဘုံမှာပါတဲ့ ပြိတ္တာတွေအကြောင်း ဖတ်ကြည့်နေတာပါဗျ”

“ဆိုပါဦးရှင်.. ရှင်က ပြိတ္တာအကြောင်း စိတ်ဝင်စားလို့လား”

“ပြိတ္တာအကြောင်း စိတ်ဝင်စားတာပေါ့ဗျာ။ ကျွန်တော်တို့ဗုဒ္ဓဘာသာတွေဟာ သေပြီးတဲ့နောက် ပြိတ္တာဘုံမှမဟုတ်ဘူး၊ ငရဲပြည်ရော၊ တိရစ္ဆာန်ဘဝရော၊ ပြိတ္တာဘဝရော၊ အသူရကာယ်ဘဝရော မရောက်ချင်ကြဘူးလေ မစာဥရဲ့။ ကျွန်တော်လည်း အဲဒါကြောင့် အပါယ်လေးဘုံက လွတ်မြောက်ကြောင်းတရားကို ဖတ်ရှုနှလုံးသွင်းရတာပေါ့”

“အမေကပြောဖူးတယ်ရှင့်။ မြင်အပ်မမြင်အပ်တဲ့ ၃၁ ဘုံသားတွေထဲမှာ ဖုတ်ပြိတ္တာ ဘီလူးတွေက အဆမတန်များတယ်တဲ့။ သူတို့ဟာ အမြဲတမ်းကမ္ဘာလောကကြီး ပျက်စီးဖို့ ကြိုးစားနေကြတာတဲ့။ ဒါပေမယ့် သူတို့က အရိယာသူတော်ကောင်းတွေ၊ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကြည်ညိုသူတွေကိုတော့ ကြောက်ရွံ့ကြသတဲ့။ ဒါကြောင့် အဲဒီလိုလူတွေကိုတော့ မဖျက်ဆီးနိုင်ဘူးပေါ့ရှင်”

“မှန်တာပေါ့ဗျာ။ ဝေသာလီပြည်မှာ အငတ်ဘေး၊ လူဆိုးသူခိုးဘေး၊ ရောဂါဘေးနဲ့ ကြုံပြီး တိုင်းပြည်ပျက်စီးခါနီးမှာ မြတ်စွာဘုရားရဲ့ ရဟန်းသံဃာတော်တွေက ရတနသုတ်ပရိတ်တော်ကို မြို့တွင်းလှည့်လည်ရွတ်ဆိုကြသတဲ့။ အဲဒီမှာ မိုးကြီးဖြိုင်ဖြိုင်ရွာသွန်းပြီး လူတွေသေစေအောင် ကြိုးပမ်းနေကြတဲ့ ဘီလူးတွေ၊ ပြိတ္တာတွေဟာ ထွက်ခွာသွားခဲ့ကြရသလို မကောင်းတဲ့အနန္တအသက်တွေ၊ လူသေကောင်တွေနဲ့ အနိဋ္ဌာရုံတွေ လွင့်စင်ပြီး အေးချမ်းခဲ့ရတယ်ဗျ။ အခုတော့ဗျာ ကျွန်တော်တို့တိုင်းပြည်မှာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို အလေးမထားတော့တာတွေ မြင်ရတိုင်း မကောင်းဆိုးဝါးတွေ ပျော်နေကြပြီဆိုပြီး ကျွန်တော်ဖြင့် စိတ်မကောင်းဖြစ်မိတယ် မစာဥရယ်”

“ဟုတ်ပ့ါရှင်။ ဟိုရက်ကပဲ နိုင်ငံတော်သံဃနာယကအဖွဲ့က ကန့်ကွက်တယ်ဆိုပြီး စာအတွေ ထွက်လာသေးတယ်လေ။ အမှန်ကဖြင့် ဆရာတော်ကြီးတွေက အေးအေးချမ်းချမ်း သီတင်းသုံးနေကြလေရဲ့။ ဒါတင်မကသေးဘူးလေ တပ်မတော်က ကိုးကွယ်ပါတယ်ဆိုပြီး အချို့ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေကို စော်ကားပြောဆိုနေလိုက်ကြတာရှင်။ ကြားတောင်မကြားဝံ့ပါဘူး။ ရတနာသုံးပါးကို ပြစ်မှားနေတာဟာ သာသနာကွယ်ဖို့အကြောင်းအထိ ဖြစ်လာနိုင်တယ်ရှင့်။ ဒါမျိုးကတော့ လက်မခံနိုင်ပါဘူးရှင်”

“ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာတင် မဟုတ်ပါဘူးဗျာ။ ဘယ်ဘာသာမဆို လူသားအချင်းချင်း မေတ္တာထားရမယ်လို့ ဆိုထားတာပါ။ အခုဟာက ကုသိုလ်နဲ့ အကုသိုလ်၊ မှန်နဲ့ အမှားကို မကွဲကြတော့ဘူးဗျ။ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက ကိုယ်ပြုသည့်ကံက ကိုယ့်ထံမှာပဲရှိပါတယ်ဗျာ။ ကုသိုလ်များများပြုတဲ့သူက ကောင်းသောအကျိုးကို ခံစားရမယ်၊ အကုသိုလ်များများပြုသူက အကုသိုလ်ကံအကျိုးပေးကို မလွဲမသွေခံစားရမှာပဲ။ ဒါကိုဘယ်သူမှ ရှောင်လွှဲလို့မရပါဘူး။ မကောင်းတဲ့သူက သူ့ကံနဲ့သူ မကောင်းတာဖြစ်မယ်လေဗျာ”

“ပြိတ္တာတွေက အမျှဝေသံကြားတဲ့အခါ သာခုခေါ်ဆိုနိုင်ပြီး ပိုမိုကောင်းမွန်တဲ့ဘဝတစ်ခုကို ကူးပြောင်းနိုင်တယ်ဆိုပြီး ကြားဖူးတယ်ရှင့်။ ဒါကြောင့် ကျွန်မက နေ့စဉ်ဘုရားရှိခိုးပြီးတိုင်း အမျှဝေတယ်။ အမျှဝေတဲ့အခါမှာလည်း ကြေးစည်လေးတီးပြီး ကျယ်ကျယ်ရွတ်တယ်။ ဒါမှ ပြိတ္တာတွေ အမျှရပြီး ပိုမိုကောင်းမွန်တဲ့ဘဝကို ကူးပြောင်းနိုင်အောင်ပေါ့ရှင်။ ကျွန်မသိချင်တာက အဲဒီလို အမျှဝေသံကို သူတို့ တကယ်ကြားနိုင်သလားဆိုတာ သိချင်တယ်ရှင့်”

“ဒါကတော့ ခံယူသူအပေါ် မူတည်တာပေါ့ မစာဥရယ်။ ခင်ဗျားဘယ်လောက် အမျှဝေဝေ ပြိတ္တာက သာခုမခေါ်ရင် ဒီဘဝက ဘယ်လွတ်မလဲဗျာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက် စစ အရေးအခင်းတုန်းက သေဆုံးသွားတယ်။ သူ့မိသားစုကို မှာခဲ့သတဲ့ သူသေရင် အမျှမဝေပါနဲ့၊ ဒီမိုကရေစီရမှ အမျှဝေပါတဲ့။ သူက ဘယ်ဘဝရောက်သွားသလဲတော့မသိဘူး။ သူ့အိမ်ကတော့ သူ့ကို အမျှလုံးလုံး မဝေဘူးတဲ့ဗျ။ နောက် ထပ်ကြားဖူးတာလည်း ရှိသေးတယ်။ ပြိတ္တာတွေမှာ စီနီယာ၊ ဂျူနီယာရှိတာပေါ့ဗျာ။ အချို့ ပြိတ္တာစီနီယာကြီးတွေက ပြိတ္တာဂျူနီယာတွေကို အမျှဝေသံကြားပြီး ကျွတ်လွတ်သွားမှာစိုးလို့ အမျှဝေသံမကြားနိုင်တဲ့ အဝေးကိုခေါ်သွားတာမျိုး။ သူတို့နားတွေကို မကြားနိုင်အောင်ဖန်ဆင်းလို့ ရသလောက်လေးနဲ့ ဖန်ဆင်းကာကွယ်တတ်တယ်တဲ့။ ဒါကြောင့် အချို့ ဂျူနီယာပြိတ္တာတွေဟာ သာခု ခေါ်ခွင့်ရဖို့ဆိုတာ တော်တော်မလွယ်တာတဲ့ဗျာ။ ဒါကြောင့် အချို့အသုဘရှုပွဲ မြေချတရားနာတဲ့အခါ ဆရာတော်တွေက ဘယ်နေ့ဘယ်ရက်က သေဆုံးသွားတဲ့ ဘယ်သူဆိုတာကို ထည့်ပြောပြီး အမျှဝေနိုင် အောင်ကြိုးစားတာပေါ့။ မတော်၍များ အမျှဝေသံကို သူမကြားနိုင်ရင် တောစောင့်နတ်၊ တောင်စောင့်နတ်တွေကနေတစ်ဆင့် သူ့ကို အသိပေးနိုင်အောင်လို့ပေါ့ဗျာ။ ဒါကလည်း ပြိတ္တာဘဝရောက်နေပြီး သာခုခေါ်ခွင့်ရတဲ့ ပြိတ္တာအမျိုးအစားဖြစ်နေမှနေဉ်။ မဟုတ်ဘဲ နတ်ပြည်ရောက်နေတာတို့၊ ငရဲပြည် ရောက်နေတာတို့၊ တိရစ္ဆာန်ဘဝရောက်နေတာတို့ ဆိုရင်တော့ အမျှဝေသံက သူတို့အတွက် အကျိုးမပေးနိုင်ဘူးပေါ့”

“သနားစရာပါပဲရှင်.. ပြိတ္တာဖြစ်ရင် သာခုခေါ်ခွင့်ရဖို့ တော်တော်အရေးကြီးတာပဲရှင့်”

“အဲဒါက ပြိတ္တာဘဝမှာပဲ အရေးကြီးတာလားဗျာ။ အခုလက်ရှိ ကျွန်တော်တို့ လူ့ဘဝမှာရော နားပိတ်၊ မျက်စိပိတ်ခြင်းခံထားရပြီး အဆိုးအကောင်း မခွဲခြားတတ်တဲ့သူတွေဟာ ပြိတ္တာဖြစ်ပြီး အမျှမရ သာခုမခေါ်နိုင်တဲ့သူတွေလိုပဲဗျ။ နိုင်ငံအတွက် အစိုးရကနေ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေတယ်။ အမှန်တရားတွေဟာ အခု နှစ်လတာအတွင်းမှာ အများကြီးပေါ်ထွက်လာခဲ့ပြီ။ ဒါတွေကို MRTV တို့၊ မြဝတီတို့လို ရုပ်မြင်သံကြားလိုင်းတွေမှာ အကြိမ်ကြိမ် ထုတ်လွှင့်ပြသတယ်။ အစိုးရသတင်းစာတွေမှာ အတိအလင်းဖော်ပြတယ်။ အခြေအနေမှန်ကို နားလည်ပြီး တိုင်းပြည်ကို မထိခိုက်စေလိုတဲ့သူတွေက လူမှုကွန်ရက်တွေကနေ ရှင်းပြတယ်။ အဲဒါတွေ ကြားနေကြမှာစိုးလို့ ည ၈ နာရီသတင်းလာချိန်မှာ သံပုံးတီးခိုင်းထားတယ်ဗျာ။ သတင်းစာတွေမဖတ်နိုင်အောင် အမျိုးမျိုးတားဆီးထားတယ်ဗျာ။ လူမှုကွန်ရက်မှာ ထောက်ပြသူတွေကိုကျတော့ ရီပို့(Report) ပိုင်းထုတ်ကြသတဲ့ဗျာ။ သဘောကတော့ သတင်းအမှန်ကို သိသွားရင် ပြည်သူတွေ အသိတရားဝင်လာကြမှာ စိုးရိမ်တယ်လေဗျာ။ စီနီယာပြိတ္တာတွေက သူတို့ချည်း ကျန်မှာစိုးလို့ ကျွတ်ချိန်တန်တဲ့ ဂျူနီယာပြိတ္တာတွေကို အမျှဝေသံမကြားနိုင်အောင် ကာဆီးနေကြတာနဲ့ မတူဘူးလားဗျာ”

“အမလေး ရှင့်ရဲ့ ဥပမာက တော်တော်ကို ပြောင်မြောက်ပါပေတယ်ရှင်။ ပြိတ္တာဖြစ်ရင်တောင် သာခုမခေါ်နိုင်တဲ့ဘဝတော့ မရောက်ချင်ပါဘူးရှင်”

“အဲဒါဆိုရင် အခုလူ့ဘဝမှာလည်း နားကန်း၊ မျက်မမြင် ပြိတ္တာမလေးမဖြစ်စေနဲ့ မစာဥရဲ့။ သတင်းအမှန်တွေကို များများဖတ်ရတယ်ဗျ။ ဖတ်တဲ့နေရာမှာလည်း တစ်ဖက်ပိတ် မဖြစ်စေနဲ့ပေါ့ဗျာ။ အကြောင်းအရာတစ်ခုကို စေ့ငုနိုင်အောင် အဘက်ဘက်က ထောင့်စုံအောင် တွေးခေါ်မြော်မြင်ဖို့လည်း လိုတာပေါ့။ ဒါမှခင်ဗျား အမှန်နဲ့နီးပြီး သာခုခေါ်လိုက်လို့ အကုသိုလ်ကြွေးကျေတဲ့ ပြိတ္တာမလေးလို ဘဝကူးကောင်းသွားမပေါ့ဗျာ”

“နိုင်းစရာရှားလို့ ကျွန်မကိုများ ပြိတ္တာနဲ့နှိုင်းရသလား ကိုသံချောင်းရဲ့။ ရှင်ဟာလေ တော်တော်ကို အပေါင်းအသင်း လုပ်ချင်စရာမကောင်းတဲ့ လူမျိုးပဲ။ ရှင်သာ မတော်တဆ ပြိတ္တာဖြစ်ရင် သာခုမခေါ်နိုင်တဲ့ နားကန်းပြိတ္တာဖြစ်ပါစေလို့ ကျွန်မကဆုတောင်းတယ်သိလား”

ပြောပြောဆိုဆိုနှင့်ပင် အပျိုကြီးမစာဥ တစ်ယောက် စိတ်ဆိုးကာ ထွက်ခွာသွားလေသည်။ ထိုညတွင် မစာဥ၏ ဘုရားရှိခိုးသံအဆုံး အမျှဝေသံကို ကြေးစည်သံလေးနှင့် တွဲဖက်ကာ ခပ်ကျယ်ကျယ် ကြားမိသည်။ ကျွတ်ချိန်တန်သည့် ပြိတ္တာများအားလုံး အမျှဝေသံကိုကြားရအောင် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ ဆောင်ကြဉ်းပေးပါစေဟု ကိုသံချောင်းဆုတောင်းရင်း သာခု၊ သာခု၊ သာခု (ကောင်းလေစွ) ဟူ၍ ဗုဒ္ဓဘာသာဝင်ပီပီ သာခုခေါ်မိနေလေပြီ။

**“အဲဒါဆိုရင် အခုလူ့ဘဝမှာလည်း နားကန်း၊ မျက်မမြင် ပြိတ္တာမလေးမဖြစ်စေနဲ့ မစာဥရဲ့။ သတင်းအမှန်တွေကို များများဖတ်ရတယ်ဗျ။ ဖတ်တဲ့နေရာမှာလည်း တစ်ဖက်ပိတ်မဖြစ်စေနဲ့ပေါ့ဗျာ။ အကြောင်းအရာတစ်ခုကို စေ့ငုနိုင်အောင် အဘက်ဘက်က ထောင့်စုံအောင် တွေးခေါ်မြော်မြင်ဖို့လည်း လိုတာပေါ့။ ဒါမှခင်ဗျား အမှန်နဲ့နီးပြီး သာခုခေါ်လိုက်လို့ အကုသိုလ်ကြွေးကျေတဲ့ ပြိတ္တာမလေးလို ဘဝကူးကောင်းသွားမပေါ့ဗျာ”**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပံကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) နှင့် ကော်မတီဝင်များ၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပံကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ သိပ္ပံကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)အား ဆုချီးမြှင့်သည်။



ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပံကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) အား ဆုချီးမြှင့်စဉ်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ ဖြစ်ကြသည့် မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)၊ ဦးစိုးမြင့်(စိုးမှူး)၊ ဒေါက်တာ တင်အောင်ရွှေ(သုတေ



သီ)၊ ဦးမြတ်စိုး(မြတ်စိုးလှိုင်)တို့က ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သောပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု တစ်ဆု၊ ၂၀၁၉ ခုနှစ်အတွက် တင်သွင်းလာသော စာမူပေါင်း ၈၂ စောင်ကို စာမူဆု စည်းကမ်းများနှင့်အညီ ဖတ်ရှုစိစစ်ခဲ့ပြီး ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစာပေ ဘာသာရပ်ငါးမျိုးမှ ဆုပေါင်း ၁၂ ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု သုံးဆု၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ပညာသင်ဆုနှစ်ဆုတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်ကာ ၁၉၉၂ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေက ၎င်း၏အသက် ၇၆ နှစ် အထိမ်းအမှတ် စာပေရန်ပုံငွေတစ်ရပ်အဖြစ် စာပေရန်ပုံငွေထူထောင်ရန် စာပေဆု မတည်ငွေ ငွေသားကျပ် ၇၆ သိန်းကို နိုင်ငံတော်သို့ လွှဲပြောင်းလှူဒါန်းခဲ့ရာမှ ပခုက္ကူစာပေဆုအဖြစ် အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ထိုစာပေဆုရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် နှစ်စဉ်ဆုများ ချီးမြှင့်ခဲ့ရာ ယခု ၂၀၁၉ ခုနှစ် စာပေဆုချီးမြှင့်ပွဲဆိုလျှင် ၂၇ ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ သတင်းစဉ်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဧပြီ ၂

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများကို Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၊ ကြံခင်းမြို့များရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# (၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

(၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲအကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conferenie Workshop) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ဆေးတက္ကသိုလ် Theatre ခန်းမတွင် ပြုလုပ်ပြီး တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အောင်မင်းဦး၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် ဌာနမှူးများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်မည့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) ကို "Blueprinting: Creating a Test blueprint" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည်။ ဆေးပညာသင်ကြားရေးဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဌာနမှူးများက နံနက်ပိုင်းအစီအစဉ်တွင် ဦးဆောင်ဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် သင်တန်းသားများက အုပ်စုခွဲလေ့ကျင့်ခန်းပြုလုပ်ပြီး အုပ်စုလိုက် Presentation များ တင်ပြကြသည်။ အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက်သူများအနေဖြင့် ဆေးပညာသင်ကြားရေးအတွက် အရေးကြီးအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် Blueprinting နှင့် စပ်လျဉ်းပြီး အသိအမြင်ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို မိမိတို့ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ထိထိရောက်ရောက်အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(၂၈) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ဆင်ဖြူရှင်ခန်းမတွင် ဧပြီ ၅ ရက်မှ ဧပြီ ၇ ရက်အထိ Online စနစ်ဖြင့် Virtual Conference ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**




စာမျက်နှာ ၈ မှ

နိုဘယ်ဆုရှင်ဆန့်ကျင်ရေး ပါတီနိုင်ငံရေးသမား ဒေါ်အောင်ဆန်းစုကြည်ကိုလည်း လွှတ်မြောက်ခွင့် ပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် သူမသည် အစိုးရ၏ ရာထူးကြီးကြီးမားမား နေရာကောင်းများကို ယူနိုင်လာခဲ့ပါသည်။

ထိုအခြေအနေအထိရောက်ပြီးကာမှ ဘယ်အကြောင်းကြောင့်များ သူမကို လွှတ်ပေးခဲ့သည့် တပ်မတော်နှင့် ပြဿနာတက်ကာ နောက်တစ်ကြိမ် ပြန်လည်ထိန်းသိမ်း ခံခဲ့ရပါသလဲ။ အကြောင်းမှာ တပ်မတော်က သူမအပေါ်ထားရှိသည့် သဘောထားကြီးမားမှုနှင့် အပြန်အလှန် နားလည်မှုများကို လျစ်လျူရှုကာ တပ်မတော်က ထိန်းညှိပေးထားသည့် နိုင်ငံရေးချိန်ခွင်လျှာ ဟန်ချက် ပျက်ပြားစေလိုသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်၏ အခန်းကဏ္ဍများကို မှေးမှိန်ပျောက်ကွယ်စေနည်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်ခဲ့သည့်အတွက် ဖြစ်သည်ဟု ပြောချင်ပါသည်။

**ချစ်ကြည်ရေးကို တည်ဆောက်ထားခဲ့**

ထို့အပြင် သူမကိုယ်တိုင်သည်လည်း နိုင်ငံရေးတွင် အမှားကင်းလှသည်တော့ မဟုတ်လှပါ။ သူမဦးဆောင်သည့်ပါတီ အာဏာရရှိလာပြီး နောက်ပိုင်းတွင် သိသိသာသာပင် အနောက်နိုင်ငံများ၏ ကြိုးကိုင်ထိန်းချုပ်မှုအောက်သို့ တဖြည်းဖြည်းတိုးဝင်လာခဲ့ပြီး Soros နှင့် အခြား NGO အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်း ခြေကုပ်ယူလာနိုင်ခဲ့ကြပြီး အမျိုးသားနိုင်ငံရေးကို ပျက်ပြားစေကာ လူငယ်ထု၏ မျိုးချစ်စိတ် နိုင်ငံ ချစ်စိတ်ကို အချိန်ယူအရောင်ဆိုးဖျက်ဆီးခဲ့သည့်အတွက် ယနေ့ မြန်မာနိုင်ငံတွင် ဆူပူဆန္ဒပြမှုများသည် လိုအပ်သည်ထက် အရှိန်အဟုန် ပြင်းထန်နေရခြင်း ဖြစ်ပါသည်။ အနောက်နိုင်ငံတို့၏ အမျိုးသားရေးဖျက် ပြည်သိမ်းတိုက်ပွဲတွင် ကိုယ်ကျိုးမက်ကာ စီးမျောလိုက်ပါနေခဲ့ကြသည့် နိုင်ငံရေးသမားတို့သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်သော တပ်မတော်၏ တုံ့ပြန်မှုကို ခံစားခဲ့ကြရခြင်းသာ ဖြစ်ပါသည်။ တပ်မတော်သည်လည်း အနောက်နိုင်ငံကို အာခံရဲသည့် သတ္တိနှင့် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းရန် တရုတ်နှင့် ရုရှားနိုင်ငံတို့နှင့် ကောင်းမွန်သော ချစ်ကြည်ရေးကို တည်ဆောက်ထားခဲ့ပြီး ဖြစ်ပါသည်။

> **"Soros နှင့် အခြား NGO အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်း ခြေကုပ်ယူလာနိုင်ခဲ့ကြပြီး အမျိုးသားနိုင်ငံရေးကို ပျက်ပြားစေကာ လူငယ်ထု၏ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ကို အချိန်ယူအရောင်ဆိုးဖျက်ဆီးခဲ့သည့်အတွက် ယနေ့ မြန်မာနိုင်ငံတွင် ဆူပူဆန္ဒပြမှုများသည် လိုအပ်သည်ထက် အရှိန်အဟုန်ပြင်းထန်နေရခြင်း ဖြစ်ပါသည်။ အနောက်နိုင်ငံတို့၏ အမျိုးသားရေးဖျက် ပြည်သိမ်းတိုက်ပွဲတွင် ကိုယ်ကျိုးမက်ကာ စီးမျောလိုက်ပါနေခဲ့ကြသည့် နိုင်ငံရေးသမားတို့သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်သော တပ်မတော်၏တုံ့ပြန်မှုကို ခံစားခဲ့ကြရခြင်းသာ ဖြစ်"**

အမှန်တရားတစ်ခုမှာ ဒီမိုကရေစီဆိုတဲ့စကားသံများ၊ လူ့အခွင့်အရေးဆိုတဲ့ အော်ဟစ်သံများကြားတွင် အမှန်တကယ်ရင်ဆိုင်နေရသည် မှာ ပထဝီဝင်နိုင်ငံရေးတိုက်ပွဲတစ်ခုသာ ဖြစ်ပါသည်။ အားလုံးရင်းနှီးပြီးသား ဓာတ်လမ်းတစ်ပုဒ်ပင် မဟုတ်ပါလား။ မြန်မာနိုင်ငံအတွင်း ဆူပူဆန္ဒပြသူများအကြား တရားဥပဒေအရ ဖြို့ခွင်းထိန်းသိမ်းရာတွင် အသက်ဆုံးရှုံးမှုရှိလာတိုင်း "အပြစ်မဲ့ပြည်သူတွေကို စစ်သားနဲ့ ရဲတွေက သတ်နေပါတယ်" ဆိုတဲ့ ဓာတ်ပြားဟောင်းကြီးရဲ့ နောက်တွင် အနောက်နိုင်ငံ၏ သွေးထိုးလှုံ့ဆော်ထောက်ပံ့မှုဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်နေကြသူများမှာ ၎င်းတို့ထင်သလို အပြစ်မဲ့မဟုတ်ဘဲ နိုင်ငံရေးအသိဉာဏ်မဲ့သူများသာ ဖြစ်ကြပါသည်။

**နိုင်ငံရေးထုတ်ကုန် ကုန်ကြမ်းတစ်ခု**

မိတ်ဆွေတို့အနေဖြင့် ထိုအဖြစ်အပျက်များကို သင်ခန်းစာယူကာ "အာဏာရှင်တော်လှန်ရေး"၊ "ပြည်သူတို့၏ အောင်ပွဲ" ဟူသော စကားများကို ကြားတိုင်း ထိုဖြစ်စဉ်တို့၏ နောက်တွင်ရှိသည့် ဆန့်ကျင်ဘက် နှစ်ခု၏ ခေါင်းဆောင်များအကြောင်းနှင့် ဖြစ်စဉ်အစအဆုံးကို ဆက်လက်လေ့လာရန် မမေ့ဖို့ သတိပေးလိုပါသည်။ မြန်မာ့ဒီမိုကရေစီ၏ မိခင်ဟု သမုတ်နေကြသည့် ဒေါ်အောင်ဆန်းစုကြည်မှာ ဘယ်လိုလူလဲ ဆိုတာ ရှင်းပါသည်။ အနောက်နိုင်ငံထုတ် "နိုင်ငံရေး ထုတ်ကုန်ကုန်ကြမ်း" တစ်ခုသာဖြစ်ပြီး မိမိ၏ ကျော်ကြားမှုကို အသုံးပြုကာ ထင်ရာစိုးမည့် သမိုင်းရှင်သာ ဖြစ်ပါသည်။ တစ်ဖက်က တပ်မတော်၏ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆိုသူမှာ နိုင်ငံရေးအရ စိတ်ဝင်စားစရာ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ ၎င်းအနေဖြင့် တိုင်းပြည်တာဝန်ထမ်းရွက်ခဲ့သည့် သမိုင်းတစ်လျှောက်ကို ပြန်လည်လေ့လာကြည့်ရင် တိုင်းပြည်အတွက် ဘယ်လိုလူလဲဆိုတာ ကောင်းကောင်းကြီး တွေ့မြင်ရမည်ဖြစ်ပါသည်။

သို့သော် ယခုအချိန်တွင် သူ့အတွက် အခက်ခဲဆုံးသော ပုစ္ဆာကို တွက်ချက်နေရပြီ ဖြစ်ပါသည်။ တစ်ဖက်တွင် တိုင်းပြည်ကို ဖျက်မည့်ရန်မှ ကာကွယ်ရန် အမျိုးသားရေးတာဝန်ရှိသလို အခြားတစ်ဖက်တွင် နိုင်ငံရေးမှိုင်းမိနေသော တိုင်းပြည်၏ အနာဂတ်ဖြစ်သည့် လူငယ်ထု ရှိနေပါသည်။ တာဝန်အရ ပစ်လွှတ်မည့် ကျည်ဆန်များအောက်တွင် တိုင်းပြည်အနာဂတ်အချို့ ရှိသော်လည်း တရားမျှတမှုနှင့် ရိုးသားမှုအပြည့်ရှိသော ထိုလူငယ်များ အမှန်တကယ်လိုလားသည့် စစ်မှန်သော ဒီမိုကရေစီ ရရှိရေးအတွက် ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရန် တည်ငြိမ် အေးချမ်းမှုကို ဖော်ဆောင်ရင်း အမုန်းခံဘဝနှင့် ရင်ဆိုင်နေရရှာသူ မေတ္တာရှင် စစ်သားကြီးတစ်ဦးလို့သာ ဆိုချင်ပါတော့သည်။ ဤပုစ္ဆာသည် ခက်ခဲလွန်းလှပါသည်။ ကမ္ဘာ့နိုင်ငံကြီးများ၏ကျော်ကြားလှသော ခေါင်းဆောင်အချို့ပင် မှန်မှန်ကန်ကန်တွက်ချက်နိုင်ရန် မဖြစ်နိုင်ခဲ့သော ပုစ္ဆာဟောင်းတစ်ပုဒ်ဖြစ်ပါသည်။ သို့သော် ဘီလာရုစ်နိုင်ငံသူ နိုင်ငံသားများအနေဖြင့် သဘောပေါက် နားလည်ရမည်မှာ ဤပုစ္ဆာကို အမှားအနည်းဆုံးဖြင့် တွက်ချက်နိုင်သည့် ဘီလာရုစ် အစိုးရ၏ တန်ဖိုးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အခြေအနေအားလုံးကိုလည်း နားလည်သဘောပေါက် ကိုယ်ချင်းစာပါကြောင်း ဤဆောင်းပါးမှ ပြောကြားလိုက်ရပါသည်။

Belarus Today အင်တာနက်သတင်းစာမျက်နှာတွင် ရုရှား ဘာသာဖြင့် ဖော်ပြသည့် သတင်းဆောင်းပါး Link ။ https:// www.sb.by/articles/ne-dat-razorvat-stranu.html

(စာရေးသူ၏အာဘော်သာဖြစ်ပါသည်။)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

## ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင်ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မဲရုံပေါင်း ၁၉၁ ရုံ | ၂၉၃၁၇၆ | ၁၉၉၇၉၁ | ၂၆၁၆၈ | ၂၉၈၈ | ၃၄၁၀၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မဲရုံပေါင်း ၂၀၄ ရုံ | ၁၁၅၂၃၂ | ၁၀၄၈၂၂ | ၁၀၀၄၁ | ၆၇၂ | ၁၁၅၃၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၉၅ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၅၄၇၂၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၃၄၄၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၁၂၇၉၊ မြေပြင်လက်ကျန် ၁၀၇၇၀၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၇၀၂၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၄၅၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မုံရွာမြို့နယ် | ၁၉၁ | ၃၁၉၉၇၂ | ၂၃၇၁၇၈ | ၈၂၇၉၄ | ၇၄၂၁၄ | ၁၁၉၁၈ | ၃၃၃၈ |
| ၂ | တံတားဦးမြို့နယ် | ၂၀၄ | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |
| | စုစုပေါင်း | ၃၉၅ | ၄၅၄၇၂၄ | ၃၃၃၄၄၅ | ၁၂၁၂၇၉ | ၁၀၇၇၀၃ | ၁၇၀၂၇ | ၃၄၅၁ |

### မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ မဲရုံပေါင်း ၁၉၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၃၁၉၉၇၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၇၁၇၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၂၇၉၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၄၂၁၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၀၂၀၀၀ | ၂၃၅၇၇၈ | ၆၆၂၂၂ | ၅၇၆၄၂ | ၁၁၉၁၈ | ၃၃၃၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၀၀ | ၁၄၀၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၅၇၂ | | ၁၆၅၇၂ | ၁၆၅၇၂ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၃၁၉၉၇၂ | ၂၃၇၁၇၈ | ၈၂၇၉၄ | ၇၄၂၁၄ | ၁၁၉၁၈ | ၃၃၃၈ |

၆။ မုံရွာမြို့နယ်၊ ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ မဲရုံ ၁၉၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၁၉၁၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃၃၃၈ အပို တွေ့ရှိရပါသည်။ ရန်ကင်းရပ်ကွက်၊ သလ္လာရပ်ကွက်နှင့် အခြားရပ်ကွက်/ကျေးရွာအုပ်စု ၂ ခုမှ သီးခြားလာရောက် အပ်နှံသော မဲလက်မှတ် ၁၅၀၈ စောင် စစ်ဆေးတွေ့ရှိရပါသည်။

၇။ မြေပြင်စစ်ဆေးခဲ့ရာတွင် ထူးခြားမှုအနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်ကျေးရွာအမည် စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း မုံရွေးကျေးရွာအုပ်စု မဲရုံအမှတ် (၂) တွင် ထိုသို့ဖြည့်သွင်းရေးသားထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း ၁၉၇ စောင်ကို စစ်ဆေးတွေ့ရှိရပါသည်။

၈။ မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရွှေပြည်အေးရပ်ကွက် | ၅၉၀၀ | ၄၃၉၇ | ၁၅၀၃ | ၇၀၃ | ၈၀၀ | |
| ၂ | ဗန္ဓုလရပ်ကွက် | ၇၂၅၀ | ၆၀၅၅ | ၁၁၉၅ | ၁၀၄၇ | ၁၄၈ | |
| ၃ | စစ်ပင်ရပ်ကွက် | ၅၀၅၀ | ၃၂၉၉ | ၁၇၅၁ | ၆၅၅ | ၁၀၉၆ | |
| ၄ | အလုံရပ်ကွက် | ၅၇၅၀ | ၄၂၅၆ | ၁၄၉၄ | ၁၂၄၆ | ၂၄၈ | |
| ၅ | အိုးဘိုတောင်ရပ်ကွက် | ၄၈၅၀ | ၃၇၁၀ | ၁၁၄၀ | ၁၀၆၀ | ၈၀ | |
| ၆ | မြို့သစ်ရပ်ကွက် | ၅၂၅၀ | ၃၈၆၈ | ၁၃၈၂ | ၃၈၂ | ၁၀၀၀ | |
| ၇ | ကျွဲကြီးရပ်ကွက် | ၆၅၅၀ | ၅၁၀၅ | ၁၄၄၅ | ၁၅၃၃ | | ၈၈ |
| ၈ | အောင်ချမ်းသာရပ်ကွက် | ၈၀၀၀ | ၅၆၀၆ | ၂၃၉၄ | ၁၇၈၆ | ၆၀၈ | |
| ၉ | ကန်သာဦးရပ်ကွက် | ၅၁၀၀ | ၄၀၀၇ | ၁၀၉၃ | ၁၀၅၀ | ၄၃ | |
| ၁၀ | လယ်တီရပ်ကွက် | ၂၅၀၀ | ၂၀၂၇ | ၄၇၃ | ၄၇၃ | | |
| ၁၁ | ရတနာပုံရပ်ကွက် | ၅၄၅၀ | ၄၃၆၇ | ၁၀၈၃ | ၁၀၈၃ | | |
| ၁၂ | ချမ်းမြသာစည်ရပ်ကွက် | ၃၆၀၀ | ၂၈၂၇ | ၇၇၃ | ၇၂၃ | ၅၀ | |
| ၁၃ | ဘုန်းစိုးရပ်ကွက် | ၃၈၅၀ | ၃၀၉၄ | ၇၅၆ | ၇၆၄ | | ၈ |
| ၁၄ | သလ္လာရပ်ကွက် | ၉၄၀၀ | ၇၄၈၄ | ၁၉၁၆ | ၁၉၂၀ | | ၄ |
| ၁၅ | ချမ်းမြဝတီရပ်ကွက် | ၈၀၅၀ | ၆၁၅၇ | ၁၈၉၃ | ၂၂၄၃ | | ၃၅၀ |
| ၁၆ | ပြည်တော်သာရပ်ကွက် | ၄၃၅၀ | ၂၈၀၆ | ၁၅၄၄ | ၁၂၉၄ | ၂၅၀ | |
| ၁၇ | ဒေါနခြံရပ်ကွက် | ၄၆၀၀ | ၂၈၃၅ | ၁၇၆၅ | ၁၁၆၅ | ၆၀၀ | |
| ၁၈ | ရွှေဇလုပ်ရပ်ကွက် | ၃၆၅၀ | ၃၀၄၅ | ၆၀၅ | ၅၉၅ | ၁၀ | |
| ၁၉ | ဆူးလေကုန်းရပ်ကွက် | ၁၇၀၀ | ၁၄၄၂ | ၂၅၈ | ၂၅၈ | | |
| ၂၀ | ရုံးကြီးရပ်ကွက် | ၅၄၅၀ | ၄၂၆၄ | ၁၁၈၆ | ၄၈၆ | ၇၀၀ | |
| ၂၁ | ဘုရားကြီးရပ်ကွက် | ၂၆၀၀ | ၂၁၈၈ | ၄၁၂ | ၄၁၁ | ၁ | |
| ၂၂ | အောင်မင်္ဂလာရပ်ကွက် | ၂၄၀၀ | ၂၀၃၁ | ၃၆၉ | ၇၅ | ၂၉၄ | |
| ၂၃ | အလယ်ရပ်ကွက် | ၁၈၀၀ | ၁၄၉၉ | ၃၀၁ | ၃၀၁ | | |
| ၂၄ | မုံရွာတောင်ရပ်ကွက် | ၄၈၅၀ | ၃၈၂၀ | ၁၀၃၀ | ၆၃၈ | ၃၉၂ | |
| ၂၅ | အေးသာယာရပ်ကွက် | ၃၃၅၀ | ၂၇၄၅ | ၆၀၅ | ၅၉၅ | ၁၀ | |
| ၂၆ | မြဝတီရပ်ကွက် | ၁၃၃၅၀ | ၉၇၃၁ | ၃၆၁၉ | ၂၆၂၄ | ၉၉၅ | |
| ၂၇ | နန္ဒဝန်ရပ်ကွက် | ၁၆၃၀၀ | ၁၁၇၀၅ | ၄၅၉၅ | ၄၆၂၈ | | ၃၃ |
| ၂၈ | ထန်းတောရပ်ကွက် | ၁၂၀၅၀ | ၉၆၀၇ | ၂၄၄၃ | ၂၄၅၃ | | ၁၀ |
| ၂၉ | ရန်ကင်းရပ်ကွက် | ၇၀၀၀ | ၄၉၁၈ | ၂၀၈၂ | ၉၇၇ | ၁၁၀၅ | |
| ၃၀ | နတ်လှူထိပ်ပန်ရပ်ကွက် | ၇၂၀၀ | ၅၆၂၄ | ၁၅၇၆ | ၁၃၆၀ | ၂၁၆ | |
| ၃၁ | စက်မှုဇုန်ရပ်ကွက် | ၆၃၅၀ | ၅၀၃၃ | ၁၃၁၇ | ၁၃၁၁ | ၆ | |
| ၃၂ | ကျွဲရဲကျေးရွာအုပ်စု | ၅၀၅၀ | ၃၇၄၄ | ၁၃၀၆ | ၉၀၆ | ၄၀၀ | |
| ၃၃ | ကော်လပြကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၇၈ | ၄၂၂ | ၁၂၂ | ၃၀၀ | |
| ၃၄ | ဖန်းခါးကျင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၃၈၀ | ၈၂၀ | ၃၇၀ | ၄၅၀ | |
| ၃၅ | ပလ္လင်ကုန်းကျေးရွာအုပ်စု | ၂၃၅၀ | ၁၇၄၆ | ၆၀၄ | ၄၀၄ | ၂၀၀ | |
| ၃၆ | ကြို့ကြာကန်ကျေးရွာအုပ်စု | ၁၁၅၀ | ၆၈၃ | ၄၆၇ | ၃၅၅ | ၁၁၂ | |
| ၃၇ | မရိုးတောကျေးရွာအုပ်စု | ၁၁၀၀ | ၉၂၀ | ၁၈၀ | ၁၇၀ | ၁၀ | |
| ၃၈ | ခိုးသန်းကျေးရွာအုပ်စု | ၉၅၀ | ၈၉၂ | ၅၈ | ၅၈ | | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၃၉ | ကျောက်စစ်ပုံ(တ)ကျေးရွာအုပ်စု | ၉၅၀ | ၇၈၄ | ၁၆၆ | ၆၆ | ၁၀၀ | |
| ၄၀ | တဲကြီးကုန်းကျေးရွာအုပ်စု | ၈၅၀ | ၇၆၃ | ၈၇ | ၈၇ | | |
| ၄၁ | ကံပြားကျေးရွာအုပ်စု | ၁၄၅၀ | ၁၂၂၀ | ၂၃၀ | ၂၃၀ | | |
| ၄၂ | သာစည်ကျေးရွာအုပ်စု | ၂၄၀၀ | ၂၀၉၁ | ၃၀၉ | ၃၀၉ | | |
| ၄၃ | အင်တိုင်းကျေးရွာအုပ်စု | ၁၇၀၀ | ၁၅၀၆ | ၁၉၄ | ၁၄၄ | ၅၀ | |
| ၄၄ | မြင်းမီးလောင်ကျေးရွာအုပ်စု | ၁၁၀၀ | ၉၈၉ | ၁၁၁ | ၁၁၁ | | |
| ၄၅ | ကျောင်းကုန်းကျေးရွာအုပ်စု | ၂၅၀၀ | ၁၉၂၀ | ၅၈၀ | ၅၈၀ | | |
| ၄၆ | ကျောက္ကာ(မ)ကျေးရွာအုပ်စု | ၃၂၀၀ | ၂၆၉၃ | ၅၀၇ | ၅၀၇ | | |
| ၄၇ | ရောင်တော်ထုံးကျေးရွာအုပ်စု | ၂၁၅၀ | ၁၈၄၆ | ၃၀၄ | ၃၀၄ | | |
| ၄၈ | ရေကန်စုကျေးရွာအုပ်စု | ၁၁၅၀ | ၉၄၈ | ၂၀၂ | ၅၂ | ၁၅၀ | |
| ၄၉ | ထနောင်းဝင်းကျေးရွာအုပ်စု | ၁၁၅၀ | ၉၈၀ | ၁၇၀ | ၁၇၀ | | |
| ၅၀ | ရွာတုံကျေးရွာအုပ်စု | ၁၈၀၀ | ၁၄၆၃ | ၃၃၇ | ၃၃၇ | | |
| ၅၁ | ဒါန်းပင်တဲကျေးရွာအုပ်စု | ၁၅၅၀ | ၁၃၆၁ | ၁၈၉ | ၂၉၁ | | ၁၀၂ |
| ၅၂ | ဘူးတောင်းကန်ကျေးရွာအုပ်စု | ၉၀၀ | ၇၇၀ | ၁၃၀ | ၁၃၀ | | |
| ၅၃ | ဇီးကျွန်းကျေးရွာအုပ်စု | ၃၃၀၀ | ၂၈၂၀ | ၄၈၀ | ၄၈၀ | | |
| ၅၄ | ညောင်ပင်ကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၃၅ | ၃၆၅ | ၄၂၃ | | ၅၈ |
| ၅၅ | ကျောက်စစ်ပုံ(မ)ကျေးရွာအုပ်စု | ၁၀၀၀ | ၇၉၉ | ၂၀၁ | ၂၀၁ | | |
| ၅၆ | ကျောက္ကာ(တ)ကျေးရွာအုပ်စု | ၁၈၅၀ | ၁၅၅၇ | ၂၉၃ | ၂၉၃ | | |
| ၅၇ | တောင်မာတောကျေးရွာအုပ်စု | ၁၄၅၀ | ၈၆၆ | ၅၈၄ | ၅၈၄ | | |
| ၅၈ | လယ်ဖင်ကျေးရွာအုပ်စု | ၅၄၅၀ | ၄၃၁၇ | ၁၁၃၃ | ၁၀၃၂ | ၁၀၁ | |
| ၅၉ | တောင်ကြားကျေးရွာအုပ်စု | ၂၄၀၀ | ၂၃၉၅ | ၅ | ၆၅၅ | | ၆၅၀ |
| ၆၀ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၂၈၀၀ | ၂၅၄၅ | ၂၅၅ | ၂၆၇ | | ၁၂ |
| ၆၁ | ခတက္ကန်(မ)ကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၆၀ | ၅၄၀ | ၄၉၂ | ၄၈ | |
| ၆၂ | ခတက္ကန်(တ)ကျေးရွာအုပ်စု | ၂၅၀၀ | ၁၉၇၀ | ၅၃၀ | ၅၂၉ | ၁ | |
| ၆၃ | ကျီးအုပ်ကျေးရွာအုပ်စု | ၂၁၀၀ | ၁၈၁၃ | ၂၈၇ | ၂၈၇ | | |
| ၆၄ | မုံရွေးကျေးရွာအုပ်စု | ၄၉၀၀ | ၃၉၃၇ | ၉၆၃ | ၅၆၃ | ၄၀၀ | |
| ၆၅ | ကြေးမုံကျေးရွာအုပ်စု | ၂၅၀၀ | ၂၀၇၁ | ၄၂၉ | ၄၂၉ | | |
| ၆၆ | ပုရစ်ကုန်းကျေးရွာအုပ်စု | ၃၆၀၀ | ၂၉၂၂ | ၆၇၈ | ၄၂၈ | ၂၅၀ | |
| ၆၇ | မင်းရွာကျေးရွာအုပ်စု | ၂၈၅၀ | ၂၄၈၅ | ၃၆၅ | ၃၆၈ | | ၃ |
| ၆၈ | ဆည်ကြီးတောကျေးရွာအုပ်စု | ၃၃၀၀ | ၂၅၆၂ | ၇၃၈ | ၇၄၂ | | ၄ |
| ၆၉ | အောင်သာကျေးရွာအုပ်စု | ၂၂၀၀ | ၁၉၈၁ | ၂၁၉ | ၂၆၉ | | ၅၀ |
| ၇၀ | မအူကျေးရွာအုပ်စု | ၃၂၅၀ | ၂၈၁၉ | ၄၃၁ | ၄၈၁ | | ၅၀ |
| ၇၁ | မြေနဲကျေးရွာအုပ်စု | ၂၀၀၀ | ၁၆၆၀ | ၃၄၀ | ၃၉၀ | | ၅၀ |
| ၇၂ | ဘုဘကျေးရွာအုပ်စု | ၂၁၀၀ | ၁၆၅၉ | ၄၄၁ | ၄၄၁ | | |
| ၇၃ | ထနောင်းတောကျေးရွာအုပ်စု | ၂၆၅၀ | ၂၃၀၁ | ၃၄၉ | ၃၄၉ | | |
| ၇၄ | ကိုးရှင်းကျွန်းကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၇၅ | ၂၂၅ | ၂၂၅ | | |
| ၇၅ | ဆူးလေကုန်းကျေးရွာအုပ်စု | ၇၅၀ | ၆၁၀ | ၁၄၀ | ၁၄၀ | | |
| ၇၆ | ကျွန်းရွာသစ်ကျေးရွာအုပ်စု | ၁၅၅၀ | ၁၁၅၃ | ၃၉၇ | ၉၃ | ၃၀၄ | |
| ၇၇ | ပေါက်ပင်ကျေးရွာအုပ်စု | ၂၇၅၀ | ၂၃၅၁ | ၃၉၉ | ၄၄၉ | | ၅၀ |
| ၇၈ | ညောင်ဖြူပင်ကျေးရွာအုပ်စု | ၄၃၅၀ | ၃၃၈၄ | ၉၆၆ | ၁၁၂၀ | | ၁၅၄ |
| ၇၉ | ကျွန်းကြီးကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၉၇ | ၂၀၃ | ၃ | ၂၀၀ | |
| ၈၀ | သစ်ဆိမ့်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၆၉ | ၆၃၁ | ၅၃၂ | ၉၉ | |
| ၈၁ | ဘုမ္မနီးကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၂၇ | ၆၂၃ | ၆၂၃ | | |
| ၈၂ | ပုဏ္ဏားမော်ကျေးရွာအုပ်စု | ၁၃၅၀ | ၈၈၉ | ၄၆၁ | ၅၆၁ | | ၁၀၀ |
| ၈၃ | တောပုကျေးရွာအုပ်စု | ၂၄၀၀ | ၂၀၀၇ | ၃၉၃ | ၄၄၇ | | ၅၄ |
| ၈၄ | ကျပိုင်ကျေးရွာအုပ်စု | ၂၄၅၀ | ၂၀၉၃ | ၃၅၇ | ၃၅၆ | ၁ | |
| ၈၅ | နတ်ကြီးကျွန်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၅၂၀ | ၄၃၀ | ၃၄၀ | ၉၀ | |
| သီးခြားအပ်နှံသည့်မဲလက်မှတ် | | | | | ၁၅၀၈ | | ၁၅၀၈ |
| မဲရုံ+ရပ်ကျေးပေါင်း | | ၃၀၂၀၀၀ | ၂၃၅၇၇၈ | ၆၆၂၂၂ | ၅၇၆၄၂ | ၁၁၉၁၈ | ၃၃၃၈ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၄၀၀ | ၁၄၀၀ | | | | |
| မြို့နယ်အရန်လက်ကျန်မဲလက်မှတ် | | ၁၆၅၇၂ | | ၁၆၅၇၂ | ၁၆၅၇၂ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၃၁၉၉၇၂ | ၂၃၇၁၇၈ | ၈၂၇၉၄ | ၇၄၂၀၄ | ၁၁၉၁၈ | ၃၃၃၈ |

## တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စု၊ မဲရုံပေါင်း ၂၀၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၃၄၇၅၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၆၂၆၇ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၈၄၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၃၄၈၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၂၂၅၆ | ၉၅၉၇၇ | ၃၆၂၇၉ | ၃၁၂၈၃ | ၅၁၀၉ | ၁၁၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၉၀ | ၂၉၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၂၀၆ | | ၂၂၀၆ | ၂၂၀၆ | | |
| | စုစုပေါင်း | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |

၁၀။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ တံတားဦးမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စု မဲရုံပေါင်း ၂၀၄ ရုံတွင် မဲလက်မှတ်အရေအတွက် ၅၁၀၉ ပျောက်ဆုံးနေပြီး ၁၁၃ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၂၉၀ ကို အသုံးပြုထားပြီး ၂၂၀၆ စောင်အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၁။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၆ | ၃၆၀၀ | ၂၁၇၉ | ၁၄၂၁ | ၁၁၂၁ | ၃၀၀ | |
| ၂ | အောင်သာကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၀၀၆ | ၅၄၄ | ၅၂၉ | ၁၅ | |
| ၃ | ချောင်းခွကျေးရွာအုပ်စု | ၅ | ၃၉၀၀ | ၃၀၆၈ | ၈၃၂ | ၈၃၀ | ၂ | |
| ၄ | ချောင်းဆုံကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၂၉ | ၅၂၁ | ၃၇၁ | ၁၅၀ | |
| ၅ | အင်ကန်ကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၇၇၄ | ၈၂၆ | ၈၂၄ | ၂ | |
| ၆ | ငွေးဆောင်ကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၈၈၆ | ၅၆၄ | ၅၆၄ | | |
| ၇ | ကဘိုကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၁၂ | ၂၈၈ | ၂၈၅ | ၃ | |
| ၈ | ကြပ်ပြင်ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၁၁၁၀ | ၄၄၀ | ၃၄၀ | ၁၀၀ | |
| ၉ | ကျွဲစွယ်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၅၃ | ၃၉၇ | ၂၄၇ | ၁၅၀ | |
| ၁၀ | လဝကဲကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၄၇ | ၂၅၃ | ၂၅၃ | | |
| ၁၁ | ကန်ချောရွာကျေးရွာအုပ်စု | ၅ | ၂၉၀၀ | ၂၀၆၅ | ၈၃၅ | ၄၈၅ | ၃၅၀ | |
| ၁၂ | မြိုင်သာရွာကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၇၇ | ၃၇၃ | ၃၇၃ | | |
| ၁၃ | မြင်းစိုင်းကျေးရွာအုပ်စု | ၄ | ၂၁၅၆ | ၁၅၉၃ | ၅၆၃ | ၄၁၂ | ၁၅၁ | |
| ၁၄ | ရွှေမိုးမြေကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၂၄၈ | ၄၀၂ | ၄၀၂ | | |
| ၁၅ | ဇေဝင်ရိုင်းကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၉၆ | ၂၀၄ | ၁၅၄ | ၅၀ | |
| ၁၆ | နွားတော်ကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၀၈ | ၂၉၂ | ၂၉၂ | | |
| ၁၇ | နွားခြံကြီးကုန်းကျေးရွာအုပ်စု | ၅ | ၃၁၀၀ | ၂၀၄၅ | ၁၀၅၅ | ၁၀၅၅ | | |
| ၁၈ | ပန်းယျကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၀၄ | ၄၉၆ | ၃၄၆ | ၁၅၀ | |
| ၁၉ | ပျားကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၈၂၅ | ၆၂၅ | ၄၇၄ | ၁၅၁ | |
| ၂၀ | စကားအင်းကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၈၂၁ | ၇၇၉ | ၃၂၉ | ၄၅၀ | |
| ၂၁ | စပါးတွင်းကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၂၆၂ | ၁၀၈၈ | ၇၃၈ | ၃၅၀ | |
| ၂၂ | သဲမောင်းကန်ကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၂၁၅၀ | ၈၀၀ | ၄၃၉ | ၃၆၁ | |
| ၂၃ | သားများဘကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၉၁ | ၄၀၉ | ၂၅၇ | ၁၅၂ | |
| ၂၄ | ထန်းလုံးတပ်ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၁၇၂ | ၆၂၈ | ၅၂၈ | ၁၀၀ | |
| ၂၅ | သိန်းနီကန်ကျေးရွာအုပ်စု | ၅ | ၃၆၅၀ | ၂၂၀၆ | ၁၄၄၄ | ၅၄၄ | ၉၀၀ | |
| ၂၆ | သင်းတိမ်းကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၃၃၅ | ၇၁၅ | ၆၁၂ | ၁၀၃ | |
| ၂၇ | ဝမ်းသာကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၅၂ | ၃၄၈ | ၂၄၈ | ၁၀၀ | |
| ၂၈ | ရေခါးကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၀၀၅ | ၃၉၅ | ၂၉၅ | ၁၀၀ | |
| ၂၉ | ဇီးချောင်းကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၉၆၃ | ၈၃၇ | ၇၉၀ | ၄၇ | |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၃၀ | အမှတ်(၂)ရပ်ကွက် | ၂ | ၁၂၀၀ | ၈၅၁ | ၃၄၉ | ၂၉၉ | ၅၀ | |
| ၃၁ | အမှတ်(၃)ရပ်ကွက် | ၄ | ၂၈၀၀ | ၂၀၄၅ | ၇၅၅ | ၇၅၂ | ၃ | |
| ၃၂ | ဘလှဲဘကျေးရွာအုပ်စု | ၆ | ၄၃၅၀ | ၃၃၀၃ | ၁၀၄၇ | ၈၉၂ | ၁၅၅ | |
| ၃၃ | ဝွေးကုန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၉၂ | ၄၀၈ | ၄၀၃ | ၅ | |
| ၃၄ | ခေါင်းကွဲကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၁၆၁ | ၇၃၉ | ၇၀၀ | ၃၉ | |
| ၃၅ | ဟံသာဝတီကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၉၃၀ | ၇၂၀ | ၇၂၂ | | ၂ |
| ၃၆ | ထနောင်းကိုင်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၅၂၀ | ၅၃၀ | ၅၂၉ | ၁ | |
| ၃၇ | အင်းကူးကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၇၀၁ | ၆၄၉ | ၆၀၁ | ၄၈ | |
| ၃၈ | ကူးတို့ဆိပ်ကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၄၇၉ | ၆၇၁ | ၆၇၁ | | |
| ၃၉ | ကန်ကြီးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၃၅ | ၄၁၅ | ၅၁၆ | | ၁၀၁ |
| ၄၀ | လက်ဆောင်ယူကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၅၇၁ | ၅၇၉ | ၅၇၉ | | |
| ၄၁ | လက်ပန်ဇင်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၃၁၂ | ၄၃၈ | ၃၉၀ | ၄၈ | |
| ၄၂ | လိန်ကုန်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၈၆ | ၂၆၄ | ၂၆၄ | | |
| ၄၃ | မီးသွေးတိုက်ကျေးရွာအုပ်စု | ၅ | ၂၂၀၀ | ၁၇၅၄ | ၄၄၆ | ၄၂၆ | ၂၀ | |
| ၄၄ | မြင်းသည်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၈၀၃ | ၄၃၇ | ၄၃၇ | | |
| ၄၅ | မြေငူကျေးရွာအုပ်စု | ၅ | ၂၉၅၀ | ၂၁၀၇ | ၈၄၃ | ၈၄၂ | ၁ | |
| ၄၆ | မိုးနံ့ခြုံကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၉၄၅ | ၃၀၅ | ၃၀၃ | ၂ | |
| ၄၇ | ငါးရာပြားကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၅၁ | ၂၄၉ | ၂၄၇ | ၂ | |
| ၄၈ | ပြုကန်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၇၄ | ၃၂၆ | ၃၂၆ | | |
| ၄၉ | ပေါက်မြိုင်ကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၅၁၈ | ၄၃၂ | ၄၂၉ | ၃ | |
| ၅၀ | ဆင်တဲကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၂၀၇ | ၄၄၃ | ၄၅၃ | | ၁၀ |
| ၅၁ | စကားတဲကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၉၉ | ၃၅၁ | ၃၄၈ | ၃ | |
| ၅၂ | ထောက်ရစ်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၃၀ | ၁၂၀ | ၇၀ | ၅၀ | |
| ၅၃ | တပယ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၂၂ | ၁၇၈ | ၁၂၈ | ၅၀ | |
| ၅၄ | သပွတ်ပင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၂၇ | ၃၇၃ | ၃၇၃ | | |
| ၅၅ | တောင်ပြူးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၇၇ | ၁၇၃ | ၁၇၃ | | |
| ၅၆ | သပြေကန်ကျေးရွာအုပ်စု | ၇ | ၃၇၅၀ | ၂၆၄၂ | ၁၁၀၈ | ၁၁၀၈ | | |
| ၅၇ | ထန်းပေါက်ကုန်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၆၇ | ၃၈၃ | ၂၃၃ | ၁၅၀ | |
| ၅၈ | သမန်းကျေးရွာအုပ်စု | ၄ | ၁၄၅၀ | ၁၁၂၈ | ၃၂၂ | ၂၆၄ | ၅၈ | |
| ၅၉ | ဥတည်ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၆၀၈ | ၄၄၂ | ၄၃၈ | ၄ | |
| ၆၀ | ဈေးချိုကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၄၄၉ | ၁၀၀၁ | ၈၅၁ | ၁၅၀ | |
| ၆၁ | ဇီးပင်ကွေ့ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၇၅၁ | ၆၉၉ | ၆၉၉ | | |
| ၆၂ | ဇီးကန်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၂၁ | ၁၇၉ | ၁၇၈ | ၁ | |
| ၆၃ | သူငယ်တော်ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၃၉၀ | ၆၁၀ | ၆၁၀ | | |
| ၆၄ | ထန်းလုံးတပ်ကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၁၂၉ | ၉၂၁ | ၈၉၂ | ၂၉ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၀၄ | ၁၃၂၂၅၆ | ၉၅၉၇၇ | ၃၆၂၇၉ | ၃၁၂၈၃ | ၅၁၀၉ | ၁၁၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၉၀ | ၂၉၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၂၂၀၆ | | ၂၂၀၆ | ၂၂၀၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၀၄ | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မီးဘေးသင့်ပြည်သူများအား သွားရောက်ကူညီထောက်ပံ့လှူဒါန်း

နေပြည်တော် ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နှင့် တံခွန်တိုင်ရပ်ကွက်၊ နံ့သာကွက်စိပ်ရပ်တို့၌ မီးလောင်ခဲ့မှုဖြစ်စဉ်များကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်များကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်ခဲ့သော သင်ပန်းကုန်းရပ်ကွက် မီးဘေးသင့်ပြည်သူ ၃၇၂ ဦး၊ အိမ်ထောင်စု ၇၆ စုတို့အတွက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဆန် ၆၂ အိတ်၊ ဆီ ၃၈ ပိဿာ၊ ခေါက်ဆွဲခြောက်ထုပ် ၇၆ ကာတွန်း၊ ဆပ်ပြာခဲ ၃၀၄ ခဲ၊ အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၄၉၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါပုံးများနှင့် ရက်သတ္တပတ် နှစ်ပတ်စာ ရိက္ခာဖိုးငွေကျပ် ၁၅၄၅၆၀၀ ထောက်ပံ့လှူဒါန်းခဲ့သည့်အပြင် ယနေ့တွင် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် နံ့သာကွက်စိပ်ရပ်တွင် မီးဘေးသင့်ပြည်သူ ၅၂၀ ၊ အိမ်ထောင်စု ၁၅၀ တို့အတွက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဆန် ၂၄ ပြည်ဝင်အိတ် ၁၅၀၊ ဆန်ခြောက်ပြည်ဝင်အိတ် ၁၆၀ ၊ ဆီ ၅၀ ကျပ်သားဘူး ၁၅၀၊ ခေါက်ဆွဲခြောက် ၁၅၀ ကာတွန်း၊ ငွေကျပ်သိန်း ၈၀ ကျော် တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၇၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

လက်ရှိကာလသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားလေ့ရှိသည့်အပြင် ဆူပူအကြမ်းဖက်သူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် မီးလောင်ကျွမ်းမှုများလည်း ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ မီးကူးစက်လောင်ကျွမ်းမှုများ ဖြစ်ပေါ်ပြီး အချိန်မီ ငြိမ်းသတ်နိုင်မှုမရှိပါက ဆုံးရှုံးမှုပမာဏ ကြီးမားနိုင်သည့်အပြင် ဆူပူအကြမ်းဖက်သူများက လမ်းများတွင် အတားအဆီးများ ချထားခြင်း၊ ပိတ်ဆို့ထားခြင်းစသည်တို့ကြောင့် မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် လမ်းအတားအဆီးများ ဆောင်ရွက်ထားခြင်းများအပေါ် စိုးရိမ်စိတ်များ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အရွယ်မရောက်သေးသူ ကလေးသူငယ်များကို ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ရှေ့တန်းတင်အသုံးချလာမှုများအား သတိပြုထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဧပြီ ၂

NLD ပါတီဝင်များနှင့် NLD ဝန်းရံအစွန်းရောက်သူများအနေဖြင့် ပြည်သူများ လမ်းပေါ်သို့ ရောက်ရှိလာစေရန် ရည်ရွယ်၍ နည်းမျိုးစုံဖြင့် လှုံ့ဆော်သွေးထိုးလျက်ရှိပြီး နိုင်ငံရေးအပေါ် သိတတ်နားလည်မှု မရှိနိုင်သေးသည့် နုနယ်လှသော အဖြစ်ကင်းစင်သည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များကိုပါ ဆူပူဆန္ဒပြမှု ဖြစ်စဉ်များတွင် ရှေ့တန်းတင် အသုံးချလာကြသည်ကို တွေ့ရှိနေရသည်။

၎င်းအပြင် ကလေးသူငယ်များအား လူအများထိခိုက်ဒဏ်ရာရရှိစေနိုင်သည့် လက်နက်များကို ကိုင်ဆောင်၍ အကြမ်းဖက်မှုတွင် ပါဝင်စေခြင်း၊ အားပေးအားမြှောက်ပြုလုပ်ကာ ငွေကြေးပေးခြင်း၊ ဆုချီးမြှင့်ခြင်းများဖြင့် မက်လုံးပေးစည်းရုံးခြင်း၊ ကော်ရှူစေခြင်း၊ စိတ်ကြွမှုးယစ်ဆေးဝါးတစ်မျိုးမျိုးကို သုံးစွဲစေခြင်းဖြင့် ကြောက်လန့်မှု ကင်းမဲ့စေကာ ဆူပူမှုများတွင် ရှေ့တန်းတင်ပါဝင်စေခြင်းစသည်ဖြင့် အသုံးချလျက်ရှိသည်ကို စိတ်မကောင်းစရာအဖြစ် ဝမ်းနည်းကြေကွဲဖွယ်ရာ တွေ့ရှိရသည်။

ထို့ကြောင့် ကလေးသူငယ်များနှင့်စပ်လျဉ်း၍ အထူးပြုဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးငယ်များ ရန်ပုံငွေအဖွဲ့ (UNICEF)ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်း အနေဖြင့် ကလေးသူငယ်များအားယင်းကဲ့သို့ အသုံးချနေမှုအပေါ် ကန့်ကွက်တားဆီးသင့်ပါကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း မိမိတို့၏ ကလေးသူငယ်များကို နိုင်ငံရေးအသုံးချ ကိုယ်ကျိုးရှာသူများ၏ အသုံးချခံ မဖြစ်စေရေးနှင့် လမ်းမှား မရောက်စေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ သတင်းစဉ်



# ဘရူနိုင်းဘုရင် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးယူမှု ခံယူ

ဘန်ဒါဆီရီ ဘီဂါဝန် ဧပြီ ၂

**ဘရူနိုင်းနိုင်ငံတွင် စနေနေ့မှစကာ အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်ကို အင်တိုက်အားတိုက်အရှိန်မြှင့်တင် စတင်ဆောင်ရွက်လျက်ရှိချိန်တွင် ဘရူနိုင်းဘုရင် ဟာဂျီဟာဆာနယ် ဘိုလ်ကီးယားသည် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူခဲ့ကြောင်း သိရသည်။**

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဘရူနိုင်းဘုရင်သည် တော်ဝင်နန်းတော် အက်စ်တာနာနူရယ်အိမန်တွင် ဧပြီ ၁ ရက်က ၎င်း၏ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ခံယူခဲ့ကြောင်း သိရသည်။ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူပြီးနောက် ဘရူနိုင်းဘုရင်သည် အမျိုးသားအဆင့် ကာကွယ်ဆေးထိုး အစီအစဉ်ကို ခွင့်ပြုပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစကာ ဘရူနိုင်းနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ် အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် နိုင်ငံအတွင်းအသုံးပြုသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ဘေးကင်းစိတ်ချရပြီး ထိရောက်မှုရှိကာ အရည်အသွေးကောင်းမွန်စေရန် ဈေးကွက်အတွင်း ရရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လေ့လာ၊ သုံးသပ်၊ ဆန်းစစ်ရန်အတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေးနည်းပညာဆိုင်ရာကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။

အသေးစိတ် သုတေသနပြုလုပ်ချက်များနှင့် ဆန်းစစ်အကဲဖြတ်ချက်များကို အခြေခံ၍ ဘရူနိုင်းနိုင်ငံသည် ကိုဗစ်- ၁၉ ကာကွယ်ဆေး သုံးမျိုးဖြစ်သည့် အောက်စ်ဖို့ဒ်- အက်စ်ထရာဇနီကာ ကိုဗစ်- ၁၉ ကာကွယ်ဆေး၊ ဖိုက်ဇာ- ဘိုင်ရွန်တက်ခ် ကိုဗစ်- ၁၉ ကာကွယ်ဆေးနှင့် ဆီနိုဖမ်းကိုဗစ်-၁၉ ကာကွယ်ဆေးများကို အသုံးပြုရန် ခွင့်ပြုချက်ပေးခဲ့သည်။

ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို အရေးပေါ်အသုံးပြုခွင့်ပေးရေးအာဏာပိုင်အဖွဲ့သည် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ သို့မဟုတ် ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ရည်ရွယ်ချက်မှာ ဘေးကင်းလုံခြုံရေး၊ ထိရောက်မှုရှိရေးနှင့် အရည်အသွေးမီရေးဆိုသည့် စံနှုန်းများကို ထည့်သွင်းစဉ်းစားလျက် ကပ်ရောဂါကို တိုက်ဖျက်ရန် ကာကွယ်ဆေးများ ရရှိထိုးနှံနိုင်ရန်အတွက် ဖြစ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးခြင်းများကို ပထမအဆင့်အနေဖြင့် ရှေ့တန်းဆေးလုပ်သားများကို ဦးစားပေးထိုးနှံသွားမည်ဖြစ်ပြီး တခြားအုပ်စုများကိုလည်း တိုးချဲ့ထိုးနှံပေးသွားမည်ဖြစ်သည်။



ဘရူနိုင်းဘုရင့်နန်းတော်တွင် ဘရူနိုင်းဘုရင် ဟာဂျီဟာဆာနယ် ဘိုလ်ကီးယား ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှု ခံယူနေစဉ်။

ဘရူနိုင်းနိုင်ငံတွင် ဧပြီ ၁ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ တစ်ဦးရှိကြောင်း အတည်ပြုခဲ့ပြီးနောက် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၃ ဦးရှိလာပြီဖြစ်သည်။

ဘရူနိုင်းနိုင်ငံသည် ရက်ပေါင်း ၃၃၀ ကြာသည့်တိုင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားခြင်းမရှိသည့် မှတ်တမ်းရှိခဲ့သည်။ ဧပြီ ၁ ရက်က ကိုဗစ်- ၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ တစ်ဦးရှိကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၉၅ ဦး ရှိခဲ့သည်။

ယခုအချိန်အထိ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# ချီလီနိုင်ငံတွင် ကျန်းမာရေးကန့်သတ်ချက်များကို နိုင်ငံတစ်ဝန်း တင်းကျပ်သွားမည်

ဆန်တီယာဂို ဧပြီ ၂

ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုသစ်များ စံချိန်တင်ဖြစ်ပွားလာပြီး ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ တစ်သန်းကျော်လွန်လာပြီးနောက် လက်ရှိ ကျန်းမာရေး ကန့်သတ်ဆောင်ရွက်ချက်များကို နိုင်ငံတစ်ဝန်း တင်းကျပ်သွားမည်ဖြစ်ကြောင်း ချီလီ ကျန်းမာရေးဝန်ကြီး အန်းရစ်ပဲရစ်က ဧပြီ ၁ ရက်၌ ကြေညာချက် ထုတ်ပြန်လိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနက လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၈၃၀ ရှိကြောင်း သတင်းဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် မတ် ၂၆ ရက်က မှတ်တမ်းတင်ခဲ့သော တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၆၂၆ ဦးထက် ကျော်လွန်ခဲ့သည်။ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ယခုအခါ ၁၀၀၃၄၀၆ ဦးအထိ ရောက်ရှိလာမှုနှင့်အတူ နောက်ထပ် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၉၃ ဦးတိုးလာခဲ့ရာ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၂၃၃၂၈ ဦးအထိ ရောက်ရှိလာခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ပဲရစ်က တနင်္လာနေ့မှစကာ ဒေသခံမဟုတ်သည့် နိုင်ငံခြားသားများကို ချီလီနိုင်ငံသို့ ဝင်ရောက်ခြင်းမှ ရက် ၃၀ ကြာ တားမြစ် ပိတ်ပင်လိုက်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် အရေးပေါ်ကိစ္စ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကိစ္စ၊ ကျန်းမာရေးကုသမှု ကိစ္စရပ်များမှလွဲ၍ နိုင်ငံခြားသို့ ခရီး သွားလာခြင်းများကိုလည်း ချီလီနိုင်ငံသားများနှင့် ဒေသခံနိုင်ငံခြားသားများကို ရက် ၃၀ ကြာ တားမြစ်လိုက်ကြောင်း သိရသည်။



ချီလီနိုင်ငံ ဆန်တီယာဂိုတွင် သူနာပြုတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ပြင်ဆင်နေသည်ကိုတွေ့ရစဉ်။

တစ်ချိန်တည်းမှာပင် ညမထွက်ရအမိန့်ကို နောက်ထပ် တစ်နာရီ ထပ်တိုးလိုက်ပြီး ည ၉ နာရီအထိ သတ်မှတ်လိုက်သလို တစ်ဦးချင်း ခရီးသွားလာခွင့်ပြုမှုနှင့် ပတ်သက်ပြီး သီးသန့်ကန့်သတ်စောင့်ကြည့်မှု ခံယူနေရသည့်မြို့များသို့ တစ်ပတ်နှစ်ကြိမ်အထိသာ သွားလာရန် ကန့်သတ်လိုက်ကြောင်း သိရသည်။

ထို့အပြင် စနေနေ့မှစကာ နောက်ထပ် မြို့ပေါင်း ၁၉ မြို့ကိုလည်း သီးသန့်ကန့်သတ် စောင့်ကြည့်မှု စာရင်းထဲ ထည့်သွင်းမည်ဖြစ်သလို လူ ၁၆ သန်းကျော်လည်း ကန့်သတ်စောင့်ကြည့်မှု ခံထားရကြောင်း သိရသည်။ ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံး စံချိန်တင်တိုးလာကြောင်း သိရ

ဒါကာ ဧပြီ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ဆောင်မှုညွှန်ကြားရေးမှူးချုပ်ရုံးက ဧပြီ ၂ ရက်တွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၈၃၀ ဦးရှိကြောင်း ဖော်ပြခဲ့ပြီး အဆိုပါပမာဏသည် ကိုဗစ်- ၁၉ စတင်ဖြစ်ပွားချိန်မှစကာ တစ်နေ့အတွင်း ကိုဗစ်- ၁၉ ကူးစက်မှုအမြင့်ဆုံး စံချိန်တင်တိုးလာခြင်းဖြစ်ကြောင်း သတင်းဖော်ပြလိုက်သည်။

တရားဝင်သတင်းဖော်ပြချက်အရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၆၂၄၅၉၄ ဦးအထိ တိုးလာခဲ့သည်။ ဧပြီ ၂ ရက်က ကိုဗစ်- ၁၉ ကြောင့် လူ ၅၀ ထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၉၁၅၅ ဦးအထိ တိုးလာကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း နမူနာပေါင်း ၂၉၃၃၉ ခုကို စမ်းသပ်ခဲ့သည်။ ဧပြီ ၂ ရက်က နောက်ထပ် ၂၄၇၃ ဦး ပြန်လည်ကောင်းမွန်လာကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း မှာ ၅၄၇၄၁၁ ဦးအထိ တိုးလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်- ၁၉ သေဆုံးနှုန်းမှာ ယခုအခါတွင် ၁ ဒသမ ၄၇ ရာခိုင်နှုန်းရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာနှုန်းမှာ ၈၇ ဒသမ ၆၄ ရာခိုင်နှုန်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အစောပိုင်း ဧပြီ ၁ ရက်က နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်မှုအမြင့်ဆုံးဖြစ်ခဲ့ပြီး ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၆၄၆၉ ဦး ရှိသည်။ လွန်ခဲ့သောနှစ် ဇွန် ၃၀ ရက်က တစ်နေ့တည်းသေဆုံးသူ ၆၄ ဦးဖြင့် သေဆုံးမှုအများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ခဲ့သည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တစ်သန်းခွဲကျော်အထိ ရှိလာ

ဂျကာတာ ဧပြီ ၂

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၃၂၅ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၂၃၁၇၉ ဦးအထိ ရှိလာကြောင်းနှင့် တစ်နေ့အတွင်း ကိုဗစ်- ၁၉ ကြောင့် ထပ်မံသေဆုံးသူ ၉၇ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၁၀၅၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂ ရက်က ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး နောက်ထပ် ဆေးရုံမှ ဆင်းလာသူ ၅၄၃၉ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၆၁၀၁၇ ဦးအထိ ရှိလာကြောင်း သိရသည်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုသည် နိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ပြည်နယ်သို့ ကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဂျကာတာတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၄၀ ဦး၊ ဘန်တန်းတွင် ၈၅၀၊ အနောက်ဂျာဗားတွင် ၆၆၁ ဦး၊ တောင်ကာလီမန်တန်တွင် ၂၈၃ ဦးနှင့် အရှေ့ဂျာဗားတွင် ၂၇၄ ဦးဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

# ဂျပန်ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့တွေ့ဆုံမည့် အစည်းအဝေးကို ဧပြီ ၁၆ ရက်သို့ ရွှေ့ဆိုင်း

တိုကျို ဧပြီ ၂

ဂျပန်ဝန်ကြီးချုပ် ဆူဂါရိုရှီဟီဒဲသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်အတူ ဧပြီ ၁၆ ရက်တွင် ဝါရှင်တန်၌ တွေ့ဆုံသွားမည်ဟု ဂျပန်အစိုးရ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက ဧပြီ ၂ ရက်တွင်ပြောသည်။ ယခင် စီစဉ်ထားသည့်ရက်ထက် တစ်ပတ်နောက်ကျပြီးမှ တွေ့ဆုံရန် ရက်ကိုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်၏ ခရီးစဉ်အောင်မြင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ရေး အချိန်နှောင့်နှေးရခြင်း ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူးဖြစ်သူ ခက်ဆူနိုဘူကာတိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ပြဿနာကိုကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုဘက်မှ ရက်ပြောင်းရွှေ့သတ်မှတ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု အစိုးရသတင်းအရင်းမြစ်တစ်ခုက ပြောသည်။

အဆိုပါတွေ့ဆုံပွဲတွင် သမ္မတဂျိုးဘိုင်ဒင်အတွက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံရပ်ခြားခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမည့်ပွဲဖြစ်ကာ ဂျပန်-အမေရိကန် မဟာမိတ်ရင်းနှီးမှုကို ခိုင်မြဲရန် အခွင့်အလမ်းရမည်ဖြစ်သည်။

ကပ်ရောဂါကိုင်တွယ်ဖြေရှင်းမှုများ၊ အင်ဒို-ပစိဖိတ်ဒေသ လွတ်လပ်စွာကုန်သွယ်မှုနှင့် အခြားသော ပြဿနာရပ်များကိုလည်း အတူဖြေရှင်းသွားနိုင်ရန် အခွင့်အရေးရမည်ဟု ကာတိုက ပြောသည်။ ကနဦးက ဂျပန်အစိုးရသည် အမေရိကန်နှင့် တွေ့ဆုံပွဲကို ဧပြီလဝက်တွင် ပြုလုပ်သွားမည်ဟု ပြောကြားခဲ့ပြီးနောက် ဧပြီ ၉ ရက်တွင် တွေ့ဆုံပွဲပြုလုပ်မည်ဟု အစိုးရသတင်းအရင်းအမြစ်အချို့က အကြံပြုပြောကြားခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ခရီးစဉ်မစတင်မီ ဖိုက်ဇာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံခဲ့သည်။

ကျော်ဒို



ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။



၂၀၂၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲ။

## ရီယိုအိုးပင်း တင်းနစ်အားကစားပြိုင်ပွဲကို ကိုဗစ် - ၁၉ကြောင့် ဖျက်သိမ်းသွားမည်

ရီယိုဒီဂျနေရိုး ဧပြီ ၂

ယခုနှစ်အတွက် ဘရာဇီးနိုင်ငံ၏ ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲကြီးကို ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေများကြောင့် ဖျက်သိမ်းလိုက်ရသည်ဟု ပွဲစီစဉ်ကျင်းပသူများက ဧပြီ ၁ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲကြီးကို မူလက ဖေဖော်ဝါရီလအတွင်းကျင်းပရန် ရည်ရွယ်ထားသော်လည်း ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးမှုများ၊ ကူးစက်ခံရသူများ များပြားလာသည့်အတွက် ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်အတွင်း ပွဲကျင်းပနိုင်ရေး ကြိုးပမ်းခဲ့သော်လည်း ဖြစ်လာနိုင်ရန် မရှိဟု အားကစားပြိုင်ပွဲမှူးကြီးကြပ်ရေးမှူး လူအစ်ကာဗယ်ဟိုက ပြောသည်။

အားကစားပြိုင်ပွဲမှာ ပုံမှန်အားဖြင့် ဖေဖော်ဝါရီလအတွင်း ကျင်းပလေ့ရှိသည်ဟု ၎င်းကပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့်ပွဲတွင် ချီလီနိုင်ငံမှ အားကစားသမား ခရစ်ရှန်ဂေရန်က အနိုင်ရရှိခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၁၂ ဒသမ ၈ သန်းကျော်ရှိပြီး သေဆုံးသူအရေအတွက်မှာ ၃၂၁၀၀၀ ကျော်ရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ဖိုက်ဇာကာကွယ်ဆေးမှာ အသက် ၁၂ နှစ်မှ ၁၅ နှစ် အရွယ်များကိုလည်း ထိရောက်မှုရှိဟုဆို

နယူးယောက် ဧပြီ ၂

အမေရိကန် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာနှင့် မိတ်ဖက်ဂျာမနီအဖွဲ့အစည်းတို့ ပူးပေါင်းကာ ထုတ်လုပ်ထားသည့် ကာကွယ်ဆေးမှာ အသက် ၁၂ နှစ်မှ ၁၅ နှစ် အရွယ်ကလေးများကိုလည်း ထိရောက်မှုရှိသည်ဟု တွေ့ရှိရကြောင်း ကုမ္ပဏီဘက်က ပြောသည်။

ဖိုက်ဇာ ကာကွယ်ဆေးမှာ လတ်တလောတွင် အသက် ၁၆ နှစ်နှင့်အထက် လူများကိုသာ ထိုးပေးရန် ခွင့်ပြုချက်ရထားသည်။ ဘေးထွက်ဆိုးကျိုးတွင်မူ အသက် ၁၆ နှစ်နှင့် ၂၅ နှစ်ကြား လူများတွင် တွေ့ရှိရသည့် ဘေးထွက်ဆိုးကျိုးနှင့် အတူတူပင် ဖြစ်သည်ဟု သိရသည်။

ဖိုက်ဇာ ကုမ္ပဏီသည် လတ်တလောတွင် ကလေးငယ်များအတွက် လက်တွေ့စမ်းသပ်မှုကိုစတင်နေပြီး အသက် ၆ လမှ ၁၁ နှစ်အထိ ကလေးများပါဝင်ကြောင်း သိရသည်။

နောက်ထပ် အမေရိကန်ဆေးကုမ္ပဏီကြီးဖြစ်သည့် မော်ဒါနာသည်လည်း အသက် ၆ လမှ ၁၇ နှစ်အရွယ်အထိ ကလေးများကို ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှု ပြုလုပ်နေပြီဖြစ်သည်။

အောက်စဖို့ဒ် တက္ကသိုလ်နှင့် ဗြိတိန်ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် အက်စထရာဇီနီကာတို့ ပူးပေါင်းပြုလုပ်သည့် ကာကွယ်ဆေးကိုလည်း အသက် ၆ နှစ်မှ ၁၇ နှစ်အရွယ်အထိ ကလေးများတွင် လက်တွေ့စမ်းသပ်မှု ပြုလုပ်နေပြီဟု သိရသည်။

ဖိုက်ဇာကုမ္ပဏီသည် ၎င်းတို့ရရှိထားသည့်လက်တွေ့စမ်းသပ်မှု ဒေတာ အချက်အလက်များကို အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနနှင့် ဥရောပဆေးအေဂျင်စီတို့သို့ ပေးပို့ရန်စီစဉ်ထားပြီး ကလေးများတွင် အရေးပေါ် အခြေအနေအတွက် သုံးစွဲခွင့်ရရေး လျှောက်ထားသွားမည်ဟု ရည်ရွယ်ထားသည်။

အင်န်အိတ်ချ်ကေ




## အီသီယိုပီးယား ပြည်သူ ၂ ဒသမ ၅ သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ မရရှိဟု ကုလပြော

အဒစ်အာဘာဘာ ဧပြီ ၂

အီသီယိုပီးယားနိုင်ငံသား ၂ ဒသမ ၅သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် လက်လှမ်းမီသည့်နေရာတွင် မရှိဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးမှ ဧပြီ ၁ ရက်တွင် ပြောကြားခဲ့သည်။

ခန့်မှန်းခြေအားဖြင့် လူပေါင်း ၂ ဒသမ ၅သန်းမှာ အီသီယိုပီးယားနိုင်ငံ မြောက်ပိုင်းတီဂရေး ဒေသကျေးလက်များတွင် နေထိုင်ကြသူများပြီး ပြီးခဲ့သည့်လေးလာတာ ကာလအတွင်း လိုအပ်သည့် ထောက်ပံ့မှုများမရရှိဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးက ပြောသည်။

တီဂရေးဒေသတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် အခြေအနေများမှာ ရေရာမှုမရှိဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရန် အတားအဆီးများရှိနေသည်ဟု ကုလသမဂ္ဂ အေဂျင်စီက ပြောသည်။

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ရွှေ့ပြောင်းနေထိုင်သူ ၁၄၆၀၀၀ အတွက် နိုင်လွန်ရာဘာများ အသက်ရှင်ရပ်တည်ရေးအတွက် လိုအပ်သည့်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြသည်။

တီဂရေးဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများမှာ သေရေးရှင်ရေးသဖွယ် အရေးကြီးနေဆဲဖြစ်သည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရုံးကပြောသည်။

အီသီယိုပီးယား အစိုးရ၏ အချက်အလက်များအရ လူပေါင်း ၂ ဒသမ ၂ သန်းဝန်းကျင်မှာ ပဋိပက္ခကြောင့် နေရပ်ရွှေ့ပြောင်းရပြီး ၄ ဒသမ ၅ သန်းမှာ အကူအညီများ လိုအပ်လျက်ရှိသည်ဟု သိရသည်။

ဆင်ဟွာ

**၂-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၂၄၈၇၁၂ | ၂၃၇၅၄၈၁ | ၅၉၆၆၉၁ |
| ၂။ | ဘရာဇီး | ၁၄၈၄၂၇၁၇ | ၁၃၂၉၀၉၉ | ၃၂၅၅၅၉ |
| ၃။ | အိန္ဒိယ | ၁၉၁၆၄၉၆၉ | ၁၅၂၅၁၃၇၅ | ၂၁၁၈၅၃ |
| ၄။ | ပြင်သစ် | ၅၆၉၅၀၈၂ | ၂၉၆၁၆၆ | ၀၅၉၇၆ |
| ၅။ | ရုရှား | ၄၇၆၃၀၅၆ | ၄၃၈၆၂၅၁ | ၉၉၆၃၃ |
| ၆။ | ဗြိတိန် | ၄၄၅၀၂၆၆ | ၃၈၆၀၁၇၄ | ၁၂၇၇၆၄ |
| ၇။ | အီတလီ | ၃၉၀၇၀၈၃ | ၂၉၃၃၇၅၇ | ၁၂၀၈၅၇ |
| ၈။ | တူရကီ | ၄၄၅၇၉၈၈ | ၃၀၄၅၀၄၃ | ၃၇၀၁၃ |
| ၉။ | စပိန် | ၃၅၂၁၄၉၄ | ၃၀၅၄၇၂၅ | ၇၈၅၆၁ |
| ၁၀။ | ဂျာမနီ | ၃၈၆၀၁၇၈ | ၂၅၄၈၂၀၀ | ၈၃၃၀၀ |

**အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်**

၂-၅ -၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၇၂၁၇၈ | ၁၃၆၁၀၁၇ | ၄၅၁၅၁ |
| ဖိလစ်ပိုင် | ၇၇၁၅၈၇ | ၆၀၄၃၆၈ | ၁၃၃၂၀ |
| မလေးရှား | ၄၁၇၉၇၂ | ၃၃၂၄၄၃ | ၁၅၈၃ |
| မြန်မာ | ၁၄၂၄၇၉ | ၁၃၁၈၁၀ | ၃၂၀၆ |
| စင်ကာပူ | ၆၀၄၅၀ | ၆၀၁၇၆ | ၃၀ |
| ထိုင်း | ၂၈၉၄၇ | ၂၇၆၀၆ | ၉၄ |
| ဗီယက်နမ် | ၂၆၂၀ | ၂၃၈၃ | ၃၅ |
| ကမ္ဘောဒီးယား | ၂၅၄၆ | ၁၂၅၆ | ၁၆ |
| ဘရူနိုင်း | ၂၁၃ | ၁၉၅ | ၃ |
| လာအို | ၄၉ | ၄၆ | ၀ |

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂

မြန်မာနိုင်ငံအတွင်း ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံထားသော စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းရှင်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ COVID-19 ရောဂါကာကွယ်ရေး သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ပြည်ပသံရုံးမှ စီးပွားရေးသံမှူးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



**လက်ရှိအခက်အခဲများတင်ပြ**

တွေ့ဆုံပွဲတွင် စက်မှုဇုန်များ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသော တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ ဟောင်ကောင်တို့မှ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီကိုယ်စားလှယ်များက လက်ရှိတွေ့ကြုံနေရသော အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ရှိဖြစ်ပေါ်နေသော ကုန်သွယ်မှုဆိုင်ရာ၊ ဘဏ်ပိုင်းဆိုင်ရာ၊ ဆိပ်ကမ်းဆိုင်ရာ၊ ပြည်ဝင်ခွင့် ဗီဇာဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ ထောက်ခံချက် ကိစ္စရပ်များအပေါ် ပြန်လည်ရှင်းလင်းကြသည်။

ထို့နောက် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဗဟိုကော်မတီလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃၁ ရက်အထိ ကုန်သေတ္တာ စုစုပေါင်း ဆိပ်ကမ်းမှအထွက် (၁၉၅၉၄) လုံး ၊ ဆိပ်ကမ်းအဝင် ( ၂၂၄၀၇) လုံး ၊ စုစုပေါင်း (၄၂၀၀၁) လုံးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆက်သွယ်ပြီး ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတွေ့ဆုံပွဲတွင် လတ်တလော အခက်အခဲများအနက်မှ ချက်ချင်းဆောင်ရွက်နိုင်သော အချက်များကို ပြန်လည်ရှင်းလင်းပေးသွားမည်ဖြစ်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းရမည့်အချက်များ ရှိပါကလည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များက စက်ရုံအလုပ်သမားများ၏ လုပ်ခလစာငွေထုတ်ယူမှု အခက်အခဲ၊ CMP လုပ်ငန်းရှင်များ၏ ပြည်ပမှလုပ်ခလစာငွေ ဝင်/ မဝင်၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ထောက်ခံချက်များကြန့်ကြာမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဆိပ်ကမ်းကုန်သေတ္တာအခက်အခဲဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြပြီး ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကြသည်။

**ညှိနှိုင်းဖြေရှင်းပေး**

မွန်းလွဲပိုင်းတွင် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ ကုန်သေတ္တာ အခက်အခဲ၊ ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲ၊ အင်တာနက်ဆိုင်ရာ အခက်အခဲ၊ ဆိပ်ကမ်းကုန်သေတ္တာ ရက်လွန်ဒဏ်ကြေး ကိစ္စရပ်များအပေါ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကြသည်။

သတင်းစဉ်

*ကျောဖုံးမှ

လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၈၂ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၇၇၅ ဦး စုစုပေါင်း ၈၀၅၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည့် ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၇၉၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၂၇၆ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၀၇၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများကို ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လုပ်ငန်းရှင်တွေအနေနဲ့ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုဆိုင်ရာ အခက်အခဲတွေ၊ ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ဆိပ်ကမ်းပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာ အခက်အခဲတွေနဲ့ ပတ်သက်လို့ရှိရင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှာ ၂၄ နာရီ ရုံးဖွင့်ပြီး ကူညီဆောင်ရွက်ပေးနေတယ်ဆိုတာ အသိပေးတင်ပြလိုပါတယ်။

ဒုတိယဝန်ကြီး ဦးညွန့်အောင်

တွေ့ဆုံမေးမြန်း- စိမ်းခက်၊ လင်းလတ်/ဓာတ်ပုံ-ကိုရဲ

စက်မှုဇုန်များရှိ လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များ လိုအပ်နေသည့် သတင်းအချက်အလက်များနှင့် တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဦးဆောင်၍ ဂျပန်၊ တရုတ်၊ ထိုင်း၊ ထိုင်ဝမ်နှင့် ဟောင်ကောင် တို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



ဒုတိယဝန်ကြီး
ဦးညွန့်အောင်



အမြဲတမ်းအတွင်းဝန်
ဦးမင်းမင်း



ညွှန်ကြားရေးမှူးချုပ်
ဦးသန့်စင်လွင်



ညွှန်ကြားရေးမှူးချုပ်
ဦးညွန့်ဝင်း

**ဒုတိယဝန်ကြီး ဦးညွန့်အောင်**
**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဒီနေ့ဆွေးနွေးချက်ကတော့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီရဲ့ လုပ်ငန်းလမ်းညွှန်ချက်အရ လက်ရှိပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ အခက်အခဲဖြစ်နေတဲ့ ကိစ္စလေးတွေရှိပါတယ်။ နောက်တစ်ခုက ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲလေးတွေ သူတို့တင်ပြတာ တွေ့ရပါတယ်။ နောက်တစ်ချက်အနေနဲ့က လုပ်ခလစာနဲ့ ပတ်သက်ပြီး အများဆုံး တင်ပြသွားတာတွေ တွေ့ရပါတယ်။ ဒီတင်ပြချက်တွေအပေါ်မှာ ဒီနေ့လုပ်ငန်းကော်မတီ အဖွဲ့ဝင်တွေရော ဖိတ်ကြားထားတဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲတွေပါ တစ်ချက်ချင်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

အဓိကကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနဲ့ ပတ်သက်ပြီးတော့မှ အဓိက ကျွန်တော်တို့ သတင်းတွေနဲ့ ပတ်သက်ပြီး ထုတ်ပြန်မှုတွေကို တချို့လုပ်ငန်းရှင်တွေ၊ စက်ရုံအလုပ်ရုံတွေ မသိသေးတာ အများကြီး တွေ့ရပါတယ်။ ဒါကြောင့် ဒီနေ့တက်ရောက်လာတဲ့ ကုမ္ပဏီလုပ်ငန်းရှင်တွေအားလုံး အခက်အခဲမရှိဖို့အတွက် ဆက်သွယ်ရမယ့် ပုဂ္ဂိုလ်တွေ၊ ဘယ်လိုအကြောင်းအရာဆို ဘယ်ဌာနနဲ့ညှိနှိုင်းပြီး ဆွေးနွေးရမယ်၊ ဘယ်အကြောင်းအရာတွေနဲ့ ပတ်သက်ရင်တော့ ဘယ်သူကို ဆက်သွယ်ပြီးတော့မှ စုံစမ်းမေးမြန်းနိုင်တယ်၊ အဲ့ဒီအပေါ်မှာမှ အောက်ခြေမှာအခက်အခဲဖြစ်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီကို ဆက်သွယ်ပြီး သတင်းပို့ပြီးတော့ အကူအညီ တောင်းခံနိုင်တဲ့ကိစ္စတွေ ရှင်းလင်းတင်ပြတာ ဖြစ်ပါတယ်။

လုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ဒီနေ့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ဖြစ်တဲ့ ဗိုလ်မှူးကြီးဝင်းတင့် ကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ လက်ရှိ အနေအထားမှာလည်း မာရှယ်လောထုတ်ပြန်ထားတဲ့ မြို့နယ်တွေ ရှိပါတယ်။ အဲ့ဒီမြို့နယ်တွေထဲမှာလည်း စက်မှုဇုန်တွေ တော်တော်များများ ပါဝင်တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လတ်တလော အရေးပေါ် လုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စတွေနဲ့ ပတ်သက်ပြီး အခက်အခဲဖြစ်ပေါ်တယ်ဆိုရင် ဘယ်သူတွေနဲ့ ချိတ်ဆက်ပြီး ဘာတွေလုပ်ရမယ်ဆိုတာ အကြမ်းဖျင်း ရှင်းပြထားတာရှိပါတယ်။ အဲ့ဒီမှာမှ အရေးပေါ် အခက်အခဲဖြစ်လာရင် ကျွန်တော်တို့ လုပ်ငန်းကော်မတီနဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပေါင်းစပ်ညှိနှိုင်းပြီး ချက်ချင်းသတင်းရယူ ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။

မတက်ရောက်နိုင်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုဆိုင်ရာ အခက်အခဲတွေ၊ ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ဆိပ်ကမ်းပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာ အခက်အခဲတွေနဲ့ ပတ်သက်ရင် ကျွန်တော်တို့ရဲ့ လုပ်ငန်းကော်မတီရုံးမှာ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှာ ၂၄ နာရီ ရုံးဖွင့်ပြီး ကူညီဆောင်ရွက်ပေးတယ်ဆိုတာ အသိပေးတင်ပြလိုပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဒီနေ့ဆွေးနွေးသွားတဲ့ ကိစ္စတွေက တင်သွင်းတင်ပို့မှု အပိုင်းမှာတော့ တချို့အပိုင်းတွေက ထောက်ခံမှုတွေလိုတယ်။ ထောက်ခံချက်လိုတဲ့ အပိုင်းတွေ ဆွေးနွေးတယ်။ နောက်ပြီး ဆိပ်ကမ်းကိစ္စတွေ ဆွေးနွေးတယ်။ လုံခြုံရေးကိစ္စတွေ ဆွေးနွေးပါတယ်။ နောက်ပြီး ဘဏ်ပိုင်းဆိုင်ရာ ငွေကြေးဆိုင်ရာကိစ္စတွေ ဆွေးနွေးတယ်။ ဒါတွေကိုတော့ သူ့ဌာနဆိုင်ရာအလိုက် တာဝန်ရှိသူတွေက ဖြေကြားပေးတယ်။ အဓိက ပုံမှန်လုပ်နေတဲ့ ပို့ကုန် သွင်းကုန်လုပ်ငန်းစဉ်တွေမှာ ဆောင်ရွက်တဲ့ အပိုင်းကတော့ တော်တော်လေး ဆောင်ရွက်နိုင်ပါတယ်။ ဆွေးနွေးပွဲပြီးသွားတဲ့အခါမှာ တင်ပြချက်တွေ ပြီးသွားလို့ ပြန်သွားတာမျိုး မဟုတ်ဘဲနဲ့ ဘဏ်ကိစ္စတွေ၊ သင်္ဘောလိုင်းတွေ၊ ဆိပ်ကမ်းတာဝန်ယူရမယ့်အပိုင်းတွေ ဆွေးနွေးပါတယ်။ ငါးလုပ်ငန်းလိုဟာမျိုး၊ FDA လိုဟာမျိုးတွေ စိုက်ပျိုးရေးလိုကိစ္စတွေ ဆွေးနွေးကြပါတယ်။ ညှိနှိုင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။

နယ်စပ်ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီး မူဆယ်၊ မြဝတီဘက် အဓိကကုန်သွယ်မှု များတဲ့ ဒေသတွေဆိုရင် အရင် ဖေဖော်ဝါရီလပိုင်းမှာ တဖြည်းဖြည်းနဲ့ ခုနကပြောတဲ့ ကိစ္စတွေကြောင့် အထူးသဖြင့် ဘဏ်ကနေ ငွေထုတ်လို့မရတဲ့ အတွက်ကြောင့် အခွန်တွေ ဆောင်လို့မရဘူး။ လုပ်ငန်းပိုင်းဆိုင်ရာ ကုန်သွယ်မှုတွေ တော်တော်လေး လျော့သွားတာ ရှိတယ်။ နောက်ပိုင်းမှာတော့ သက်ဆိုင်တဲ့ အကောက်ခွန်ဦးစီးဌာနတို့၊ ဗဟိုဘဏ်တို့နဲ့ ဆက်သွယ်ဆောင်ရွက်ပြီး လုပ်ငန်းရှင်တွေကိုလည်း ပြောဆိုဆောင်ရွက်တဲ့အခါမှာတော့ ပြန်ပြီး လက်ရှိအနေအထား ရောက်လာဖို့ ရှိပါတယ်။ လက်ရှိအနေအထားမှာ ကိုဗစ်-၁၉ ကြောင့် တချို့သော ကုန်သွယ်မှုမှာ အကန့်အသတ်တွေ ရှိပါတယ်။ ဒါတွေကိုလည်း တရုတ်နိုင်ငံနဲ့ နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်တဲ့ အပိုင်းတွေရှိပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးကို ဦးစားပေး လုပ်ဆောင်လျက်ရှိပါတယ်။ လွယ်ကူချောမွေ့အောင် ဆောင်ရွက်တယ်ဆိုတာ စပြီး ရင်းနှီးမြှုပ်နှံသူအတွက်ရော၊ ရင်းနှီးမြှုပ်နှံမှုရှိပြီးသား လူတွေအတွက်ပါ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အဓိက ကတော့ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အောင် လုပ်မယ့်အဆင့်တွေ ရှိပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာအရ သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ ကျွန်တော်တို့ လျှော့ပေးနိုင်တဲ့ ကိစ္စတွေ မြန်မြန်ဆန်ဆန်ရှိအောင် ဆောင်ရွက်တာတွေ နောက်တစ်ခါ အတားအဆီးတွေကို ဖယ်ရှားတာတွေ စတဲ့လုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိလုပ်ငန်းရှင်တွေ ရင်ဆိုင်ကြုံတွေ့နေရတာ သူတို့ရဲ့ အခက်အခဲတွေကို သိချင်လို့ ဒီနေ့အစည်းအဝေးကို လုပ်တာဖြစ်ပါတယ်။ သူတို့ဆီက သိရတာနဲ့ စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုဒီပွဲကို ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီက ဦးစီးဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံသူတွေရဲ့ အခက်အခဲတွေကို နားထောင်မယ်။ နားထောင်ပြီးတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ အားလုံးက သက်ဆိုင်ရာအပိုင်းလိုက် ဖြေရှင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံသူတွေအတွက် အများကြီး အခွင့်အလမ်းရမယ်လို့ မျှော်လင့်ပါတယ်။ ဒီလို ပွဲမျိုးလုပ်ပေးတဲ့ ဌာနတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ သိပ်ပြီး အဓိပ္ပာယ်ရှိတဲ့ပွဲ ဖြစ်ပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း**
**အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန**

အဓိက လုပ်ငန်းရှင်တွေ တင်ပြတာ တော်တော်များများကတော့ လုပ်ခလစာနဲ့ ပတ်သက်လို့ အလုပ်သမားတွေကိုပေးဖို့ ဥပဒေအရ မရှင်းလင်းတာလေးတွေ မေးတာရှိပါတယ်။ နောက်တစ်ခုက ဘဏ်လုပ်ငန်းရှင်များနဲ့ ပတ်သက်ပြီး ဘဏ်တွေကနေ ငွေကြေးထုတ်တဲ့အခါမှာ အဆင်ပြေချောမွေ့ရေးအတွက် မေးတာရှိပါတယ်။ ကျွန်တော်တို့ကတော့ အလုပ်သမားနဲ့ သက်ဆိုင်တဲ့ ကဏ္ဍကိုပဲ ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ အဓိက ဥပဒေအရ သတ်မှတ်ထားတဲ့ လစဉ် လဆန်း ၅ ရက်နေ့မှာ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံ အလုပ်ဌာနများမှာရှိတဲ့ အလုပ်သမားများကို ၅ ရက်နေ့မှာ သူတို့ ရသင့်ရထိုက်တဲ့ လုပ်ခလစာများ ပေးချေနိုင်ရေးကို အလေးထား ဆောင်ရွက်ဖို့ ဒီလိုမဆောင်ရွက်ရင် ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေအရ အရေးယူခံရမယ်ဆိုတဲ့ အနေအထားလေးတွေကို ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့တာ ဖြစ်ပါတယ်။ ဥပဒေမှာ ခြွင်းချက်ရှိပါတယ်။ လုပ်ခကတော့ ဥပဒေအရကတော့ လျှော့ပြီးပေးတာမရပါဘူး။ ဥပဒေအရ ပိုပေးလို့ရပါတယ်။ ဒါကျွန်တော်တို့ ဥပဒေရဲ့ ထူးခြားချက်ပါ။ သို့သော်လည်းပဲ လက်ရှိ လုံခြုံရေး အခြေအနေ၊ ငွေလွှဲပြောင်းမှုအခြေအနေ ဒီအခြေအနေကြောင့်များ လစာထုတ်ဖို့ရက်ကို ရွှေ့ပြောင်းဖို့ အခြေအနေရှိလာရင်တော့ သက်ဆိုင်ရာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်က ခန့်ထားတဲ့ မန်နေဂျာ၊

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

အလုပ်သမားက ရွေးချယ်ထားတဲ့ အခြေခံအလုပ်သမား အဖွဲ့အစည်း၊ တချို့လည်း မဖွဲ့စည်းထားရင် အလုပ်သမားတွေကို ကိုယ်စားပြုဖွဲ့ထားတဲ့အဖွဲ့နဲ့ စက်ရုံနဲ့ညှိပြီး လစာထုတ်ဖို့ ရက်ကို ဒီလို နှစ်ဖက်သဘောတူညီချက်နဲ့ တင်ပြလာရင် သဘောတူရင် လုပ်ခလစာပေးမယ့် ရက်ကိုရွှေ့ဆိုင်းလို့ရပါတယ်။ ရွှေ့ဆိုင်းတဲ့ အခါမှာလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရမှ အတည်ဖြစ်ပါတယ်။ နှစ်ယောက်တည်း သဘောတူရုံနဲ့ အောက်မှာ လုပ်ထားပြီးပြီဆိုရုံနဲ့ မရပါဘူး။ သက်ဆိုင်ရာ ဒီဥပဒေကို ကြီးကြပ်တဲ့ ဦးစီးဌာနနဲ့ ဝန်ကြီးဌာနကို တင်ပြရမှာဖြစ်ပါတယ်။

လူမှုဖူလုံရေးနဲ့ပတ်သက်လို့ ရန်ကုန်မှာ မတ်လအလယ်ပိုင်းလောက်ကဖြစ်ခဲ့တဲ့ လှိုင်သာယာ၊ ရွှေပြည်သာစက်ရုံ ၂၀ ကျော်လောက် မီးရှို့ဖျက်ဆီးခံရတာရှိတယ်။ အလုပ်သမား သောင်းနဲ့ချီပြီး အလုပ်အကိုင် ဆုံးရှုံးတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သက်ဆိုင်ရာအလုပ်သမားကနေ လူမှုဖူလုံရေးသွင်းထားတဲ့ သူ့ရဲ့လစာငွေအပေါ်မူတည်ပြီး ၄၀ ရာခိုင်နှုန်းကို တစ်လစာ ထောက်ပံ့ပေးမယ်ဆိုပြီးတော့ လက်ရှိ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ဆောင်ရွက်ထားပါတယ်။ ဒါကလည်း အလုပ်သမားကိုတော့ တိုက်ရိုက်ထုတ်ပေးမှာ မဟုတ်ပါဘူး။ စက်ရုံကနေ ကိုယ်စားပြုတဲ့ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင် ခန့်ထားတဲ့ မန်နေဂျာနဲ့ သက်ဆိုင်ရာ နယ်မြေမှာ ရှိတဲ့ လူမှုဖူလုံရေးရုံးမှာ ထည့်ဝင်ကြေးတွေ၊ ထည့်ဝင်ကြေးနှုန်းထားတွေ၊ လစာနှုန်းထားတွေ၊ ပြန်ပြီး စာရင်းတိုက်ဆိုင် စစ်ဆေးပြီးတော့မှ မှန်ကန်တယ်ဆိုတာနဲ့တစ်ပြိုင်နက် အမြန်ဆုံး ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ခုနကပြောတဲ့ အချို့လုပ်ငန်းရှင်တွေ မန်နေဂျာနဲ့ တင်ပြတာရှိပါတယ်။ ၄၀ ရာခိုင်နှုန်း ထောက်ပံ့ကြေးကို ဒီထက်ပိုပြီး ကာလတိုးပြီး ၃ လ သို့မဟုတ် ၆ လ တိုးပြီး ထောက်ပံ့ပေးမလားဆိုပြီး ဒီလိုမျိုးလည်း တောင်းဆိုချက်ကလေးတွေ တင်ပြလာတာရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့ကတော့ လူမှုဖူလုံရေး ရန်ပုံငွေရဲ့ တောင့်တင်းခိုင်မာမှု အနေအထားပြန်ကြည့်ရပါမယ်။

နောက်တစ်ခုက လူမှုဖူလုံရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ သဘာဝဘေးဒဏ်နဲ့ ပတ်သက်လို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေပါ အချက်အလက်တွေကိုလည်း ပြန်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ထောက်ချင့် သုံးသပ်ပြီးတော့မှ ဒီကာလကို ဘယ်လောက်အထိ ထပ်တိုးပေးနိုင်မလဲ ၊ အခြေအနေ ရှိသလားဆိုတာကတော့ ကျွန်တော်တို့ အထက်လူကြီးများကို တင်ပြမယ်။ အမျိုးသားအဆင့် လူမှုဖူလုံရေးဘုတ်အဖွဲ့ကိုလည်း တင်ပြဆွေးနွေးညှိနှိုင်းပြီးတော့မှ ဒါကိုထောက်ပံ့ဖို့အတွက် ဆက်စီစဉ်ဆောင်ရွက်နိုင်ရေး လုပ်သွားမှာပါ။

**ဦးကိုကိုနိုင်**
**(လက်ထောက်အထွေထွေမန်နေဂျာ၊ ရွှေလင်ဗန်းစက်မှုဇုန်၊ အထည်ချုပ်စက်ရုံ)**


ဦးကိုကိုနိုင်


မထိုက်ထိုက်ထွန်း


Mr. Hu Fen Fen

စက်ရုံက ၃ လပိုင်း ၁၄ ရက်နေ့က မီးလောင်ကျွမ်းခံခဲ့ရတာပါ။ လက်ရှိ ကျွန်တော့်စက်ရုံရဲ့ ဝန်ထမ်းအင်အားက ၁၆၀၀ ရှိပါတယ်။ ဒီနေ့မှာ တင်ပြတာက ကျွန်တော်တို့ စက်ရုံက ဘာမှ ပြန်မရလောက်အောင် မီးလောင်ကျွမ်းသွားတာ ဖြစ်တဲ့အတွက် လုပ်ငန်းရှင်မှာလည်း နစ်နာပါတယ်။ အလုပ်သမားတွေအတွက်လည်း နစ်နာပါတယ်။ စက်ရုံပိုင်ရှင်တွေအနေနဲ့ ဒီစက်ရုံကို ပြန်လည်တည်ဆောက်ဖို့ဆိုတာ ကျွန်တော်တို့က မြေငှားပြီးတော့ အဆောက်အဦငှားပြီး ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ပြန်တည်ထောင်ဖို့ဆိုတာ အခက်အခဲ အများကြီးရှိပါတယ်။ လုပ်ငန်းရှင်အနေနဲ့က ဘာတွေတင်ပြနိုင်းသလဲဆိုတော့ နိုင်ငံတော်အနေနဲ့ ဘာတွေ ထောက်ပံ့ပေးနိုင်မှာလဲ၊ အခွန်တွေဆို ဘယ်လို လျှော့ပေါ့ပေးမလဲ။ ဒါမှမဟုတ် မြေနေရာရော အစိုးရဘက်က ချမှတ်ပေးဖို့ အစီအစဉ် ရှိ မရှိ ဒါတွေကို လုပ်ငန်းရှင်တွေဘက်က သိချင်တယ်။ တင်ပြနိုင်းတဲ့ကိစ္စတွေပါ။ ကျွန်တော့်အနေနဲ့ အလုပ်သမားတွေက လက်ရှိအနေအထားမှာ စက်ရုံလည်း မီးလောင်ခံထားရတဲ့အတွက် အလုပ်လက်မဲ့ဖြစ်နေပြီ။ လက်ရှိ နိုင်ငံတော်ရဲ့ အနေအထားအရ စီးပွားရေး အနေအထားအရဆိုရင် ဒီကလေးတွေဟာ တခြားစက်ရုံမှာ ပြန်လျှောက်ဖို့ဆိုတာ အခက်အခဲ အများကြီး ရှိပါတယ်။ စက်ရုံပိုင်ရှင်ကလည်း လက်ရှိကာလမှာ လစာပေးနိုင်မှာမဟုတ်တဲ့အတွက် အဲ့ဒီအတွက် နိုင်ငံတော်ကနေ ဒီကလေးတွေကို သင့်တော်တဲ့ ထောက်ပံ့ကြေးငွေကို တစ်လတည်း မဟုတ်ဘဲနဲ့ ထိုက်သင့်တဲ့ ကာလတစ်ခုအထိကို ဒီကလေးတွေကို ထောက်ပံ့ပေးစေချင်တယ်ဆိုပြီး တင်ပြထားပါတယ်။

လက်ရှိအနေအထားကတော့ လုပ်ငန်းရှင်တွေကလည်း စိုးရိမ်စိတ်တွေနဲ့ လည်ပတ်ရတာဖြစ်သလို၊ အလုပ်သမားတွေကလည်း စားဝတ်နေရေးအတွက် စိုးရိမ်စိတ်နဲ့လာပြီး အလုပ်ဆင်းနေကြရတာ၊ ဒါကအဓိကပေါ့။ လုံခြုံရေးပြဿနာပေါ့၊ ကလေးတွေကလည်း စိုးရိမ်ထိတ်လန့်နေတဲ့ အနေအထားမျိုး၊ လုပ်ငန်းရှင်တွေကလည်း လုပ်သာလုပ်နေရတာ ဘာဖြစ်မလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ လုပ်နေရတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။

ကျွန်တော်တို့စက်ရုံက အထည်ချုပ်စက်ရုံဖြစ်တယ်၊ နိုင်ငံတော်တော်များများကို ပို့နေပါတယ်။ ကျွန်တော်တို့အနေနဲ့က လုပ်ငန်းတွေ မြန်မြန်ဆန်ဆန်နဲ့ ပြန်လည်တည်တည်ငြိမ်ငြိမ်နဲ့ လုပ်ကိုင်နိုင်မှသာလျှင် နိုင်ငံတော်ရဲ့ စီးပွားရေး၊ အလုပ်သမားတွေရဲ့ စားဝတ်နေရေး တိုးတက်လာမယ်လို့ ယူဆပါတယ်။ အဓိကကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေကို အတတ်နိုင်ဆုံး ထောက်ပံ့ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေ အလုပ်လက်မဲ့မဖြစ်တော့ဘဲ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်များပြီး စားဝတ်နေရေး ပြေလည်လာမယ်လို့ ထင်ပါတယ်။ အဲ့ဒီအတွက် နိုင်ငံတော်အနေနဲ့က လုပ်ငန်းရှင်တွေ တင်ပြခဲ့သလို နိုင်ငံတော်အနေနဲ့ သင့်တော်တဲ့ မြေနေရာမျိုးတွေကို တကယ်သာ ချပေးထားနိုင်မယ်ဆိုရင် လုပ်ငန်းရှင် တော်တော်များများ ပြန်လည်ဝင်ရောက်လာမယ်လို့ ယူဆပါတယ်။

**မထိုက်ထိုက်ထွန်း (HR-Manager )**
**ဂျပန်ရင်းနှီးမြှုပ်နှံမှု အထည်ချုပ်စက်ရုံ**

ကျွန်မတို့စက်ရုံက ၁၀၀ရာခိုင်နှုန်း ဂျပန်ရင်းနှီးမြှုပ်နှံမှုပါ။ စက်ရုံက နှစ်ရုံရှိပါတယ်။ ရန်ကုန်စက်မှုဇုန်မှာက လုပ်သားအင်အား ၁၅၀၀ လောက်ရှိပါတယ်။ မင်္ဂလာဒုံစက်မှုဇုန်မှာက လုပ်သားအင်အား ၃၀၀၀ လောက်ရှိတဲ့ တစ်ရုံရှိတယ်။ ကိုဗစ်ကာလမှာလည်း စက်ရုံက လူလည်းမလျှော့ခဲ့ဘူး၊ စက်ရုံလည်း မပိတ်ခဲ့ဘူး၊ ပုံမှန်လည်ပတ်ပါတယ်။ အစိုးရပိတ်ရက်တွေအတိုင်း ပိတ်ပြီးတော့ လည်ပတ်နေခဲ့ပါတယ်။ အခု လက်ရှိမှာလည်း စက်ရုံက လည်ပတ်နေပါတယ်။ ဒါပေမယ့် ကလေးတွေရဲ့ လုံခြုံရေးအရ သူတို့တွေက မလုံခြုံဘူးထင်ပြီး နယ်က ကလေးတွေက ပြန်တော့ အခု ရန်ကုန်ရုံဆို ၈၀၀ ကျော် ၁၀၀၀ နီးပါးလောက်တော့ ကျန်သေးတယ်။ ရုံ-၂ ဆိုလည်း ၂၀၀၀ လောက် ကျန်နေသေးတယ်။ လက်ရှိ အော်ဒါကလည်း ရှိတယ်။ လုပ်သားအင်အားလည်း ရှိတယ်၊ လက်ရှိမှာလည်း ဝန်ထမ်းတွေလည်း ခေါ်နေပါတယ်။

လက်ရှိ ရင်ဆိုင်နေရတဲ့ အခက်အခဲက ဝန်ထမ်းတွေအတွက် လစာဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံဖြစ်တဲ့အတွက် လူဦးရေကလည်း ထောင်ချီတဲ့အခါကျတော့ အနည်းဆုံး လဆန်း ၅ ရက်နေ့ဆို လစာပေးရပါတယ်။ ပေးရတာ ဖြစ်တဲ့အတွက် အရင်တုန်းက ရိုးမပေးကို သုံးတယ်။ ပိတ်လိုက်တဲ့အခါကျတော့ ရိုးမအေတီအမ်တွေက ငွေမရှိဘူး၊ အရင်တုန်းက KBZ လည်း ထုတ်လို့ရတယ်။ ဧရာဝတီဘဏ်လည်း ထုတ်လို့ရတယ်။ သူတို့ရဲ့ ငွေလွှဲကြေးကလည်း အခမဲ့ဆိုတော့ ကလေးတွေအတွက် အဆင်ပြေတယ်။ အခုက ရိုးမက အေတီအမ်စက်တွေက နေရာတိုင်းမှာ မရှိဘူး၊ အခြားဘဏ်တွေလို နေရာတိုင်းမှာမရှိဘူး၊ သူတို့ဘဏ်ရှေ့မှာ တစ်လုံးလောက်ပဲရှိတယ်။ ရိုးမနဲ့ ပေးတဲ့အခါကျတော့ ကတ်(Error) ဖြစ်တာ၊ လော့ကျတာတို့ဆို ဘဏ်က ဝန်ထမ်းတွေက လော့ဖြေပေးတာတို့ လုပ်ပေးရမှာပေါ့။ အခုလက်ရှိဘဏ်ဝန်ထမ်းတွေက အလုပ်မလုပ်ကျတဲ့အခါကျတော့ ကလေးတွေ ဖေဖော်ဝါရီလအတွက် လစာကို ငွေသားနဲ့ပဲ ပေးချေခဲ့ရတယ်၊ ရုံနှစ်ရုံဆိုတော့ လစာက သိန်းပေါင်း တစ်သောင်းသုံးထောင်ထိ ပေးရတယ်။ ကျွန်မတို့ဆီက ကလေးတွေက လစာလည်းများတယ်။ အခုလက်ရှိက အခုတောင် နှစ်ရက်ဖြစ်နေပြီ။ လစာက လုံးဝထုတ်လို့ မရဘူး။ ဘဏ်ထဲမှာက ငွေတွေကရှိတယ်။ ရိုးမက ပေးမထုတ်ဘူး။ ဗဟိုဘဏ်ကနေပြီး ကုမ္ပဏီအနေနဲ့ ထုတ်ပေးလိုက်တဲ့ တစ်သောင်းဆိုရင် ဗဟိုဘဏ်ကထုတ်ပေးမှ စီးဆင်းလို့ရမှာ ဖြစ်ပါတယ်။ ကလေးတွေက လဆန်း ၅ ရက်နေ့ ရောက်တိုင်း စိတ်ပူနေရတယ်။ ဒါ့ကြောင့် အဆင်ပြေချင်လို့ လဆန်း ၅ ရက်နေ့ နောက်ဆုံးထားပြီး ထုတ်ချင်လို့ ဘဏ်ကတ်နဲ့က အဆင်မပြေဘူး၊ လက်ရှိငွေသားနဲ့ပဲ ပေးချင်တယ်။ တခြားအခက်အခဲတော့ မရှိဘူး၊ လစာကိစ္စပဲ အခက်အခဲ ဖြစ်နေတယ်။ ပုံမှန်အော်ဒါလည်းရှိတယ်။ လူလည်း ထပ်ခေါ်နေတာပါ။ လက်ရှိ ဂျပန်နိုင်ငံကို တင်ပို့နေတာပါ။ လက်ရှိကလေးတွေ အထည်ချုပ်စက်ရုံက ကလေးတွေကို အချိန်ပိုဆင်းစေချင်တယ်။ သူတို့ လုံခြုံရေးတော့ လုပ်မပေးနိုင်ဘူး။ အချိန်ပိုလစာနဲ့ သူတို့ရတဲ့ လစာနဲ့ဆို ပိုပြီးအဆင်ပြေမှာ။ အဲ့ဒါကတစ်ချက်ပေါ့။ နောက်တစ်ခုက မင်္ဂလာဒုံစက်မှုဇုန်ဆိုတာ ရေကို ခေါ်လာနဲ့ပေးရတာ။ အခြားစက်မှုဇုန်တွေလို အဝီစိရေမရဘူး။ ဒါကိုလည်း လုံခြုံရေးကောင်းကောင်း လုပ်ပေးစေချင်တယ်။ နောက်တစ်ခုက ဒီမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားသားတွေရဲ့ ဘဝလုံခြုံမှုကိုလည်း လုပ်ပေးစေချင်ပါတယ်။

**Mr. Hu Fen Fen**
**တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသူ**

ကျွန်တော်က စက်ရုံရဲ့ ဦးစီးတဲ့သူပါ။ ကျွန်တော်တို့ စက်ရုံက ၃ လပိုင်း ၁၄ ရက်နေ့မှာ မီးလောင်ခံခဲ့ရပါတယ်။ စက်ရုံလောင်ကျွမ်းသွားတဲ့အတွက် စုစုပေါင်းတန်ဖိုး ဒေါ်လာ ၅ သိန်းခန့် ရှိပါတယ်။ ကျွန်တော်တို့စက်ရုံက အခုလိုမျိုး လောင်ကျွမ်းသွားတော့ ဆုံးရှုံးနစ်နာမှုတွေများတော့ ဝန်ထမ်းတွေကို လစာပေးဖို့ အခက်အခဲ ရှိလာပါတယ်။ ဒါ့ကြောင့် အစိုးရက ဘယ်လိုအကူအညီတွေပေးနိုင်မလဲလို့ မျှော်လင့်ပြီး လာခဲ့တာပါ။ သက်ဆိုင်ရာ အကြီးအကဲတွေရဲ့ ပြောစကားအရဆိုရင်တော့ လူမှုဖူလုံရေးကြေး ၄၀ ရာခိုင်နှုန်းပေးမယ်လို့ သိရတယ်။ နောက်ပိုင်း ၄ လပိုင်း၊ ၅ လပိုင်း၊ ၆ လပိုင်းတွေမှာရော ဆက်ပြီးပေးမလားဆိုတာတော့ ဆွေးနွေးပြီး အဖြေကို ပြောမယ်လို့ ပြောထားပါတယ်။

အခုလို မီးလောင်ခံရမှု ဖြစ်ပွားပြီးတော့ ကျွန်တော်တို့ရဲ့ စက်ရုံက စက်ရုံပိုင်ရှင်ကလည်း သူတို့ရဲ့ အဆောက်အအုံ ပျက်စီးတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို ဖိအားပေးတယ်။ အစိုးရအနေနဲ့ကလည်း ဒီပြဿနာလေးကို ကူညီဖြေရှင်းပေးဖို့ ကုမ္ပဏီနဲ့အတူတူ ကူညီဖြေရှင်းပေးဖို့ လိုလားပါတယ်။

** ကျော့ဖုံးမှ*

ရွေ့လျားကာ၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ် (Depression) ၏ အရှိန်ကြောင့် ၂-၄-၂၀၂၂ ရက်မှ ၇-၄-၂၀၂၂ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်း အမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေ ခန့် ရှိနိုင်သည်။

အဆိုပါ မုန်တိုင်းငယ် (Depression) ၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ခရီးသွားလာရေးလုပ်ငန်းတွေ ပိုမိုတိုးတက်ရေးနဲ့ ခရီးသွားပြည်သူတွေ ဓာတ်ခွဲမှုအတွက် ကုန်ကျစရိတ်နဲ့ အချိန်သက်သာစေရေးတို့ကို ရည်ရွယ်ပြီး Laboratory Testing လိုအပ်ချက်တွေကို လျှော့ပေါ့ပေးခဲ့

ဦးနေဝင်း (ညွှန်ကြားရေးမှူး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)

## ကောင်းကင်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ပြည်တွင်းပုံမှန် လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုကို သတ်မှတ်ထားသော စံလုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်မှ စတင်ပျံသန်းပြေးဆွဲလျက်ရှိပါသည်။

လေကြောင်းလိုင်းများတွင် စီးနင်းလိုက်ပါမည့် ခရီးသည်များ၊ လေကြောင်းလိုင်းဝန်ထမ်းများနှင့် လေဆိပ်ဝန်ထမ်းများအားလုံး လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ တရားဝင်ထုတ်ပြန်ခဲ့ပါသည်။

ထိုအချိန်က လေကြောင်းဖြင့် ခရီးသွားမည့်သူများအနေဖြင့် ကိုဗစ် - ၁၉ ရောဂါပိုး ရှိမရှိ ကျန်းမာရေးဆေးစစ်ခြင်းကို ကြိုတင်စစ်ဆေးရပြီး နာရီ၀က်အတွင်း ဓာတ်ခွဲအဖြေထွက်သည့် နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် တစ်သောင်း ကျသင့်သည်။ အနည်းဆုံး နာရီဝက်အကြာမှ ဓာတ်ခွဲအဖြေထွက်သည့်နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် ၃၅၀၀၀ ကျသင့်သည်။ ထိုသို့ စစ်ဆေးရာတွင်လည်း လေယာဉ်နှင့် လိုက်ပါမည့် သူများသည် လေယာဉ်လက်မှတ်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အခြားသက်သေခံအထောက်အထားနှင့် ခြောက်လအတွင်း ဓာတ်ပုံတစ်ပုံ ယူဆောင်လာရန်လိုသည်။ ခရီးစတင်မထွက်ခွာမီ ၃၆ နာရီအတွင်း စစ်ဆေးမှုခံယူရသည်။ လာရောက်စစ်ဆေးရာတွင် အဖော်ခေါ်ဆောင်လာ၍မရဘဲ နှာခေါင်းစည်းနှင့် မျက်နှာအကာတပ်ဆင်လာရပြီး စစ်ဆေးသည့်အချိန်မှလွဲ၍ အချိန်ပြည့် တပ်ဆင်ထားရသည်။

ထိုကဲ့သို့ သတ်မှတ်ချက်များဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ပြန်လည်ပျံသန်းပြေးဆွဲခြင်းကို ခွင့်ပြုခဲ့ခြင်းဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ လျော့ပါးမှုမရှိသေးသည့်အတွက် ထိုအချိန်က ပြည်တွင်းပုံမှန် လေကြောင်းခရီးစဉ်များ ပြေးဆွဲရာတွင် လေကြောင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် လေယာဉ်ခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များတွင် Laboratory Testing နှင့်အတူ Quarantine သတ်မှတ်ချက်များကိုလည်း ထည့်သွင်းထားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းမှာ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုသည် လျော့နည်းကျဆင်းလာသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၁ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြင်ဆင်ခဲ့ရာတွင် လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ပြည်သူများ လိုက်နာဆောင်ရွက်မှု၊ ခရီးသွားလာရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေးနှင့် ခရီးသွားပြည်သူများ ဓာတ်ခွဲမှုအတွက် ကုန်ကျစရိတ်နှင့် အချိန်သက်သာစေရေးတို့ကို ရည်ရွယ်ပြီး Laboratory Testing လိုအပ်ချက်များကို လျှော့ပေါ့ပေးခဲ့ပြီး ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ထားသည့် Quarantine လိုအပ်ချက်များကိုသာ တိတိကျကျ လိုက်နာဆောင်ရွက်ပေးကြရန် နှိုးဆော်အသိပေးထားသည်။

မတ်လ ၁၉ ရက်က ပြင်ဆင်ထားသည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များတွင် ကိုဗစ်-၁၉ သံသယဖြစ်ဖွယ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း၊ ပိုးတွေ့လူနာနှင့် နှစ်ပတ်အတွင်း ထိတွေ့ခြင်း အစရှိသည့် ရောဂါ လက္ခဏာနှင့် အခြေအနေများ အလုံးစုံ ကင်းစင်မှသာ သတ်မှတ်ခရီးစဉ်တွင် လိုက်ပါရန်၊ ကျန်းမာရေးဆိုင်ရာ ကြေညာချက်စာရွက်အား မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများသို့ မပျက်မကွက်ပေးအပ်ရန်၊ သက်ဆိုင်ရာမြို့သို့ လေယာဉ်ဆိုက်ရောက်ပါက ဒေသန္တရဆိုင်ရာ အမိန့်များအား မဖြစ်မနေ လိုက်နာဆောင်ရွက်ရန် စသည်တို့အပါအဝင် လေကြောင်းဖြင့် လိုက်ပါစီးနင်းမည့် ခရီးသည်များ လိုက်နာဆောင်ရွက်ရမည့်အချက် ၉ ချက်ကို ထည့်သွင်းရေးဆွဲထားသည်။

ထိုကဲ့သို့ ပြောင်းလဲဆောင်ရွက်ခဲ့မှုများအပါအဝင် ဖြေလျှော့မှုများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ မေးမြန်းခဲ့သည်ကို ဖော်ပြအပ်ပါသည် -

**ဦးနေဝင်း**
**ညွှန်ကြားရေးမှူး**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**မေး ။** ။ မြန်မာနိုင်ငံအတွင်းမှာ ကိုဗစ် - ၁၉ ကူးစက်မှု လျော့နည်းကျဆင်းသွားတယ်လို့ ထင်ပါတယ်။ ဒါပေမယ့် အိမ်နီးချင်းနိုင်ငံတချို့မှာတော့ သတင်းတွေအရ အခုအခါမှာ ကိုဗစ် - ၁၉ ကူးစက်မှုက ပိုပြီးတောင် များနေတာလည်း တွေ့ပါတယ်။ ကျွန်မ ပထမဆုံးမေးလိုတာကတော့ လေကြောင်းနဲ့ ခရီးသွားလာကြရာမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးတွေအတွက် ကြပ်မတ်ဖို့ လိုအပ်ပါသေးသလား။ တချို့ခရီးသွားတွေအနေနဲ့ လေကြောင်းခရီးသွားလာမှုနဲ့ ပတ်သက်ပြီး စည်းကမ်းကြပ်မတ်မှုတွေ များလွန်းတယ်လို့ ပြောဆိုနေသေးတာ ကြားသိရပါတယ်။ ဒီအပေါ်မှာ ဘယ်လိုအကြောင်းတွေကြောင့် စည်းကမ်းကြပ်မတ်မှုတွေ ဆောင်ရွက်ရတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။

**ဖြေ ။** ။ လေယာဉ်လက်မှတ်တွေကို လေကြောင်းလိုင်းအားလုံးက အေးဂျင့်က တစ်ဆင့်ရော online ကတစ်ဆင့်ပါ ရောင်းချပေးတဲ့အတွက် ခရီးသည်တွေ ဝယ်ယူရလွယ်ကူမှာ ဖြစ်ပါတယ်။ ကိုဗစ် - ၁၉ ကင်းရှင်းကြောင်း ဆေးလက်မှတ်လိုအပ်ချက်ကိုလည်း ၂၀၂၁ ခုနှစ် မတ်လ ၁၉ ရက်နေ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြင်ဆင်ထုတ်ပြန်တဲ့ "ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ ပြေးဆွဲရာတွင် လေကြောင်းလိုင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် လေယာဉ်စီးခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ (version 2.2)" အရ ပယ်ဖျက်ပေးပြီး ဖြစ်ပါတယ်။ ပြည်ပခရီးသွားတွေအတွက်ကတော့ သွားရောက်မယ့် နိုင်ငံရဲ့ ပြည်ဝင်ခွင့် သတ်မှတ်ချက်အရ COVID-19 ကင်းရှင်းကြောင်း ဆေးလက်မှတ် လိုအပ်နိုင်ပါတယ်။

**မေး ။** ။ ပြည်ပခရီးသွားတွေအတွက် ကန့်သတ်မှုတွေကိုလည်း ရက်တိုးထားတာနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးပါဦး။

**ဖြေ ။** ။ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တားဆီး ကာကွယ်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Temporary Measure to Prevent Importation of COVID-19 to Myanmar through Air Travel (Issue-2) ရဲ့ သက်တမ်းကို ၂၀၂၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်းကို သက်ဆိုင်ရာ လေကြောင်းလိုင်းတွေကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ အဲဒီ Temporary Measure အရ စီးပွားဖြစ်ပျံသန်းတဲ့ နိုင်ငံတကာ ခရီးသည်တင်လေကြောင်းခရီးစဉ် (Commercial International Passenger Flight) တွေ မြန်မာနိုင်ငံကို ဝင်ရောက်ခြင်းကို ယာယီကန့်သတ်ထားပါတယ်။

ဒါပေမယ့် ဒီကန့်သတ်မှုမှာ နေရပ်ပြန် မြန်မာနိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေအတွက် ကယ်ဆယ်ရေး လေယာဉ်ခရီးစဉ်တွေ၊ ကုန်စည်တင် လေယာဉ်ခရီးစဉ်တွေ၊ ဆေးဘက်ဆိုင်ရာ လေယာဉ်ခရီးစဉ်တွေ၊ အရေးပေါ်လေယာဉ်ဆင်းသက်မှုတွေ မပါဝင်ပါဘူး။

**မေး ။** ။ ဘယ်လို အခြေအနေတွေကနေ ဖြေလျှော့မှုတွေ ပေးနိုင်မယ်ဆိုတာ သိပါရစေ။

**ဖြေ ။** ။ နိုင်ငံတကာ ခရီးသည်တင် လေကြောင်းခရီးစဉ်တွေကိုတော့ လက်ရှိ ကမ္ဘာ့နိုင်ငံတွေမှာ ကူးစက်ပြန့်ပွားလျက်ရှိတဲ့ မျိုးရိုးဗီဇပြောင်း ကိုဗစ် - ၁၉ ရောဂါပိုး (Variant COVID-19) ကို ထိန်းချုပ်နိုင်ပြီးတော့ မိမိနိုင်ငံကို ဝင်ရောက်လာမယ့် နိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေကို ပိုမိုလက်ခံပြီး ကျန်းမာရေးအစီအမံတွေ ကြီးကြပ်ဆောင်ရွက်ပေးနိုင်တဲ့အချိန်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ ဆွေးနွေးညှိနှိုင်းပြီးတော့ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။** ။ ထပ်မံ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။

**ဖြေ ။** ။ လေကြောင်း ခရီးသွားလာမှုကနေ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု နည်းပါးတယ်လို့ ဆိုပေမယ့်လည်း မပေါ့ဆဘဲ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်တွေကို တိတိကျကျ လိုက်နာသွားနိုင်ရင်တော့ ပိုပြီးစိတ်ချရမှာပါ။

**ဒေါက်တာ သဉ္ဇာအောင်**
**ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**မေး ။** ။ လေကြောင်းနဲ့ ခရီးသွားလာရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေနဲ့ ခရီးသည်တွေ လိုက်နာဖို့ လိုအပ်တာနဲ့ ပတ်သက်လို့ ဆောင်ရွက်ထားတဲ့ အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။

**ဖြေ ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းနဲ့ ပြည်ပ လေကြောင်းခရီးစဉ်တွေ ပြေးဆွဲရာမှာ ကိုဗစ် - ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် လိုက်နာရမယ့် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်တွေနဲ့ လုပ်ငန်းလမ်းညွှန်တွေကို ကိုဗစ် - ၁၉ ရောဂါစတင်ဖြစ်ပွားခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလကစပြီး ထုတ်ပြန်ခဲ့ပြီး လိုအပ်ချက်နဲ့အညီ

*စာမျက်နှာ ၁၉ သို့*

**‘ထိုအချိန်က လေကြောင်းဖြင့် ခရီးသွားမည့်သူများအနေဖြင့် ကိုဗစ် - ၁၉ ရောဂါပိုး ရှိမရှိ ကျန်းမာရေးဆေးစစ်ခြင်းကို ကြိုတင်စစ်ဆေးရပြီး နာရီဝက်အတွင်း ဓာတ်ခွဲအဖြေထွက်သည့် နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် တစ်သောင်း ကျသင့်။ အနည်းဆုံး နာရီဝက်အကြာမှ ဓာတ်ခွဲအဖြေထွက်သည့်နည်းလမ်းဖြင့် စစ်ဆေးပါက ငွေကျပ် ၃၅၀၀၀ ကျသင့်။ ထိုသို့ စစ်ဆေးရာတွင်လည်း လေယာဉ်နှင့် လိုက်ပါမည့်သူများသည် လေယာဉ်လက်မှတ်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အခြားသက်သေခံအထောက်အထားနှင့် ခြောက်လအတွင်း ဓာတ်ပုံတစ်ပုံ ယူဆောင်လာရန်လို။ ခရီးစတင်မထွက်ခွာမီ ၃၆ နာရီအတွင်း စစ်ဆေးမှုခံယူရ။ လာရောက်စစ်ဆေးရာတွင် အဖော်ခေါ်ဆောင်လာ၍မရဘဲ နှာခေါင်းစည်းနှင့် မျက်နှာအကာတပ်ဆင်လာရပြီး စစ်ဆေးသည့်အချိန်မှလွဲ၍ အချိန်ပြည့် တပ်ဆင်ထားရ’**

# အငြိမ်းစားဝန်ထမ်းတစ်ဦးရဲ့ ခံစားမှု

## စွန်ရဲ

အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်တဲ့ စာရေးသူဟာ လစဉ်လတိုင်း ပင်စင်လစာထုတ်ဖို့ဘဏ်ကို သွားရောက် ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လလောက်ကစပြီးလူစုလူဝေးရှိတဲ့နေရာတွေကို သိပ်ပြီးမသွားဖြစ်ပေမယ့် ပင်စင်ထုတ်ဖို့တော့ သွားနေရတာပါပဲ။ ဒါပေမယ့် ပင်စင်စတင်ထုတ်ပေးတဲ့နေ့တွေမှာ မသွားဘဲ စတင်ထုတ်ပေးပြီး ၃-၄ ရက်လောက်ကြာမှ သွားဖြစ်ပါတယ် ။ သွားရင်လည်း လူရှင်းတဲ့ ညနေပိုင်း ဘဏ်မပိတ်ခင် ၂ နာရီဝန်းကျင်ပဲ သွားဖြစ်ပါတယ် ။ တကယ်ပြောရရင် စာရေးသူတို့လို ပင်စင်စား အဘိုးကြီးတွေအဖို့ ပင်စင်ထုတ်ယူတဲ့ နေ့တွေမှာသာ အပြင်ထွက်ဖြစ်တာများပါတယ်။ ပင်စင်ထုတ်ပေးတဲ့နေရာမှာ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေနဲ့တွေ့ကြရ၊ အာလာပ သလ္လာပ စကားတွေပြောဖြစ်ကြ၊ ရှေးဟောင်းနှောင်းဖြစ်တွေပြောဖြစ်ကြရင်း အထီးကျန်တဲ့ဘဝတွေကို ဖြေဖျောက်ရတာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ကြောင့် လူအများရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားရတာလည်း အမှန်ပါပဲ။

ဒါပေမယ့် ၂၀၂၂ နှစ်ဆန်းပိုင်းလောက်ကစပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းနည်းပါးလာသလို ကာကွယ်ဆေးတွေလည်း ထိုးနှံပေးခဲ့ပါတယ်။ စာရေးသူလည်း အသက်ကြီးသူတစ်ဦးဖြစ်တာကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်ကြိမ်အထိုးခံထားရပြီမို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာခဲ့ပါတယ်။ ဒါကြောင့်လည်း ဖေဖော်ဝါရီလအတွက် ပင်စင်လစာထုတ်ပေးတဲ့အခါ ပင်စင်စားတွေ အများဆုံးစတင်ရောက်တတ်တဲ့ ပင်စင်စတင်ထုတ်ပေးတဲ့နေ့မှာကိုပဲ ဘဏ်ကိုသွားဖြစ်ခဲ့ပါတယ်။ မတွေ့တာကြာပြီဖြစ်တဲ့ ပင်စင်စားမိတ်ဟောင်းဆွေဟောင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကို တွေ့ဆုံချင်တာကြောင့်လည်း ပါပါတယ်။ ဒီလိုနဲ့ပဲ စာရေးသူတွေ့ချင်တဲ့မိတ်ဟောင်းတွေကို ဘဏ်မှာတွေ့ဖြစ်ပါ တယ်။ ငွေထုတ်ယူဖို့ စောင့်ဆိုင်းရင်း မိတ်ဆွေဟောင်းနဲ့ ဟိုအကြောင်းသည် အကြောင်းတွေ ပြောဖြစ်ကြပါတယ်။ ဒီတစ်ခေါက်အများဆုံးပြောဖြစ်တာကတော့ ဝန်ထမ်းတွေရဲ့ CDM လှုပ်ရှားမှုအကြောင်းပါပဲ။ စာရေးသူမှာရော၊ မိတ်ဆွေမှာရော သားသမီးတွေဟာ ဝန်ထမ်းတွေ ဖြစ်နေကြတာမို့ လူအများပြောစကားကို နားယောင်ပြီး ဝန်ထမ်းဖြစ်တဲ့ သားတွေ၊ သမီးတွေ CDM လှုပ်ရှားမှု မပါဝင်ရအောင်နဲ့ ဝန်ထမ်းဘဝမှာလိုက်နာရမယ့် ကျင့်ဝတ်၊ စည်းကမ်းတွေအကြောင်းကို ပြောပြဆုံးမဖြစ်တယ်ဆိုတဲ့ အကြောင်းတွေ ပါပါတယ်။

““ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂီလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပါအံ့” လို့ ဆိုခဲ့ကြပေမယ့် လက်တွေ့မှာ ဆရာဝန်အချို့ဟာ CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြပြီး မိမိတို့ဆောင်ရွက်ရမယ့် ဆေးဝါးကုသရေးလုပ်ငန်းတွေကို ကျောခိုင်းခဲ့ကြတာကို တွေ့ရပါတယ်။ ဆေးရုံတွေမှာ ဆေးဝါးကုသခံယူရင်း တန်းလန်းလူနာတွေဟာ ဆက်လက်ကုသခြင်း မခံရတဲ့အတွက် အသက်မသေသင့်ဘဲ သေဆုံးခဲ့ရတာတွေ၊ ရောဂါဖြစ်နေသူတွေ ဆေးခန်းပြသခွင့် မရတာတွေဟာ အထူးရင်နာစရာကောင်းပါတယ်။ CDM ဆရာဝန်တွေဟာ လူသားချင်းကိုယ်ချင်းစာနာမှုတွေ ခေါင်းပါးသွားခဲ့ကြတာကို တွေ့ခဲ့ရပါတယ်”

### ဖြတ်သန်းကြုံတွေ့

ဝန်ထမ်းလုပ်သက် ဘဝတစ်လျှောက်မှာ စာရေးသူတို့ဟာ အစိုးရအဆက်ဆက် အပြောင်းအလဲတွေကို တွေ့ကြုံခဲ့ရပါတယ်။ ဖဆပလအစိုးရလက်ထဲကနေ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့တဲ့ အိမ်စောင့်အစိုးရခေတ်(၁၉၅၈)၊ နောက်ရွေးကောက်ပွဲနဲ့ တက်လာတဲ့ သန့်ရှင်းဖဆပလ (နောင်ပြည်ထောင်စုအစိုးရ)ခေတ်၊ နောက် ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီအစိုးရခေတ်၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ လမ်းစဉ်ပါတီ အစိုးရခေတ်၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ တပ်မတော် အစိုးရခေတ်တွေ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဒီမိုကရေစီအစိုးရခေတ်ရောက်တော့ စာရေးသူတို့ဟာ အစိုးရဝန်ထမ်းအဖြစ်က အငြိမ်းစားယူခဲ့ပြီးမို့ ဝန်ထမ်းတွေ မဟုတ်တော့ပါဘူး။

တစ်ခေတ်နဲ့တစ်ခေတ်၊ အစိုးရတစ်ဖွဲ့နဲ့ တစ်ဖွဲ့ အကူးအပြောင်းတွေရှိခဲ့ပေမယ့် စာရေးသူတို့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းတွေရဲ့ အနေအထားဟာ အပြောင်းအလဲတွေ မရှိခဲ့ပါဘူး။ မိမိတို့ ရုံးလုပ်ငန်း တာဝန်တွေကို အရှိန်မပျက် လုပ်မြဲတိုင်းလုပ်၊ တာဝန်ထမ်းမြဲတိုင်း ထမ်းခဲ့ကြတာပါ။ တစ်ခုတော့ ရှိပါတယ်။ ၁၉၈၈ ခုနှစ် အစိုးရ အကူးအပြောင်းကတော့ ဝန်ထမ်းတွေအတွက် တော်တော်ကို အခက်အခဲဖြစ်ခဲ့ကြရပါတယ်။ တချို့မြို့တွေမှာ ပြည်သူ့ကောင်စီရုံးတွေကို ဆန္ဒပြသူတွေက ဝင်စီးခဲ့တာတွေ ရှိပါတယ်။ ဝန်ထမ်းတချို့ဟာလည်း ဆန္ဒပြတဲ့အထဲမှာ ပါဝင်ခဲ့ကြတာကို တွေ့ရပါတယ်။ တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် ရုံးမတက်နိုင်ဘဲ ပျက်ကွက်ရမှုတွေ ရှိခဲ့ကြပါတယ်။ ဒါပေမယ့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှာ ဝန်ထမ်းအားလုံး ရုံးတက်တာဝန် ထမ်းဆောင်ကြပါဆိုတော့ အားလုံးနီးပါး အလုပ်ခွင် ဝင်ရောက်ပြီး မူလတာဝန်တွေကို ဟန်မပျက် ထမ်းဆောင်ခဲ့ကြတာကို တွေ့ရပါတယ်။ စာရေးသူ အပါအဝင်ပေါ့။

### နိုင်ငံတော်နဲ့ပြည်သူ

တကယ်တော့ နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းဆောင်နေကြရသူတွေ ဖြစ်ပါတယ်။ နိုင်ငံ့အကျိုး ၊ ပြည်သူ့အကျိုးကို ထမ်းဆောင်နေကြရသူတွေ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုသူတွေဟာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်ပါတီ၊ ဘယ်အစိုးရအဖွဲ့ကိုမှ သစ္စာခံသူတွေ မဟုတ်ကြပါဘူး။ နိုင်ငံတော်ကိုသာ သစ္စာခံရသူတွေ ဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူအကျိုးကို သယ်ပိုးထမ်းဆောင်သူတွေ ဖြစ်ကြပါတယ်။

ဒီနေရာမှာ နိုင်ငံတော်နဲ့ ပြည်သူဆိုတဲ့စကားရပ်ကို ခွဲခြားသိမြင်ဖို့ အနည်းငယ်ပြောလိုပါတယ်။

နိုင်ငံတော်ဆိုတာ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ အတိအကျ နယ်မြေပိုင်းခြားထားတဲ့ ဒေသကို ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာကတော့ အဲဒီနိုင်ငံရဲ့ တာဝန်ကို ထမ်းဆောင်နေသူတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ ပြည်သူဆိုတာကတော့ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးကို ဆိုလိုခြင်းဖြစ်ပါတယ်။ ပြည်သူဆိုရာမှာ တစ်ဦးချင်းမှသည် အဖွဲ့အစည်းအလိုက် ဖွဲ့စည်းပါဝင်နေကြတဲ့ ပြည်သူအစုအဝေးကို ဆိုလိုခြင်းဖြစ်ပါတယ်။ အစုအဖွဲ့၊ အဖွဲ့အစည်းတွေမှာ ပါဝင်နေသူ ပြည်သူအားလုံးဟာ စိတ်သဘောထားချင်း တူညီသူများ ဖြစ်ချင်မှ ဖြစ်ကြပါလိမ့်မယ်။ ဒီနေ့နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများဟာလည်း ပြည်သူတွေဖြစ်ကြပါတယ် ။ ထို့အတူ နိုင်ငံ့ဝန်ထမ်း မဟုတ်တဲ့ ပြင်ပလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်နေကြသူတွေ၊ လယ်သမားတွေ၊ အလုပ်သမားတွေဟာလည်းပြည်သူတွေ ဖြစ်ကြပါတယ်။ ပြောရရင် ဒီနေ့ လမ်းပေါ်ထွက် ဆန္ဒပြနေသူတွေ၊ ဆန္ဒပြပွဲတွေကို နောက်ကွယ်က ကြိုးကိုင်ဆောင်ရွက်နေသူတွေဟာလည်း ပြည်သူတွေ ဖြစ်ကြပါတယ်။ ဒီနေရာမှာ နိုင်ငံ့ဝန်ထမ်းနဲ့ ကွာခြားတာက နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းတိုင်းထမ်းဆောင်ရမယ့် တာဝန် ၁၂ ရပ်၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အခြေခံမူတွေ၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ဖြစ်မှုတွေ၊ ဖြစ်ဒဏ်တွေ စတာတွေ အပါအဝင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ တာဝန်ထမ်းဆောင်မှုနဲ့ ပတ်သက်တဲ့ အကြောင်းအရာအားလုံးပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေမှာ ပြဋ္ဌာန်းထားချက်တွေကို လိုက်နာရသူတွေ ဖြစ်ကြပါတယ်။ သာမန်ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့ ပြည်သူတွေရဲ့ ကွာဟချက်ဖြစ်ပါတယ်။

CDM လှုပ်ရှားမှုတွေမှာ နိုင်ငံ့ဝန်ထမ်းတွေကို ပါဝင်ဖို့ သွေးဆောင်ဖြားယောင်းနေသူတွေ၊ ခြိမ်းခြောက်အကျပ်ကိုင်နေသူတွေက နိုင်ငံ့ဝန်ထမ်းတွေကိုပြောတဲ့အခါ ခင်ဗျားတို့ /ရှင်တို့ဟာ ပြည်သူတွေ မဟုတ်ဘူးလား။ ပြည်သူနဲ့ မပူးပေါင်းတာမရှက်ဘူးလားဆိုတဲ့ စကားလုံးတွေနဲ့ထိုးနှက်တာတွေကို ကြားနေ၊ မြင်နေရပါတယ်။ ဟုတ်ပါတယ်။ ပြည်သူတွေပါပဲ။ ဒါပေမယ့် ပြည်သူချင်း မတူညီကြပါဘူး။ ပြည်သူတွေထဲမှာ အေးချမ်းစွာ နေထိုင်လိုကြသူတွေရှိနေကြပါတယ်။ ဘယ်လိုပြည်သူတွေရဲ့ ဘက်က ရပ်တည်ပေးစေချင်တာပါလဲ။ ငြိမ်းချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေကိုရော မစဉ်းစားကြတော့ဘူးလား။ တကယ်တော့ နိုင်ငံ့ဝန်ထမ်းတွေဟာ ပြည်သူထဲက ပြည်သူဖြစ်သလို နိုင်ငံသူ နိုင်ငံသား အများပြည်သူရဲ့ဝန်ကို ထမ်းဆောင်နေကြရသူများ ဖြစ်တယ်ဆိုတာကို ထည့်သွင်းစဉ်းစားတတ်ကြဖို့လိုပါတယ်။ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း ငါတို့ဟာ ပြည်သူတစ်ဦးချင်း၊ ပြည်သူ့အစုအဖွဲ့တစ်ခုအတွက် တာဝန်ထမ်းဆောင်နေကြသူတွေ မဟုတ်ကြဘူး။ နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ထာဝရဦးထိပ်ပန်ဆင် ထမ်းဆောင်နေကြသူတွေဖြစ်ကြောင်း အလေးအနက် သတိထားကြဖို့ လိုအပ်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံတော်နဲ့ ပြည်သူဆိုတာကို ခွဲခြားသိမြင်နိုင်ကြရပါမယ်။

### သစ္စာစူးခံကြရမည်

ဒီမိုကရေစီစနစ်မှာ လူတိုင်းဟာလွတ်လပ်စွာ သဘောထားကွဲခွင့်ရှိကြပါတယ်။ ဒါကြောင့် CDM တိုက်ပွဲမှာ ဝန်ထမ်းတချို့ဟာ စိတ်ပါ၍ဖြစ်စေ၊ ခြိမ်းခြောက်ခံရ၍ဖြစ်စေ ပါဝင်သွားခဲ့ကြတာကို တွေ့ရပါတယ်။ ဒီအထဲက တခြားကျန်တဲ့ ဝန်ထမ်းတွေထက် ကျန်းမာရေးဝန်ထမ်းတွေ CDM လှုပ်ရှားမှု ပါဝင်သွားတာကိုတော့ ရင်နာလို့မဆုံးပါဘူး။ ဆရာဝန်ဆိုသူတွေဟာ သာမန်လူတွေ မဟုတ်ကြပါဘူး။ လူသားထုရဲ့ အသက်ကို ကယ်တင်နိုင်စွမ်းရှိတဲ့ မြင့်မြတ်တဲ့ပညာရှင်တွေ ဖြစ်ကြပါတယ် ။ ဆရာဝန်တွေဟာ ဆရာဝန်ပညာကို သင်ကြားတတ်မြောက်ပြီး ဆေးပညာဘွဲ့ကို အပ်နှင်းချိန်မှာ မိမိတို့လက်ကိုင်ပြုရမယ့် ကတိသစ္စာကို ဆိုခဲ့ကြသူများ ဖြစ်ကြပါတယ်။

“ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂီလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပါအံ့” လို့ ဆိုခဲ့ကြပေမယ့် လက်တွေ့မှာ ဆရာဝန်အချို့ဟာ CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြပြီး မိမိတို့ ဆောင်ရွက်ရမယ့် ဆေးဝါးကုသရေးလုပ်ငန်းတွေကို ကျောခိုင်းခဲ့ကြတာကို တွေ့ရပါတယ်။ ဆေးရုံတွေမှာ ဆေးဝါးကုသခံယူရင်းတန်းလန်းလူနာတွေဟာ ဆက်လက်ကုသခြင်း မခံရတဲ့အတွက် အသက်မသေသင့်ဘဲ သေဆုံးခဲ့ရတာတွေ၊ ရောဂါဖြစ်နေသူတွေ ဆေးခန်းပြသခွင့် မရတာတွေဟာ အထူးရင်နာစရာကောင်းပါတယ်။ CDM ဆရာဝန်တွေဟာ လူသားချင်း ကိုယ်ချင်းစာနာမှုတွေ ခေါင်းပါးသွားခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။

*စာမျက်နှာ ၂၁ သို့*

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးစီမံကိန်းကြီးများ အချိန်မီပြီးစီးရေးတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆောက်လုပ်ရေး စီမံကိန်းကြီးများ အချိန်မီပြီးစီးရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၃၁ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လမ်းဦးစီးဌာန၊ စီမံကိန်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ အင်ဂျင်နီယာချုပ် ဦးအောင်မျိုးဦးက မဟာမဲခေါင်ဒေသတွင်း လမ်းမကြီးများ အဆင့်မြှင့်တင်ရေး စီမံကိန်းများတွင် ပါဝင်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းအန္တရာယ်ကင်းရှင်းရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရန်ကုန်-ပုသိမ်လမ်း Detailed Design ဆောင်ရွက်ခြင်း၊ ပဲခူး-ကဝ-ခရမ်း-သုံးခွ-သန်လျင်လမ်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားဦးစီးဌာန၊ အင်ဂျင်နီယာချုပ်ဦးထွန်းလင်းက ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ် (၃) ၏ သန်လျင်ဘက်အခြမ်း၊ သာကေတဘက်အခြမ်းနှင့် ရေလယ်လုပ်ငန်းများတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ တည်ဆောက်နေမှု အခြေအနေ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလ တံတား၏ ရန်ကုန်ဘက်အခြမ်း၊ ဒလဘက်အခြမ်းနှင့် ရေလယ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင်က ရန်ကုန်မြို့၏ အတွင်းပတ်လမ်းဖြစ်သော ဒေါပုံ-သုဝဏ္ဏ-ပါရမီ-မင်္ဂလာဒုံအထိ ဖောက်လုပ်ရန်လျာထားသည့် ရန်ကုန်မိုးပျံ အမြန်လမ်းမကြီး ပထမအဆင့်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သီလဝါဇရိယာနှင့် ရန်ကုန် - မန္တလေးအမြန်လမ်းတို့ကို ချိတ်ဆက်မည့် အရှည် ၄၉ ကီလိုမီတာခန့်ရှိ ရန်ကုန်မြို့တော် အပြင်ပတ်လမ်း အရှေ့ဘက်ခြမ်း စီမံကိန်းနှင့် မှော်ဘီ၊ ထန်းတပင်၊ လှိုင်သာယာ- တွံတေး၊ ဒလနှင့် ကျောက်တန်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်မည့် ၈၈ ကီလိုမီတာခန့်ရှိ ရန်ကုန်မြို့တော်အပြင်ပတ်လမ်း အနောက်ဘက်ခြမ်း စီမံကိန်းဆိုင်ရာ လျာထားချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ယခု စီမံကိန်းများပြီးစီးသွားပါက တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးမှုနှင့် ယင်းကြောင့် ဖြစ်ပေါ်လာသည့် အချိန်ကုန်ဆုံးမှုကို လျှော့ချပေးနိုင်ခြင်း၊ ဒေသတွင်းနှင့် ဖြတ်သန်းသွားလာသည့် ယာဉ်များကို နယ်မြေခွဲခြားပေးနိုင်ခြင်းကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို မြှင့်တင်ပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး စားဝတ်နေရေး ချောင်လည်စေခြင်း၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ကြောင်းနှင့် လတ်တလော ဖြေရှင်းပေးရမည့် လုပ်ခလစာကိစ္စများ၊ ညဆိုင်းအလုပ်သမားများနှင့် နိုင်ငံခြားသားပညာရှင်များ၏လုပ်ငန်းခွင်လုံခြုံရေးနှင့် အခြားလိုအပ်သည့် ပံ့ပိုးကူညီမှုများကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

ဆန်းကျော်ဦး
(မြန် /ဆက်)



ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေး စီမံကိန်းကြီးများ အချိန်မီပြီးစီးရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# နွေစပါးစိုက်ပျိုးရန် မြစ်ရေတင်များမှ ရေလွှတ်ချိန် ကျေးငှက်များပြန်လည်ကျက်စားမှုများလာ

ညောင်ဦး ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လျှပ်စစ်မြစ်ရေတင်များမှ နွေစပါးစိုက်ပျိုးရန် မြစ်ရေပေးပြီး လယ်ယာမြေများ ထွန်ယက်ချိန် တင်ကြီးငှက်များ၊ ခရုစုတ်၊ ခရုတုတ်ငှက်များ အကောင်ရေငါးရာခန့် လာရောက်ကျက်စားလာနေကြောင်း ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ဖြင့် နွေစပါးစိုက်ပျိုးရန် လယ်ယာမြေထွန်ယက်နေသည့် တောင်သူဦးတင်စိုးထံက သိရသည်။

ညောင်ဦးမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင်ငါးခုရှိပြီး ယခုလိုနွေစပါး စိုက်ပျိုးရန်ရေပေးချိန် အဆိုပါငှက်များ လာရောက်ကျက်စားမှုမရှိသည်မှာ ၁၀ နှစ်ခန့်ပင် ရှိနေပြီဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန် လယ်မြေများ ထွန်ယက်ချိန်၊ လယ်မြေထွန်ယက်ရန် ရေသွင်းထားချိန်တို့တွင် အဆိုပါ တင်ကြီးငှက်များ၊ ခရုတုတ်၊ ခရုစုပ်ငှက်များ၊ အုပ်စုလိုက်လာရောက်ကျက်စားနေရာ လယ်ယာစိုက်ပျိုးမည့် တောင်သူလယ်သမားကြီးများအတွက် ထိုငှက်အုပ်ကြီးများက တစ်ထောင့်တစ်နေရာက အကူအညီပေးနေကြောင်း၊ စပါးပင်များ ခရုကိုက်ဖြတ် ဖျက်ဆီးခြင်းမှ လူသားတို့အတွက် အကျိုးပြုရုံသာမက ဂေဟစနစ်ကောင်းမွန်ရန်အတွက်လည်း အဆိုပါငှက်များက အကျိုးပြုနေကြကြောင်း ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်က ရှင်းပြသည်။

အဆိုပါ ခရုတုတ်၊ ခရုစုပ်ငှက်သည် အနက်ရောင်တောင်ပံမွေးရှိသော အဖြူရောင်ငှက်မျိုးဖြစ်ပြီး အပေါ်နှင့် အောက်နှုတ်သီးကြားတွင် ဟလျက်ထူးခြားသည့် နှုတ်သီးရှိသည် ။ ကိုယ်အလျား ၃၂ လက်မခန့်ရှိကာ မြစ်ကမ်းစပ်များနှင့် ကန်များ၊ အင်းအိုင်များတွင် တွေ့ရနိုင်ကြောင်း၊ မြေနိမ့်ပိုင်းရှိ လယ်ကွင်းများနှင့် စိမ့်တောများတွင်လည်း တွေ့ရနိုင်ကာ အားသွန်ခွန်စိုက် ကြာရှည်ပျံသန်းနိုင်သည့် ငှက်မျိုးဖြစ်ကြောင်း၊ ရေချိုခရုမျိုးများကို စားသုံးကြပြီး ကဏန်း၊ ငါး၊ တွားသွားသတ္တဝါများနှင့် ပိုးမွှားကောင်ကြီးများကိုလည်း စားတတ်ကြောင်း သိရသည်။ သားမပေါက်သည့် ဆောင်းခိုငှက်ဖြစ်ကာ ဌာနေငှက်ဖြစ်သည်ဟုလည်း ငှက်ပညာရှင်များ ယူဆနေကြကြောင်း ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေငွေအောင်က ရှင်းပြသည်။

မောင်မောင်ထိန် (ကျောက်ပန်းတောင်း)



စာမျက်နှာ ၂၀ မှ

"ဆေးပညာဖြင့်လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့" ဆိုတဲ့ ကတိသစ္စာကို မျက်ကွယ်ပြုခဲ့ကြပါတယ်။ ဆရာဝန်တွေဟာ "ကတိသစ္စာပြုသည့်အတိုင်း ဆောင်ရွက်ပါသော် ကျွန်ုပ်သည်ကောင်းကျိုး မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား" ဆိုတဲ့ တောင်းဆုကိုလည်း တောင်းဆိုခဲ့ကြသူတွေ ဖြစ်ပါတယ်။

CDM လှုပ်ရှားမှုမှာ ပါဝင်သွားတဲ့ ဆရာဝန်တွေဟာ မိမိတို့ထားရှိရမယ့် ကတိသစ္စာကို ချိုးဖောက်သူတွေ ဖြစ်သွားကြပါပြီ။ မိမိတို့အပေါ် အားကိုးထားကြတဲ့ သေလုနီးပါးလူနာတွေရဲ့ ဒုက္ခတွေ၊ ဝေဒနာတွေခံစားမှုတွေကို လျစ်လျူပြုနေကြသူတွေဖြစ်တဲ့အတွက် ဆရာဝန်များရဲ့ ကျင့်ဝတ်သစ္စာကို ဖောက်ဖျက်သူများဖြစ်တဲ့အပြင် သူတို့ကိုယ်တိုင် ကြွေးကြော်နေကြတဲ့ လူ့အခွင့်အရေးဆိုတာတွေ၊ လူသားချင်းစာနာမှုဆိုတာတွေကို ဖောက်ဖျက်ကျူးလွန်သူတွေဖြစ်တဲ့အတွက် လောကကြီးရဲ့ ဒဏ်ခတ်မှုကို မလွဲမသွေခံယူကြရမယ့်သူတွေဖြစ်ပါတယ်။ သစ္စာစူးခံကြရပါလိမ့်မယ်။

အငြိမ်းစားဝန်ထမ်းတစ်ဦးရဲ့ခံစားမှု

စာရေးသူနဲ့ မိတ်ဆွေတို့ဟာ ပင်စင်လစာငွေ ထုတ်ယူပြီး လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စကားပြောဖြစ်ကြပါသေးတယ်။ တကယ်တော့ ဝန်ထမ်းဘဝ အငြိမ်းစားဝန်ထမ်းဖြစ်ရတာလည်း လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ လုပ်သက်တစ်လျှောက်လုံး အသက် ၆၀ ပြည့်သည့်တိုင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေ၊ ဌာနက သီးခြားသတ်မှတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာနေခဲ့ပြီးမှ ပင်စင်ဆိုတာလေးကို ရရှိလာတာ ဖြစ်ပါတယ်။ သည်ပင်စင်လစာငွေဟာ မိသားစုအတွက် မလုံလောက်ပေမယ့် အထိုက်အလျောက် အခုအခံဖြစ်ပါတယ်။ ပြီးတော့ ဝန်ထမ်းဘဝတုန်းကလည်း ဝန်ထမ်းမို့လို့၊ အငြိမ်းစားဘဝမှာလည်း အငြိမ်းစားမို့လို့ ဟိတ်ဟန်ဂုဏ်ဒြပ်လေးနဲ့ ရပ်ကွက်၊ ကျေးရွာအတွင်းမှာ နေထိုင်နိုင်ခဲ့တာပါ။ ဝန်ထမ်းဘဝမှာရော၊ အငြိမ်းစားဘဝမှာရော မျက်နှာမငယ်ခဲ့ရပါဘူး။

> "CDM လှုပ်ရှားမှုမှာပါဝင်သွားတဲ့ ဆရာဝန်တွေဟာ မိမိတို့ထားရှိရမယ့် ကတိသစ္စာကို ချိုးဖောက်သူတွေ ဖြစ်သွားကြပါပြီ။ မိမိတို့အပေါ် အားကိုးထားကြတဲ့ သေလုနီးပါးလူနာတွေရဲ့ ဒုက္ခတွေ၊ ဝေဒနာတွေ ခံစားမှုတွေကို လျစ်လျူပြုနေကြသူတွေဖြစ်တဲ့အတွက် ဆရာဝန်များရဲ့ ကျင့်ဝတ်သစ္စာကို ဖောက်ဖျက်သူများဖြစ်တဲ့အပြင် သူတို့ကိုယ်တိုင် ကြွေးကြော်နေကြတဲ့ လူ့အခွင့်အရေးဆိုတာတွေ၊ လူသားချင်းစာနာမှုဆိုတာတွေကို ဖောက်ဖျက်ကျူးလွန်သူတွေဖြစ်တဲ့အတွက် လောကကြီးရဲ့ ဒဏ်ခတ်မှုကို မလွဲမသွေခံယူကြရမယ့် သူတွေဖြစ်ပါတယ်။ သစ္စာစူးခံကြရပါလိမ့်မယ်"

စာရေးသူတို့ဟာ မိမိတို့ဖြတ်သန်းခဲ့ရ၊ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ဝန်ထမ်းဘဝကို ဂုဏ်ယူပါတယ်။ မြတ်လည်းမြတ်နိုးပါတယ်။ ဒါဟာအငြိမ်းစားဝန်ထမ်းတစ်ဦးရဲ့ ခံစားမှုပါ ။ တစ်ဆက်တည်းမှာပဲ ဒီနေ့ CDM လှုပ်ရှားမှုမှာ ပါဝင်နေကြတဲ့ ဝန်ထမ်းတွေရဲ့ ဘဝနောင်ရေးအတွက် ရင်လေးစရာဖြစ်နေတာတော့ အမှန်ပါပဲ။

အမြဲမပျက်၊ ရုံးတက်နိုင်ကြပါစေလို့ ဆုတောင်းရပါတော့တယ်။ ။

# ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ပြောကြားချက်များအပေါ် တုံ့ပြန် သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂

၁။ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ပြောကြားချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကင်းကွာနေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ရည်ရွယ်ချက်နှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ထင်ဟပ်ခြင်းမရှိသည့် ပြောကြားချက်များမှာ အာဏာသိမ်းစစ်ခေါင်းဆောင်များ၏ စီစဉ်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှုများ ဖြစ်ပေါ်နေကြောင်း၊ တပ်မတော်နေ့တွင် လမ်းများပေါ်နှင့် နေအိမ်များအတွင်းရှိ ကလေးသူငယ်များအပါအဝင် ပြည်သူလူထု ၁၀၀ ဦး ရက်စက်စွာသတ်ဖြတ်ခံရကြောင်း၊ သာမန်အချိန်တွင် အသက်ရှင်နိုင်သူများ၏ အသက်များဆုံးရှုံးနေရကြောင်း၊ ဘဏ်များ ပြိုလဲမည့်အခြေအနေဖြစ်ပေါ်နေကြောင်း၊ အခြေခံအားဖြင့် လုပ်သားအင်အားအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်နေချိန်တွင် စီးပွားရေးများလုပ်ငန်းအပေါ် ရိုက်ခတ်မှုများကြောင့် ကုန်ထုတ်လုပ်ဖြန့်ချိမှုများကို ပြိုလဲစေကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပေါ်လာနိုင်ခြေရှိကြောင်း၊ တစ်နိုင်ငံလုံးသည် ထိန်းချုပ်မရသည့်အလုံးစုံပျက်သုဉ်းသည့်နိုင်ငံ (Failed State) အဖြစ်သို့ တဖြည်းဖြည်း ရောက်လုနီးပါးဖြစ်လာနေကြောင်း၊ တပ်မတော်ခေါင်းဆောင်များသည် နိုင်ငံကို စီမံအုပ်ချုပ်နိုင်စွမ်းမရှိသည်မှာ ထင်ရှားနေကြောင်း၊ မြေပြင်အခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်ပြီး သွေးချောင်းစီးမှုများ ဖြစ်ပေါ်လာတော့မည့် အခြေအနေရှိကြောင်း၊ သို့ပါ၍ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအပေါ် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သင့်ကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။



သွင်းကုန်/ထုတ်ကုန်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှု။

၃။ ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့အချုပ်အခြာပိုင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးကို အလေးထားဆောင်ရွက်သင့်သော်လည်း ယင်းပြောကြားချက်များသည် ၎င်းအခြေခံအချက်များနှင့်ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ Ms. Christine Schraner Burgener ၏ ပြောကြားချက်များပါ အချက်အလက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့် လက်ရှိ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော အခြေအနေမှန်များမှာ-

(က) တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ငြိမ်းချမ်းစွာဆန္ဒပြမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးမှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ဖေဖော်ဝါရီလ ၉ ရက်နေ့ ဆူပူအကြမ်းဖက်ဆန္ဒပြမှု ပြုလုပ်မှသာ ရှန်းရင်းဆန်ခတ်မှုလက်စွဲဥပဒေပါလုပ်ထုံးလုပ်နည်းများအတိုင်း အဓိကရုဏ်းဖြိုခွင်းခဲ့ရခြင်းဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့နောက်ပိုင်း CRPH ပေါ်လာချိန်မှသာ ငြိမ်းချမ်းစွာဆန္ဒပြမှု (Peaceful Protest) မှ အကြမ်းဖက်ဆန္ဒပြမှု (Protest and Riots) သို့ အသွင်ပြောင်းသွားခဲ့ပြီး CDM လှုပ်ရှားမှုများ၊ Social Bullying များ ပေါ်ပေါက်လာခဲ့ပါသည်။ လေးပတ်မြောက်ဖြစ်သည့် ဖေဖော်ဝါရီလနောက်ဆုံးပတ်၌ ဆူပူဆန္ဒပြမှုနှင့် မင်းမဲ့စရိုက်အသွင် (Riots and Anarchy Mob) အသွင်ပြောင်းကာ လမ်းပိတ်ဆို့မှု၊ မီးရှို့မှုများ ဖြစ်ပေါ်လာခဲ့သည်။ နောက်ပိုင်းတွင် ပဋိပက္ခအသွင်၊ မင်းမဲ့စရိုက်အသွင် (Intensify Riots, Anarchy Mob and Violent Actions) ဖြစ်လာခဲ့သည်။ ယင်းသို့ဖြစ်ပေါ်လာခဲ့မှုအပေါ် အဆင့်လိုက် တားဆီးနှိမ်နင်းခဲ့ပါသည်။ မင်းမဲ့စရိုက်ဖြင့် ဆူပူအကြမ်းဖက်မှုများသည် မည်သည့်နိုင်ငံကမျှ လက်ခံနိုင်သည့် လုပ်ဆောင်မှုများမဟုတ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ မတ်လ ပထမပတ်နောက်ပိုင်းတွင် လက်နက်ကိုင်အကြမ်းဖက် တုံ့ပြန်မှုအသွင် (Insurrection with arms) ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဥပဒေနှင့်အညီ နှိမ်နင်းခဲ့ရပါသည်။ ထိုကဲ့သို့ NLD နှင့် NLD လိုလားသူများက ဆန္ဒပြမှုမှသည် လက်နက်ကိုင်အကြမ်းဖက် တုံ့ပြန်မှုအသွင်ပြောင်းလာခဲ့သည်ကို ဖော်ပြခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲ ပြောကြားမှုများသည် တရားနည်းလမ်းကျမှုမရှိကြောင်း တွေ့ရှိရသည်။ တစ်နိုင်ငံလုံးက NLD ကို ထောက်ခံခြင်းမဟုတ်သည်ကို စာရင်းဇယားများအရ NLD နှင့် ထောက်ခံသူများ၏ လှုံ့ဆော်မှုကြောင့် တစ်နိုင်ငံလုံးဆန္ဒပြခဲ့သည်ဆိုသော ၂ ငါးလုံးနေ့ (၂၂-၂-၂၀၂၁) ၌ပင် တစ်နိုင်ငံလုံး လူဦးရေ၏ ၉ ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ယင်းအခြေအနေကို မီဒီယာများ၏ အကူအညီဖြင့် ပုံကြီးချဲ့နေခြင်းသာဖြစ်ပါသည်။

(ခ) မတ်လ ၂၇ ရက် တပ်မတော်နေ့တွင် မတရားအသင်း CRPH နှင့် သွေးထိုးလှုံ့ဆော်သူများမှ တစ်နိုင်ငံလုံးပြည်သူ့တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ပြီး အဖျက်အမှောင့်လုပ်ငန်းများ ဖြစ်ပေါ်စေရန် လှုံ့ဆော်သွေးထိုးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကိုမဖော်ပြဘဲ ၎င်းတို့သွေးထိုးမှုကြောင့် မီးရှို့၊ အကြမ်းဖက်၊ လက်နက်စွဲကိုင်အကြမ်းဖက်မှုများကိုနှိမ်နင်းခဲ့ရ၍ အသေအပျောက်ရှိခဲ့သည်ကို တစ်ဖက်သတ်ဖော်ပြခဲ့ပါသည်။ မည်သည့်အိမ်အတွင်းကိုမျှ ဝင်ရောက်ပစ်ခတ်မှုမရှိဘဲ လမ်းပေါ်ထွက်၍ ဆူပူအကြမ်းဖက်ဆောင်ရွက်နေသူများကိုသာ ဖြိုခွဲခဲ့ခြင်းဖြစ်ပါသည်။ ဆူပူဆန္ဒပြသူများက အရွယ်မရောက်သေးသူ ကလေးငယ်များ လမ်းပေါ်ဆွဲတင်၍ အသုံးချမှုကို တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုခဲ့မှုမရှိသည်ကို တွေ့ရှိရသည်။ ကလေးသူငယ်များ သေဆုံးမှုနှင့်စပ်လျဉ်း၍ အထောက်အထား တစ်စုံတစ်ရာမရှိကြောင်းလည်း တွေ့ရှိရသည်။ ဆူပူအကြမ်းဖက်မှုများကို ဖြိုခွင်းမှုကြောင့် သေဆုံးမှုများရှိသည့်အခါတွင်လည်း လုံးဝထိမ်ချန်ထားခြင်းမရှိဘဲ ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းများဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် အထောက်အထားများလည်း ရှိပြီးဖြစ်ပါသည်။

(ဂ) လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဆူပူသူများကို ဖြိုခွင်းခဲ့မှုကြောင့် သေဆုံးဒဏ်ရာရမှုများကို ပြောဆိုခြင်းများတွေ့ရပြီး ဆူပူဆန္ဒပြ CDM ပြုလုပ်ရာတွင်ပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများကြောင့် ဆေးရုံ၊ ဆေးခန်းများ ပိတ်ထားရကာ သာမန်အချိန်တွင် မသေဆုံးသင့်သည့် ပြည်သူလူထုများ လျစ်လျူရှုထားသည်။ ရောဂါကြောင့် သေဆုံးနေရမှုကိုမူ COVID -19 ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ် တစ်နှစ်လုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရောဂါအမျိုးမျိုးနှင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူရသူ ၈၉၀၇၂ ဦးရှိပြီး သေဆုံးသူ ၆၄၇၅ ဦးရှိသဖြင့် တစ်လပျမ်းမျှ သေဆုံးလူနာ ၅၃၉ ဦး ရှိပါသည်။ ယခုအချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် CDM ပြုလုပ်နေသည့် ကျန်းမာရေးဝန်ထမ်းအချို့ကြောင့် လုပ်ငန်းအပြည့်အဝ ဆောင်ရွက်နိုင်မှုမရှိခဲ့၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သလို နိုင်ငံတစ်ဝန်း၌ အဆိုပါ CDM ပြုလုပ်နေသည့် ကျန်းမာရေးဝန်ထမ်းများကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ ပြည်သူများသေဆုံးနေရခြင်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ပြည်သူလူထုအား ကုသပေးမှုအနေဖြင့် ပြင်ပလူနာ ၁၁၂၆၂၅ ဦး၊ အတွင်းလူနာ ၃၅၇၀၀ ဦး၊ မီးဖွားသူ ၇၀၇၄ ဦးရှိကာ

စာမျက်နှာ ၂၃ သို့




အကြမ်းဖက်ဆူပူဆန္ဒပြလှုပ်ရှားမှုများ။

စာမျက်နှာ ၂၂ မှ

ကလေးငယ် ၇၀၇၄ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

(ဃ) မိမိတို့နိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတွင်း မတည်ငြိမ်မှုများကြောင့် ရန်ကုန်အစိုးရဟုပင် ကဲ့ရဲ့ခေါ်ဆိုခံခဲ့ရမှုများ ရှိခဲ့ပါသည်။ ယခုအချိန်သည် ထိုကဲ့သို့အခြေအနေမျိုးမဟုတ်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ချိုးဖောက်ခဲ့ကြသည့် လက်နက်ကိုင်အဖွဲ့အချို့မှ ယင်းတို့နိုအောင်းရာ နယ်စပ်ဒေသအချို့၌ မိမိတပ်မတော်နှင့် ရဲတပ်ဖွဲ့စခန်းများကို တိုက်ခိုက်မှုပြုလာပါသဖြင့် တပ်မတော်က တန်ပြန်ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်မှုအခြေအနေသာဖြစ်သဖြင့် ပြည်တွင်းစစ်ဖြစ်ပွားရန် အခြေအနေ လုံးဝမရှိသော်လည်း ဖြစ်တော့မည့်သယောင် ပုံကြီးချဲ့ပြောကြားခဲ့ခြင်းသာ ဖြစ်ပါသည်။

(င) မြန်မာနိုင်ငံ၏ နယ်မြေဒေသအများစုတွင် တည်ငြိမ်အေးချမ်းမှုရှိနေသည်ကို မျက်ကွယ်ပြု၍ ဆူပူအကြမ်းဖက်မှုဖြစ်ပွားနေသည့် အခြေအနေများကို ရှေ့တန်းတင်ကာ မြန်မာနိုင်ငံအား (Failed State) အဖြစ်သို့ ရောက်ရှိတော့မည့် အခြေအနေဖြစ်သယောင် ပုံကြီးချဲ့ပြောကြားခဲ့ခြင်းသာ ဖြစ်ပါသည်။

(စ) ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စီမံအုပ်ချုပ်မှုများအား စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ ကောင်းမွန်စွာလည်ပတ်နေသည်ကို မျက်ကွယ်ပြု၍ တပ်မတော်ခေါင်းဆောင်များအား စွပ်စွဲပုတ်ခတ်ပြောခဲ့ခြင်းဖြစ်ပါသည်။

၄။ Ms. Christine Schraner Burgener သည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုများနှင့် ကင်းကွာလျက်ရှိသည့် သတင်းအရင်းအမြစ်များမှ ရရှိသော အချက်အလက်များကို အခြေခံကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆွေးနွေးတင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ Ms. Christine Schraner Burgener အနေဖြင့် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ မှန်ကန်မျှတစွာ လုပ်ဆောင်မည်ဟု မျှော်လင့်ထားသော်လည်း ကုလသမဂ္ဂ၏ မူသဘောတရားများနှင့်ဆန့်ကျင်စွာ တစ်ဖက်သတ်စွပ်စွဲပြောကြားခဲ့သည်ကို တွေ့ရှိရကြောင်း ထုတ်ပြန်ထားသည်။

သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးကျဆုံး၊ နှစ်ဦး ဒဏ်ရာရ

နေပြည်တော် ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံး၊ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဟုမ္မလင်းမြို့နယ်ရှိ ရေပေါ်မီး နယ်မြေရဲကင်းမှ ရဲအရာရှိ တစ်ဦး ပါဝင်သော ရဲတပ်ဖွဲ့ဝင် သုံးဦးသည် ဧပြီ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဟုမ္မလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် လစာငွေများ ထုတ်ယူပြီး 5I/1538 X-Trail မော်တော်ယာဉ်ဖြင့် ဟုမ္မလင်း-ရေပေါ်မီး ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာစဉ် နန့်သာကျေးရွာအုပ်စု ရေကြည်ချောင်းအနီးအရောက်၌ လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ) အင်အား ၂၀ ခန့်က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း။

ထိုသို့ တပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်ခံရကြောင်း သတင်းအရ ရေပေါ်မီးနယ်မြေရဲကင်းမှ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လိုက်လံအင်အားဖြည့် ပူးပေါင်းနိုင်ရေး သွားရောက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ရာလားကောင်းကျေးရွာအနီး၌ ရဲတပ်ဖွဲ့ဝင် တစ်ဦးကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ရဲအရာရှိကို လည်းကောင်း ဝမ်းဗိုက်နှင့် လက်မောင်းတို့တွင် ဒဏ်ရာများ အသီးသီးဖြင့် ပြန်လည်တွေ့ရှိခဲ့ကြောင်း။

ဆက်လက်၍ ပျောက်ဆုံးနေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ၎င်းတို့စီးနင်းသွားသည့် 5I/1538 X-Trail မော်တော်ယာဉ်ကို ရပ်ရွာလူထု၏ အကူအညီဖြင့် ရှာဖွေခဲ့ရာ ငါးတန်ချောင်းအတက် ကမ်းပါးဘေးတွင် မော်တော်ယာဉ်နှင့်အတူ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဦးခေါင်းကျည်ဖောက်ဝင် ဒဏ်ရာဖြင့် ကျဆုံးလျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း။

အထက်ပါ လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးကာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ၎င်းတို့နှင့်အတူ ယူဆောင်သွားသည့် လက်နက်နှစ်လက်၊ ဆက်စပ်ခဲယမ်းများနှင့် တပ်ဖွဲ့ဝင်များ၏ လစာငွေကျပ် ၃၁၆၃၅၈၈ တို့မှာ ပျောက်ဆုံးလျက်ရှိပြီး လက်နက်များ ပြန်လည်ရရှိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ စုံစမ်းစစ်ဆေး ရှာဖွေလျက်ရှိကြောင်း သိရသည်။


သတင်းစဉ်


### နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ



## အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျားမ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

# မိဘတွေကိုယ်တိုင် စာပေဝမ်းစာပြည့်နေမယ်ဆိုရင် ကိုယ်ထိန်းကျောင်းရတဲ့ သားသမီး ရင်သွေးများကို မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို တင်ပေးနိုင်မယ်လို့ ယုံကြည်တယ်

နွေကံ့ကော် (မြို့လှ)

■ အင်တာဗျူး- ထိုက်အောင်ဝင်း၊ ဓာတ်ပုံ- မိုးမခ

နိုင်ငံတော်ကကြီးမှူးပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပသော ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ဧပြီ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ အဆိုပါ ၂၀၁၉ ခုနှစ် စာပေဗိမာန် စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသော စာပေကဏ္ဍပေါင်းစုံမှ ဆုရ စာရေးဆရာကြီးများ၏ ရင်တွင်းဝမ်းသာပီတိစကားသံများကို ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည် -

အမည်အရင်း- ဦးဇော်ဌေး
ကလောင်အမည်- ရန်ကုန်ဌေးဇော်
စာပေဗိမာန် လူငယ်စာပေ (ပထမဆု)
"အသက်ရှည်ပါ ရေ"

"အခုရတဲ့ စာပေဗိမာန်ဆုထဲမှာ ဝတ္ထုခုနစ်ပုဒ်ပါတယ်။ ဒီကနေ့ စာပေဗိမာန်က ချီးမြှင့်တဲ့ လူငယ်စာပေ ပထမဆုရတဲ့ "အသက်ရှည်ပါ ရေ" ကို ရေးဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်က သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားတော့ အနာဂတ်လူသားတွေ တွေ့ကြုံရမယ့် ရေချိုပြဿနာကို ဝတ္ထုဆန်ဆန်လေး ရေးဖွဲ့ထားတာပါ။ အဲဒီထဲမှာ လူ့အခွင့်ရေးအကြောင်း၊ ပရဟိတအကြောင်း၊ ခေတ်ပြိုင် လူငယ်တွေ တွေ့ကြုံနေရတဲ့ အခြေအနေတော်တော်များများ ထည့်သွင်းရေးသားဖော်ပြထားတယ်။ သက်ငယ်အမျိုးသမီးတွေရဲ့ ဘဝကာကွယ်နိုင်ဖို့ကအစ အဲဒီထဲမှာပါတယ်။ ကျွန်တော်က လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းကတော့ အမျိုးသားစာပေဆု ရခဲ့တယ်။ မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးရေးသားခဲ့တာပေါ့။ အခုရတဲ့ဆုကတော့ ခေတ်ပြိုင်ဖြစ်တဲ့လူငယ်တွေအကြောင်းတွေကို ဖော်ကျူးခဲ့တာ။ အနှစ် ၂၀ ကျော်မှ ပြန်ရလိုက်တဲ့ ဒီစာပေဗိမာန်ဆုဟာ မမှန်းပေမယ့် ပထမဆု ရလိုက်တဲ့အတွက် အလွန်ပဲ ဝမ်းသာမဆုံးဖြစ်မိတယ်။

### စာဖတ်ရင်းက သမိုင်းတွေသိလာပြီး ချင့်ချိန်စဉ်းစားတတ်လာမယ်

ကျွန်တော့်အနေနဲ့ကတော့ ဒီနေ့ခေတ်လူငယ်မျိုးဆက်သစ်တွေကို အဓိကပြောချင်တာက စာဖတ်စေချင်တယ်။ စာထဲမှာ အကြောင်းအရာတွေ၊ အတွေ့အကြုံတွေက အများကြီးပါတယ်။ စာဖတ်ရင်းက သမိုင်းတွေသိလာပြီး ချင့်ချိန်စဉ်းစားတတ်လာမယ်၊ စာပေရဲ့ လမ်းပြမှုနဲ့ ကောင်းမယ်ထင်တဲ့လမ်းကို ရွေးချယ်ပြီး လျှောက်တာအကောင်းဆုံးလို့ပဲ မြင်တယ်။ တကယ်တော့ စာပေကပဲ မိမိကိုယ်ကိုယ် ကိုးကွယ်၊ မိမိကိုယ်ကိုယ် စောင့်ရှောက်နိုင်တယ်ဆိုတာ လူငယ်မျိုးဆက်သစ်တွေကို သိစေချင်တယ်။

ဆရာကြီး ရန်ကုန်ဌေးဇော်သည် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် စီမံထူးချွန် (တတိယဆင့်- ၂၀၁၅) ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က ချီးမြှင့်သော ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု၊ ၁၉၉၉ ခုနှစ်တွင် စာပေဗိမာန်စာမူဆု၊ ၂၀၀၃၊ ၂၀၁၂ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ပခုက္ကူစာပေဆုနှင့် ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁ ခုနှစ်တို့တွင်လည်း ထွန်းဖောင်ဒေးရှင်းစာပေဆုများကိုရရှိခဲ့ကာ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင်လည်း ဓာတ်သဘင်ဘာသာရပ် မဟာဗုဒ္ဓဝင် ဖွားတော်ခန်း ဓာတ်ညွှန်း ထူးချွန် ရွှေတံဆိပ်ကို ထိုက်တန်စွာ ရရှိခဲ့သူဖြစ်သည်။


ရန်ကုန်ဌေးဇော်


နွေကံ့ကော် (မြို့လှ)


ဇော်ဦးငြိမ်း


ထက်ဝေအောင်(စစ်ကိုင်း)

အမည်အရင်း - ဗိုလ်ကြီးစိုးမိုးကျော်
ကလောင်အမည်- နွေကံ့ကော်(မြို့လှ)
ဝတ္ထုရှည်(ပထမဆု)
"မော်စကိုမှာ ဝေတဲ့နှင်း"

"ကျွန်တော် စာရေးသက် ခြောက်နှစ်တာကာလ အတောအတွင်းမှာ နိုင်ငံတော်ကချီးမြှင့်တဲ့ အလိုချင်အတပ်မက်ဆုံးဖြစ်တဲ့ ဒီစာပေဗိမာန် ပထမဆုကို ရရှိလို့ အလွန်ပဲ ကျေနပ်မိပါတယ်။ ဝမ်းလည်းဝမ်းသာ ကြိုးစားရကျိုးလည်း နပ်ခဲ့တယ်လို့ ပြောရမှာပါ။ ဘယ်လောက်အထိ အားစိုက်ခဲ့ရတယ်ဆိုတာ ကိုယ်တိုင်အသိဆုံးပဲမို့ အခုလို ဆုရဖို့ဆိုတာ ဘယ်လောက်အထိ ခက်ခဲတယ်။ ဘယ်လောက်အထိ ကံ၊ ဉာဏ်၊ ဝီရိယတွေ စိုက်ထုတ်ရတယ်ဆိုတာ ကိုယ်တိုင်လက်တွေ့ခံစားခဲ့ရသလို စာပေလောကသားတိုင်းလည်း ကြုံတွေ့ခဲ့ရမှာပါ။ ဒီဆုက ကျွန်တော့်ဘဝအတွက် အားအင်ဖြစ်စေခဲ့သလို၊ ဆုရဖို့အတွက်ချည်း မဟုတ်ဘဲ စာပေတွေကို အခါအားလျော်စွာ ရေးဆက်ရေးသွားဖို့ တွန်းအားလည်းဖြစ်စေခဲ့တယ်။ နိုင်ငံ့တာဝန်တစ်ဖက်ကလည်းရှိသေးတော့ ဆုမရသည့်တိုင် စာပေတွေကို ဆက်လက်ပြုစုနေဦးမှာပါ။ စာပေဗိမာန်က ချီးမြှင့်တဲ့ဆုအနေနဲ့ ကျွန်တော်ရတာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။

### စာပေဝမ်းစာ ပြည့်နေမယ်ဆိုရင်

မြန်မာနိုင်ငံရဲ့ နောက်ပိုင်းခေတ် စာပေစီးဆင်းမှုကို သုံးသပ်ရရင် မျိုးဆက်သစ်လူငယ်တွေရဲ့ အုပ်ထိန်းသူ မိဘတွေကိုယ်တိုင် စာပေဝမ်းစာပြည့်နေမယ်ဆိုရင် ကိုယ်ထိန်းကျောင်းရတဲ့ သားသမီးရင်သွေးများကို မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို တင်ပေးနိုင်မယ်လို့ ယုံကြည်တယ်။ ဘာကြောင့်လဲဆိုတော့ မိဘတွေကိုယ်တိုင်က ယုံကြည်ချက်တွေမှားနေမယ်ဆိုရင် သားသမီးတွေ ဂိမ်းဆော့နေ၊ အွန်လိုင်းပေါ်မှာပဲ အမြဲသုံးနေ အဲလိုလမ်းမှားလုပ်နေ၊ ရောက်နေလည်း သားသမီးချစ်စိတ်နဲ့ ခွင့်လွှတ်နားလည်ပေးထားမယ် (တစ်နည်းအားဖြင့် ဖုန်းတစ်လုံးနဲ့ ပစ်ထားမယ်)ဆိုရင် မျိုးဆက်သစ်ကလေးတွေရဲ့ အနာဂတ်လမ်းကြောင်းဟာလည်း မှန်ကန်ကောင်းမွန်မှာမဟုတ်သလို နိုင်ငံ့အနာဂတ်အတွက်လည်း ရင်လေးရမှာဖြစ်တယ်။ တချို့မိဘတွေကို ပြောချင်တာက ကိုယ်တိုင်စံနမူနာပြနေပြီး ကလေးတွေကို ယုံကြည်ချက် ထက်သန်စေမယ့် စာကောင်းပေမွန်တွေ ပေးဖတ်စေချင်တယ်၊ အားတဲ့အချိန်မှာ စာပေဖတ်ရှုမယ်၊ ဖုန်းသုံးတာကို လျှော့မယ်။ အသိဉာဏ် ဗဟုသုတကြွယ်ဝစေမယ့် စာပေတွေကို ဖတ်ရှုခြင်းအားဖြင့် မိမိဘဝတက်လမ်းအတွက်လည်း ခွန်အားဖြစ်သလို ဝန်းကျင်အားလုံးအတွက်လည်း အကျိုးရှိမယ်လို့ ညီငယ်ညီမငယ်တွေကို ပြောချင်ပါတယ်" ဟု ယနေ့ခေတ် လူငယ်များအကြား စာပေစီးဆင်းမှုနှင့် ပတ်သက်၍ ဆရာက သူ၏အမြင်ကို ပြောသည်။

ဆရာ နွေကံ့ကော် (မြို့လှ) သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလထုတ် ငွေတာရီ မဂ္ဂဇင်းပါ "အမေ့ကို သားအပြစ်တင်ပါ" ဝတ္ထုတိုဖြင့် စာပေလောကသို့ စတင်ချင်းနင်းဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် "လေဟုန်ထွင်းဖောက် ကျည်တစ်တောင့်ရဲ့ ရာဇဝင်" စာမူဖြင့် တတိယဆုကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ် ပခုက္ကူစာပေဆုပြိုင်ပွဲတွင်လည်း "မွှင့်သောပန်းတိုင်းကိုလည်း" ဝတ္ထုရှည်စာမူဖြင့် တတိယဆု ရရှိခဲ့ကာ ယခုစာပေဗိမာန်မှ ချီးမြှင့်သော ဝတ္ထုရှည်(ပထမဆု)ကို "မော်စကိုမှာ ဝေတဲ့နှင်း" စာမူဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

အမည်အရင်း- ဇော်ဦးငြိမ်း
ကလောင်အမည်- ဇော်ဦးငြိမ်း
ဘာသာပြန်စာပေ(ရသ) ပထမဆု
ဗွီအက်(စ်)နိုင်ပေါလ်၏
"စိတ်ကူးရောင်စုံဝတ္ထုတိုများစုစည်းမှု"

"အရိုက်ကြမ်းတဲ့ ကျောင်းဆရာအကြောင်း၊ ကွဲကွာသွားတဲ့ မိသားစုကနေဖြစ်တည်လာတဲ့ ကလေးတစ်ယောက်ရဲ့ စိတ်ခံစားမှု၊ ကိုယ်တည်ဆောက်ခဲ့တဲ့ ကျောင်းကို ခရစ္စမတ်နေ့မှာ မီးရှို့မိသလိုဖြစ်မိဖို့ တွန်းပို့ခံခဲ့ရသည့် ကျောင်းအုပ်ဆရာကြီးတစ်ဦးအကြောင်း၊ လူတွေရဲ့ ဘာသာရေး အယူအဆတွေအပေါ်ကို ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ ရေးသားထားတာကို ရသပေါ်လွင်အောင် ပြန်ဆိုရေးသားခဲ့တာပါ။ ဒီဆုကို ကျွန်တော် လွန်ခဲ့တဲ့ ၂၅ နှစ်ကတည်းက လိုချင်ခဲ့တာ။ ဆုံးသွားတဲ့ ကျွန်တော့် အဖေကိုယ်တိုင်လည်း သတင်းစာဆရာ၊ စာရေးဆရာဆိုတော့ ဒီဘာသာပြန်စာပေဆုကို လိုချင်လို့ အကြိမ်ကြိမ်ကြိုးစားရေးခဲ့ပေမယ့် အဖေဆုံးသည်အထိ ဒီဆုကို သူရမသွားရှာဘူး။ ကျွန်တော်လည်း ၁၉၉၅ ခုနှစ်လောက်ကတည်းက ဘာသာပြန်ကို လေးကြိမ်/ငါးကြိမ်လောက်အထိ ဝင်ပြိုင်ခဲ့ဖူးတယ်။ အခုမှပဲ ရတယ်ပြောရမှာပေါ့။ အဖေမသေခင် ဒီဆုကို ရအောင်ကြိုးစားကြည့်မယ်ဆိုပြီးတော့ အစွမ်းကုန်ကြိုးစားခဲ့ရလို့ ကျေနပ်တာတစ်ခုကတော့ အဖေမဆုံးခင် ကျွန်တော် ဒီဆုရတယ်ဆိုတာ သိသွားတယ်။ ခုအချိန်မှာ အဖေမရှိတော့ပေမယ့် သူလိုချင်ခဲ့တဲ့ ဒီစာပေဗိမာန်ဆုကို သား ရလိုက်တော့ ကျွန်တော် ဝမ်းသာကြည်နူးသလို အဖေလည်း တမလွန်ကနေ ကျေနပ်ပီတိဖြစ်မယ်လို့ ယုံကြည်ပါတယ်။

### အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ထမ်းဆောင်

ကျွန်တော်ရေးတဲ့ ဘာသာပြန်စာအုပ်ရဲ့ မူရင်းစာရေးဆရာကြီးက အလွန်တော်တယ်။ နိုဘယ်လ်ဆုရ စာရေးဆရာကြီးလည်းဖြစ်တော့ ကျွန်တော့်အနေနဲ့ တော်တော်ကြိုးစားခဲ့ရတယ်။ ဘာသာပြန်ရင်းနဲ့ ဆရာကြီးရဲ့ အာဘော်ကို မထိမိမှာ စိုးရိမ်လာတယ်။ ရသစာပေဆိုတော့ လူသားတွေရဲ့စိတ်ဓာတ်၊ အပြုအမူကို ဆုံးဖြတ်ပေးနိုင်တဲ့ ကျွန်တော်တို့နိုင်ငံမှာ လတ်တလော အားနည်းနေသေးတဲ့ရသစာပေဆိုတော့ကောင်းကောင်း ဘာသာပြန်နိုင်ပါ့မလားဆိုပြီး သံသယဖြစ်ခဲ့တာ အကြိမ်ကြိမ်ပဲ။ အဲဒါကြောင့် ကိုယ့်ထက် အတွေ့အကြုံရှိတဲ့သူတွေဆီက လေ့လာ၊ စာပေ ကျမ်းဂန်တွေကို ဆည်းပူးပြီး ပြန်ဆိုခဲ့ရတယ်။ တိုင်းပြည်အတွက် လိုအပ်နေတဲ့ ရသစာပေကို ကဏ္ဍတစ်ခုကနေ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ထမ်းဆောင်ခွင့်ရလို့လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နှစ်စဉ် ကျင်းပပေးခဲ့တဲ့ စာပေဗိမာန်အဖွဲ့ကြီး ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ဆရာ ဇော်ဦးငြိမ်းသည် စာပေဗိမာန်က ချီးမြှင့်သော ဘာသာပြန်စာပေ (ရသ) ပထမဆုကို ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်ပြီး မဟေသီမဂ္ဂဇင်း၊ လပြည့်ဝန်းမဂ္ဂဇင်း၊ နေသိဒ္ဓိဂျာနယ်၊ မြဝတီမဂ္ဂဇင်း၊ ငွေတာရီ မဂ္ဂဇင်းတို့တွင် ဝတ္ထုတိုနှင့် ဆောင်းပါးများကို အခါအားလျော်စွာ ရေးသားလျက်ရှိကြောင်း သိရသည်။

အမည်အရင်း- ဦးအောင်ကိုကိုဦး
ကလောင်အမည်- ထက်ဝေအောင် (စစ်ကိုင်း)
ကလေးစာပေ (တတိယဆု)
"ပန်းတိုင်းပွင့်ခွင့်ရှိပါသည်နှင့် အခြားကလေးဝတ္ထုတိုများ"

"စာပေနဲ့ပတ်သက်လို့ ဆုရတာကတော့ ဒီအကြိမ်အပါအဝင်ဆို ၁၄ ကြိမ်ရှိပါပြီ။ ဒီစာပေဗိမာန်ဆုက နိုင်ငံတော်ကပေးတာဆိုတော့ အရင်ရခဲ့တဲ့ဆုတွေထက် ပိုပြီး တန်ဖိုးထားရတယ်။ ပိုပြီးလည်း ဝမ်းသာကြည်နူးမိတယ်။ စာပေဗိမာန်စာမူနဲ့ပတ်သက်လို့ အခုနောက် ၂၀၂၀ ပြည့်နှစ်အတွက်လည်း ရေးပို့ထားပြီးပါပြီ။ အခုပို့ထားတာက အပုဒ်ရေပိုများတယ်။ ကျွန်တော်က ကလေးစာပေတွေ ရေးတာများတော့ ကလေးတွေမဖတ်မိတောင် မိဘတွေဖတ်မိရင် ကျေနပ်မိတယ်။ မိဘတွေဖတ်မိလည်း ကိုယ့်သားသမီးတွေကို အထိုက်အလျောက်တော့ လက်ဆင့်ကမ်း ဆုံးမကြမှာပဲလေ။

### နောင်မျိုးဆက်သစ် ကလေးတွေအတွက် ရည်ရွယ်ရေးခဲ့

အခုရခဲ့တဲ့ စာပေဗိမာန်ဆုက ဝတ္ထုတို ၁၆ ပုဒ်နဲ့ ရခဲ့တာပါ။ စာပေပြိုင်ပွဲတွေကို ဝါသနာအရ ၂၀၁၅ ခုနှစ် လောက်ကတည်းက စပြီး ဝင်ပြိုင်ဖြစ်ခဲ့တယ်။ ပြောရရင် နှစ်တိုင်းဝင်ပြိုင်ခဲ့ပေမယ့် ဒီနှစ်မှ ရခဲ့တာပါ။ ကလေးစာပေ ရေးဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်က အိမ်မှာလည်း သားရှိတော့ သူ့ရဲ့ အမူအကျင့်လေးတွေ ကလေးအချင်းချင်း ကစားတဲ့ အကျင့်လေးတွေ၊ တစ်ဦးကို တစ်ဦး ညှာတာဖို့၊ တစ်ဖက်သားအပေါ် စိတ်ကောင်းစေတနာထားဖို့၊ ကလေးတွေ ဂိမ်းကစားတာလျှော့ကြဖို့၊ ပတ်ဝန်းကျင် သာယာလှပမှုကိုဖြစ်စေတဲ့ အမှိုက်ကောက်ဖို့၊ ဓမ္မစကူးလ်ကျောင်းပို့ရင် ယဉ်ကျေးလိမ္မာလာတဲ့ ကလေးတွေရဲ့ အကျင့်စရိုက်လေးတွေ ပေါ်လွင်အောင် ရေးခဲ့တာပါ။ အဓိကရည်ရွယ်တာကတော့ နောင်မျိုးဆက်သစ်ကလေးတွေ အတွက် ရည်ရွယ်ရေးခဲ့တာပါ" ဟု ပြောကြားသည်။

ဆရာထက်ဝေအောင် (စစ်ကိုင်း) သည် ငယ်စဉ်ကတည်းက စာပေနှင့် ပန်းချီ အနုပညာရပ်များကို စိတ်ဝင်စားခဲ့ပြီး ၂၀၀၁ ခုနှစ်မှစတင်ကာ ကဗျာ၊ ဝတ္ထုတိုများကို မဂ္ဂဇင်း၊ စာစောင်အချို့တို့တွင် ရေးသားခဲ့ပြီး ကြေးမုံ၊ မြဝတီ၊ ဒီမိုကရေစီတုဒေး၊ မြန်မာတိုင်းမ် စသည့် နေ့စဉ်ထုတ် သတင်းစာများတွင်လည်း အခါအားလျော်စွာ ဆောင်းပါးများ ရေးသားလျက်ရှိသည်။ ဆရာသည် အလွတ်တန်းစာပေ ပြိုင်ပွဲများ၌လည်း စာပေဆုများရရှိခဲ့ကာ ယခုစာပေဗိမာန်ဆုသည် သူ၏တန်ဖိုးထားရာ ဆုများထဲမှ စာပေဆုတစ်ခု ဖြစ်ကြောင်းလည်း သိရသည်။

# စိတ်သာချအတည် ဝိဇ္ဇာမမည်

ဇော်လေး

နှစ်ဆယ်ရာစုကာလကတည်းကပါ။ နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့ပါပြီ။

တစ်ခါတုန်းက စာရေးဆရာတစ်ယောက် စာပေဟောပြောပွဲခရီးသွားရင်း တောမြို့လေးတစ်ခုက (ဟိုခေတ်က ဗိုလ်တဲခေါ်တဲ့) မြို့အစွန်က ဆောက်လုပ်ရေးရိပ်သာ ခြေတံရှည်နှစ်ထပ်အိမ်လေးပေါ်မှာ ညအိပ်ရတယ်။

စာပေဟောပြောပွဲပြီးလို့ ညဉ့်နက်သန်းခေါင်ရောက်မှ လမိုက်ညကြီး မှောင်မှောင်မည်းမည်းထဲမှာ စာပေဟောပြောရာ ဓာတ်ရုံဟောင်းကြီးထဲက မြို့အစွန်အဖျား ဧည့်ရိပ်သာကို မြို့ခံစာပေဝါသနာရှင်တွေက လိုက်ပို့ကြတယ်။ ဆောင်းညအညာဒေသ အေးလှသဗျ။ ညစာ စားသောက်ကြပြီး ပြန်သွားကြပြီ။ ဟောပြောဖော် စာရေးဆရာတွေ၊ ဟောပြောဖော်အားလုံးလည်း မောမောနဲ့ အိပ်ကုန်ကြပြီ။ သူက အိပ်မရသေးဘူး။ အရှေ့အလယ်ပိုင်းပြဿနာ။ ဗိုက်ထဲက ရစ်ကာရစ်ကာ နာနေတယ်။ ဝမ်းသွားချင်လို့လေ။ ကမန်းကတန်း လက်နှိပ်ဓာတ်မီးဆွဲယူပြီး အောက်ထပ်ကိုဆင်း။ အိမ်သာဘယ်မှာ

အထက်ကိုကြည့်တယ်။

အထက်က သစ်သားတန်းလေးမှာ ရေးထားတာ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီးကြည့်တော့ တွေ့ရပြန်တယ်-

"နောက်ကိုကြည့်ဦး"

လက်နှိပ်ဓာတ်မီးထိုးပြီး ထိုင်နေလျက်ပဲ နောက်ဘက်လှည့်ကြည့်လိုက်မိတော့-

"သောက်ပေါ။ သူများနိုင်းတိုင်း လိုက်မလုပ်နဲ့ဟ"တဲ့။ ရေးထားသဗျ။ သေဟ။ စာရေးဆရာတစ်ယောက်တည်း ပြုံးလိုက်မိတယ်။ တစ်ကြိမ်တစ်ခါမှ သူ့ကိုယ်သူ ဤမျှ ထိရောက်မှန်ကန်စွာ ထောက်ပြခံရဖူးခြင်း ဘဝတစ်လျှောက်လုံးမှာမရှိခဲ့။

ကိုယ်ကသာ ဝေဖန်ရေး မိမိကိုယ်ကို ဝေဖန်ရေး၊ စာပေဝေဖန်ရေး စတဲ့ကိစ္စတွေကို ရေးလည်းရေးတယ်၊ ဆွေးလည်း ဆွေးနွေးတယ်၊ ဟောလည်းဟောပြောခဲ့တယ်။

အခုမှ မိမိလည်း ဘာမသိညာမသိနှင့် တကယ်ပါပဲ သူများနိုင်းသမျှလိုက်လုပ်မိ။ လိုက်ကြည့်ကာ လိုက်နာမိခြင်းကို ရယ်ချင်ဖူးပါရဲ့။ ပရိသတ်က ပွဲကျတယ်။ ရယ်ကြတယ်။ အေးပါလေ တက္ကသိုလ် ပရိဝုဏ်ထဲက အိမ်သာပဲဖြစ်ဖြစ်၊ အညာကျေးလက်မြို့ကလေးက အိမ်သာပဲဖြစ်ဖြစ် သူတစ်ပါးရေးထားတာကို လိုက်လုပ်ရင်တော့ ဒီလူဟာ လူပေါတစ်ယောက်သာ ဖြစ်ပေမှာပဲ။ ညံ့ရာကျတယ်လေ။ မဖြစ်သင့်ဘူးပေါ့။

၂၁ ရာစုထဲ ရောက်နေပါပြီ။

၂၀၂၀ ကျော်ခဲ့ပေါ့။ ခေတ်က မြန်လှတယ်။

အိမ်သာထဲက ညွှန်ကြားချက်ကို ဘာမသိညာမသိ လိုက်လုပ်နေမိတဲ့ လူစားမျိုးတွေရှိခဲ့သလိုပဲ ဒီနေ့ခေတ်မှာ ဖေ့စ်ဘွတ်ထဲက နိုင်းစေသမျှ တစ်သဝေမတိမ်းလိုက်လုပ်နေကြသူတွေ အံ့ဩလောက်အောင် များပြားလှတာကတော့ စိတ်မကောင်းစရာပဲ။ ရှေ့နောက်တွေးပါလေ။

ကိုယ်ပိုင်ဉာဏ်ကိုယ့်အတွေးနဲ့ စဉ်းစားချင့်ချိန်သုံးသပ်ပြီးမှ ဝေခွဲဆုံးဖြတ်ကြပါမောင်တို့မယ်တို့ Gen Z များ။ ဥပမာ- ပါတီစုံဒီမိုကရေစီပြောပြီး ငါနဲ့မတူငါ့ရန်သူဆိုတာမျိုးဟာ ဖြစ်သင့်ရဲ့လား၊ ရှေ့နောက်ညီရဲ့လား။ လမ်းတွေပိတ်ဆို့တာ နိုင်ငံတော်နဲ့ ပြည်သူ အကျိုးရှိပါ့မလား။

လမ်းတွေဖျက်တာ ဘာအတွက်လဲ။ ဘယ်သူ့ဒုက္ခ ဖြစ်သလဲ။ ရဲတွေကို သတ်ဖြတ်မီးရှို့တာ ဘာရည်ရွယ်ချက်လဲ။ ည ၈ နာရီမှာ သံပုံးတီးတာ ဘာအတွက်လဲ။ တစ်ဖက်ပိတ် ဘာဗဟုသုတ ဘာကိုမှ မဖတ်ဘဲ၊ မကြည့်ဘဲ သူတို့ကပြောသမျှသာ လိုက်လုပ်အောင်ဆိုပြီး ဖွတ်အတင်းဆွဲဆောင်တာဟာ ဟုတ်ပါ့မလား။ တရားသလား။

- FB ထဲကနေ ညွှန်ကြားနေသူက ဘယ်သူလဲ။

- သူတို့က ဘယ်သူ့အတွက် အလုပ်လုပ်နေကြတာလဲ။ လမ်းတွေပေါ် အမှိုက်ပုံကြပြောတာနဲ့ လိုက်လုပ်ရောလား။ ဘယ်သူအကျိုးရှိစေသလဲ။ ရပ်ကွက်ထဲက လူအချို့ကို ဒလန်လို့ စွပ်စွဲပြီး လူအုပ်စုနဲ့ ရက်စက်စွာနှိပ်စက်ညှဉ်းဆဲသတ်ဖြတ်တာ လူ့ကျင့်ဝတ်နဲ့ညီရဲ့လား။

ကံကောင်းတာကတော့ အများစု ပြည်သူလူထုကြီးက ကောက်ကျစ်ညစ်ပတ်တဲ့ မတရားအာဏာရူးတဲ့ အဖျက်သမားတွေဟာ ကြာလေလေ ဓာတ်ရုပ် ပိုပြီးပေါ်လေလေ ဖြစ်လာပြီ၊ ကိုယ့်သေတွင်းကို ကိုယ်တိုင်ကျင်းတူးသလို မိုက်နေကြပြီလို့ ယုံကြည်လက်ခံလာခြင်းပဲ။ ပြောတော့မိုး၊ ထိုးတော့မြေကြီး။

ရတနာသုံးပါးနဲ့ နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်နေဆဲပဲလို့ ယုံကြည်ကြတယ်။ သာသနာကိုစောင့်ရှောက်ကြတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံကြတဲ့ ဆရာတော် သံဃာတော်ကြီးများရဲ့ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ပြည်တွင်းပြည်ပနှစ်ဌာနက ဒီလောက်ဆိုးဆိုးရွားရွား နှောင့်ယှက်ဖျက်ဆီးနေတာတောင် ဘာမှကြီးကြီးကျယ်ကျယ် မနစ်နာတာ၊ ရောဂါ့ရကာပ်ကိုဗစ်ဆိုတဲ့ ဘေးဆိုးကပ်ဆိုးကြီး တစ်နှစ်လောက်ရှိနေပြီး လျင်မြန်စွာ ကူးစက်ဖိစီးနေတာတောင် ပြည်သူတွေမှာ (အခြားနိုင်ငံများထက်) အနာအဖျား အသေအပျောက် နည်းပါးနေခြင်းတို့ဟာ အံ့ဩစရာကောင်းအောင် လက်တွေ့မြင်တွေ့နေကြရတယ်လေ။ အချို့ကတော့ ဝိဇ္ဇာရှစ်သောင်းကလည်း ကာကွယ်ပေးနေကြတယ်ဆိုကြတာပဲ။

သုစရိုက်ပြုလိုက်ကြထာဝရေ။ ဒုစရိုက်ကို မလိုက်ပါမိအောင် ရှောင်ကြပါလေ။ သူတော်ကောင်းတို့ရေ။ ။

"လမ်းတွေဖျက်တာ ဘာအတွက်လဲ။ ဘယ်သူ့ဒုက္ခ ဖြစ်သလဲ။ ရဲတွေကို သတ်ဖြတ်မီးရှို့တာ ဘာရည်ရွယ်ချက်လဲ။ ည ၈ နာရီမှာ သံပုံးတီးတာ ဘာအတွက်လဲ။ တစ်ဖက်ပိတ် ဘာဗဟုသုတ ဘာကိုမှ မဖတ်ဘဲ၊ မကြည့်ဘဲ သူတို့ကပြောသမျှသာ လိုက်လုပ်အောင်ဆိုပြီး ဖွတ်အတင်းဆွဲဆောင်တာဟာ ဟုတ်ပါ့မလား။ တရားသလား"

(pull quote above repeats the article text)

လဲရှာရ။ ခြေတံရှည်သစ်သားနှစ်ထပ်အိမ်က အောက်ထပ်မှာ ဟာလာဟင်းလင်း။ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး ဟိုဟိုဒီဒီရှာတော့မှ ဟိုးခပ်လှမ်းလှမ်းနောက်ဖေးဘက်ဆီက မန်ကျည်းပင်ကြီးရဲ့အောက်မှာ အိမ်သာတွေ့ပြီ။ ပြေးတက်။ ဗိုက်ထဲက ထွက်ချင်နေတာတွေ ဗျောဗျောဖြင်းဖြင်းနဲ့ ထုတ်ပစ်။ အိမ်သာရှိလို့ တော်သေးဗျာ။

ပေါ့ပါးသွား။ ခုမှပဲ နေသာထိုင်သာရှိ။ ဒါပေမယ့် စက္ကူယူခဲ့ဖို့ မေ့သွားတယ်။

ရေအိုးရေခွက်လည်း မတွေ့။ ဒုက္ခပဲ။ နှီးဆီခွက် သံချေးတက်အဟောင်းလေးထဲမှာ တုတ်ချောင်းလေးတွေ ဆယ်ချောင်း ကိုးချောင်းတွေ့ရတယ်။ သိပြီ။ တုတ်တံနဲ့ သန့်ရှင်းရေးလုပ်ဖို့ပဲ။

လက်နှိပ်ဓာတ်မီးနဲ့ ရှေ့ကသွပ်ပြား ထိုးကြည့်လိုက်တော့ "ညာကြည့်" လို့ ရေးထားတာ တွေ့ရတယ်။ ဒါနဲ့ သူက-

ညာဘက်ကိုကြည့်တယ်။

"ဘယ်ကြည့်"တဲ့

ဘယ်ဘက်ကိုကြည့်မိ။

"အထက်ကြည့်"တဲ့။

ပြုံးချင်မိပါရဲ့။

မဆီမဆိုင်စိတ်ထဲပေါ်ရာ ပြောလိုက်ချင်ပါသေး။

စာရေးဆရာတစ်ယောက် ပြောဖူးတာလေး ပြေးပြီးသတိရမိတယ်။ မင်းတိုင်ပင်ဆိုတဲ့ အထက်အညာရွာတစ်ရွာက အိမ်သာထဲမှာ စာရေးထားတာလေး တွေ့ရဖတ်ရဖူးတယ်တဲ့။ ဒီလိုပါ-

"စားခဲ့သမျှ ထားခဲ့ရပြီ။

ဝါးခဲ့သမျှ သွားခဲ့ကြပြီ။

အုပ်ခဲ့သမျှ ထုတ်ခဲ့ရပြီ။

မြိုခဲ့သမျှ ယိုခဲ့ရပြီ"တဲ့။ ဒါလည်းဟုတ်သားပဲ။ သူကတော့ အိမ်သာထဲမှာ တရားသံဝေဂရစရာတွေ ဖတ်ခဲ့ရတာ။ ကျုပ်ကတော့ သူတစ်ပါးရေးတာကို အဟုတ်ထင်မှတ်ပြီး လိုက်နာလုပ်ဆောင်မိလို့ အဆဲခံခဲ့ရတာတဲ့။

စာရေးဆရာတစ်ယောက်က တက္ကသိုလ်ရောက်စ အဆောင်အိမ်သာမှာ တွေ့ရတာလို့ စာပေဟောပြောပွဲ (ပရိသတ်က ကျောင်းသူကျောင်းသားတွေမို့) ဘယ်ကြည့် ညာကြည့်ဆိုတာ ဖရက်ရှာတစ်ယောက်ရဲ့ အတွေ့အကြုံအဖြစ် ဟောပြောတာလည်း ကြားခဲ့ရ

## မြင်းမူမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

မြင်းမူ ဧပြီ ၂

မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာရေရရှိရေးဆောင်ရွက်ပြီးစီးမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက မတ် ၃၁ ရက်က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ရေရရှိရေးလုပ်ငန်းအနေဖြင့် ဘိုးမင်းကြီးကင်းကျေးရွာတွင် ရေကန် အလျား ၁၀ ပေ၊ အနံ ၁၀ ပေနှင့် အမြင့် လေးပေရှိ ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တစ်ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၃ သန်းဖြင့် လည်းကောင်း၊ သမန္တေကျေးရွာတွင် အနက်ပေ ၅၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ အင်ဂျင်နှင့် ရေမြုပ်ပန့်တပ်ဆင်ခြင်းတို့ကို ခွင့်ပြုငွေကျပ် ၉ ဒသမ ၇ သန်းဖြင့်လည်းကောင်း တင်ဒါအောင်ကုမ္ပဏီက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှစတင်ကာ ဆောင်ရွက်ခဲ့ပြီး မတ်လပထမပတ်တွင် လုပ်ငန်းဆောင်ရွက်မှုများ ရာနှုန်းပြည့်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ဘိုးမင်းကြီးကင်းကျေးရွာမှ ဒေသခံပြည်သူ ၁၂၇၆ ဦးနှင့် သမန္တေကျေးရွာမှ ဒေသခံပြည်သူ ၁၆၀၁ ဦးတို့မှာ သောက်ရေ သုံးရေကိုဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)



ကျေးလက်ရေရရှိရေးလုပ်ငန်းများကွင်းဆင်း စစ်ဆေးစဉ်။

# ဆူပူအကြမ်းဖက်သူများက ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး၊ နိုင်ငံတော်ပိုင်အဆောက်အဦများကို လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်

နေပြည်တော် ဧပြီ ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ဧပြီ ၁ ရက် ည ၆ နာရီ ၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူ လေးဦးမှ ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့အသင့်ပါလာသည့် လက်လုပ်ဗုံး လေးလုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ရဲတပ်ဖွဲ့မှူးရုံးအတွင်း ကျရောက်မှုမရှိဘဲ ခြံစည်းရိုးအုတ်တံတိုင်းကိုထိမှန်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အလားတူ ဧပြီ ၁ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုရုံးကို ဆူပူအကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ အဆိုပါရုံးအမိုးပေါ် ကျရောက်ပေါက်ကွဲမီးလောင်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ထို့အတူ ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ် (၅)ရပ်ကွက်ရှိ ဗိုလ်ချုပ်ကြေးရုပ်အနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအသုံးပြုသည့် မော်တော်ယာဉ်အား ဆူပူအကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လူနှင့်ယာဉ် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

၎င်းအပြင် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရှင်စောပုရပ်ကွက် ရှင်စောပုလမ်း UTC နောက်ကျော၊ ထရန်စဖော်မာအနီး ဆူပူအကြမ်းဖက်သူများက လက်လုပ်အသံမိုင်းဖြင့် ပေါက်ခွဲခဲ့ရာ လူ/အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူးဘူတာနှင့် ရွှေလှေဘူတာကြား မီးရထားသံလမ်း မိုင်တိုင်အမှတ် ၄၈ ကြေးနန်းတိုင်အမှတ် ၁၀ နှင့် ၁၁ အကြား တံတားအမှတ် ၆၂ တွင် Breaktime စာတန်းပါ နီဝါရောင်မုန့်ပုံးတစ်ပုံးကို ကိုက် ၅၀ ခန့်အရှည်ရှိ ဝိုင်ယာကြိုးဖြင့် ဆက်သွယ်ထားသည့် မိုင်းဟုယူဆရသော မသင်္ကာဖွယ်ပုံးတစ်ပုံးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ TNT အဝါရောင်ယမ်းမြင်းမှုန့် ၅ ပေါင်ခန့်အား ဒီတိုနေတာဖြင့် ဆက်သွယ်၍ မိုင်းထောင်ထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက မိုင်းအားရှင်းလင်းခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရှင်းလင်းမှု ပြီးစီးခဲ့ကြောင်း သိရှိရသည်။

အလားတူ ယနေ့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁) ရပ်ကွက် ကံ့ကော်လမ်းရှိ နယ်မြေခံတပ်အား ဆူပူအကြမ်းဖက်လူတစ်စုက လက်လုပ်မိုင်းဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားခဲ့ပြီး အဆိုပါ လက်လုပ်မိုင်းမှာ တပ်ဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ရာ လူ/အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ထို့အတူ ယနေ့နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦကို ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ယနေ့နံနက် ၇ နာရီခန့်တွင် တမူးမြို့ မြို့မရပ်ကွက် နန့်ဖာလုံဈေးအနီးရှိ မီးသတ်ရုံးအား ဆူပူအကြမ်းဖက်သူအင်အား ၁၅ ဦးခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲဖြိုခွဲခဲ့ရာ နံနက် ၇ နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများထဲမှ အမျိုးသားတစ်ဦးကို အသေဖမ်းဆီးရမိခဲ့သည်။





၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက်နေ ဒေါ်စန်းစန်းဝင်း (ဘ) ဦးညဏ်သောင်း၏နေအိမ်အား ဧပြီ ၁ ရက် ညနေ ၅ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်ဦးက မီးပုလင်းဖြင့် လမ်းပေါ်မှနေ၍ ပစ်ပေါက်ခဲ့ရာ နေအိမ်ခြံစည်းရိုးဘေးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၆ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် နေအိမ် ငါးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ ဧပြီ ၁ ရက်နှင့် ယနေ့တို့တွင်လည်း ဆူပူအကြမ်းဖက်သူများက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ဘောလီတံတားအဆင်းနေရာ၌ရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ အဆောက်အဦအား လည်းကောင်း၊ အမှတ်(၄) ရပ်ကွက် ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်နေရာ၌ရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ အဆောက်အဦအား လည်းကောင်း၊ မရမ်းကုန်းမြို့နယ် နဝဒေးလမ်းဆုံနေရာ၌ရှိသည့် ယာဉ်ထိန်းရဲအဆောက်အဦတို့အား လည်းကောင်း အသီးသီး မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များတွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်နှင့် နိုင်ငံတော်ပိုင် အဆောက်အဦများအား မင်းမဲ့စရိုက်ဆန်စွာ ကျူးလွန်ခဲ့သူများကို ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

---

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနယ်မြေအတွင်းသို့သွားရောက်မည့် လူငယ် ငါးဦးအား ထိန်းသိမ်း

နေပြည်တော် ဧပြီ ၂

အကြမ်းဖက်ဆန္ဒပြရာတွင်ပါဝင်သော လူငယ်များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တစ်ခုနှင့်ချိတ်ဆက်၍ ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည်ဖြစ်ကြောင်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများအား အထူးကြပ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။



ဦးစိုးမိုး



ဒေါ်ရွှေဇင်အေး



ဦးတာရာစိုး



ဦးဇော်ဇော်



ဒေါ်သိမ့်သန္တာနှင်း

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တောင်ငူမြို့ ရန်ကုန်-မန္တလေးလမ်း၊ အင်းဝဘဏ်လမ်းထောင့်၌ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးစိုးမိုး(ဘ)ဦးစံဌေး မိတ္ထီလာမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 4P/ 7429၊ Toyota Vios အမျိုးအစားမော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ မိတ္ထီလာမြို့နေသူနှစ်ဦးဖြစ်သည့် ဒေါ်ရွှေဇင်အေး(ဘ) ဦးစန်းရွှေ အသက် ၃၈ နှစ်၊ ဦးတာရာစိုး(ဘ)ဦးစိုးမင်း အသက် ၂၁ နှစ်တို့အား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်-မန္တလေး ကားလမ်း၊ ပေါ်တော်မူဘုရားရှေ့၌ ယာဉ်မောင်း ဦးဇော်ဇော် (ဘ) ဦးကျင်သောင်း မြင်းခြံမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 6Q/ 2462၊ KIA Picanto အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ ၎င်း၏ဇနီးဖြစ်သူ ဒေါ်သိမ့်သန္တာနှင်း (ဘ) ဦးမျိုးသက် အသက် ၃၈ နှစ်တို့ကို လည်းကောင်း၊ လက်တော့ နှစ်လုံး အပါအဝင် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိခဲ့သဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနယ်မြေများအတွင်းသို့ စစ်သင်တန်းတက်ရောက်ရန် သွားရောက်ကြမည့်သူများဖြစ်ကြောင်း သိရှိရသဖြင့် အချိန်မီ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိန်းသိမ်းခံရသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ဆူပူအကြမ်းဖက် ဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်ရန် ဒိုင်း၊ လှံ စသည့်ပစ္စည်းများအား ထောက်ပံ့ပေးခြင်း၊ CDM ပြုလုပ်သည့် ဝန်ထမ်းများအား ထောက်ပံ့ရန်အတွက် ထောက်ပံ့ငွေများအား အလှူခံခြင်း၊ ထောက်ပံ့ပေးခြင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများအား စမ်းသပ်ဖောက်ခွဲခြင်း၊ CDM ဆောင်ရွက်မှုမရှိသော ဆရာ၊ ဆရာမများအား Social Punishment ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနေဖြင့် စစ်သင်တန်း တက်ရောက်ရန်အတွက် ဦးထက်အောင် ၅၂ နှစ် (အဘ၊ နေရပ်) စီစစ်ဆဲ (ဓမ္မ ဂန္ထ မျိုးဆက် ကျောင်းသားဟောင်း) နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုမှ အဆင့် စီစစ်ဆဲ ဦးမြင့်စိုးတို့နှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းထားသူများအား နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ - ၅၀၅ (ခ)ဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေး လွတ်မြောက်လျက်ရှိသည့် ဆက်စပ်တရားခံ ဦးထက်အောင်နှင့် ဦးမြင့်စိုးတို့ နှစ်ဦးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ် ဖမ်းဆီး

နေပြည်တော် ဧပြီ ၂

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူများ၊ လက်ဝယ်ထားရှိသူများအား ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ဧပြီ ၂ ရက်တွင်လည်း မြို့နယ်အချို့၌ လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိကြောင်း။

## တွေ့ရှိသိမ်းဆည်းရမိ

ထိုသို့ ဖော်ထုတ်ဖမ်းဆီးရာတွင် ဧပြီ ၁ ရက် ည ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာကေတမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၈)ရပ်ကွက်၊ နဝရတ်(၃)လမ်း၊ တိုက် ၅၀၆၊ (၃)လွှာ၊ အခန်း 1-B အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အခန်းအတွင်းမှ နိုင်ဝင်းအောင်ပါ အမျိုးသား သုံးဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ အခန်းအတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဒိုင်း သုံးခု၊ မီးခိုးကာ မျက်နှာဖုံး သုံးခု၊ မီးခိုးကာ မျက်မှန်တစ်ခု၊ အလူမီနီယမ်ဖြင့် ပြုလုပ်ထားသော လေးခွစင်ကြီး တစ်ခု၊ စကားပြောစက် နှစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ တိုက်နောက်ဘက်အရေးပေါ်လှေကားအဆင်း မြောင်းအတွင်းမှ လက်လုပ်မီးခိုးဗုံး ငါးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ်၊ ရေငယ်ကျေးရွာအနီး မန္တလေး-လားရှိုးကားလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်း ဆောင်ရွက်နေစဉ် နောင်ချိုဘက်မှ မန္တလေးဘက်သို့ နောင်ချိုမြို့နယ်နေ နိုင်ဝင်း (၃၀)နှစ် (ဘ) ဦးဝင်းအောင် မောင်းနှင်လာသော MDY GG-7304 Fielder "ရွှေလွင်မန်း" ခရီးသည်တင်ယာဉ်အား စစ်ဆေးခဲ့ရာ ၎င်းယာဉ်ပေါ်တွင် တင်ဆောင်လာသော ဂျပ်ဖာ နှစ်ပုံးအတွင်းမှ လေသေနတ် တစ်လက်၊ မှန်ဘီလူး နှစ်ခု၊ သံထိပ်ဖူးပါ မြားကျည် ၁၅ ခုနှင့် ရော်ဘာပိုက်ပြွန် ၁၈ ခု တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်နေ မိုးဆန်းအောင်(ခ)ဗြောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မိုးဆန်းအောင်(ခ) ဗြောင်ကြီးကို နေအိမ်အတွင်း တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ လေးခွတစ်လက်၊ ဂျင်ကလီ ၅၂ ချောင်း၊ ဓားမ နှစ်ချောင်း၊ မီးသတ်ဆေးဘူး သုံးဘူးနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။



ပုသိမ်မြို့၌ ဆူပူအကြမ်းဖက်မှုတွင် မိုးဆန်းအောင်(ခ)ဗြောင်ကြီးအား အသုံးပြုသည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၆ လမ်း၊ ၅၉ x ၆၀ လမ်းကြား၊ အမှတ် တတ-၁၇/၅၁ ရှိ "ပြည့်စုံမင်း" လျှပ်စစ်ပစ္စည်းဆိုင်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်အတွင်း ပိုင်စိုးမင်း (၃၀)နှစ်(ဘ) ဦးအောင်နိုင်ကို လက်လုပ်သေနတ် နှစ်လက်၊ လေးခွတစ်လက်၊ ဓားရှည် တစ်ချောင်း၊ ဒိုင်းတစ်ချပ်၊ မှန်ပြောင်းတစ်ခုတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း အိမ်ရာဘေး၌ လက်လုပ်မိုင်း သုံးလုံးအား လည်းကောင်း၊ သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက်၊ နဝရတ်(၃)လမ်း၊ တိုက် ၅၀၆၊ (၃)လွှာ၊ အခန်း 1- B ၌ နိုင်ဝင်းအောင်အပါအဝင် အမျိုးသားသုံးဦးအား လက်လုပ်မီးခိုးဗုံး ငါးလုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မအူပင်မြို့ အမှတ်(၁၁)ရပ်ကွက်၊ သိဒ္ဓိမင်္ဂလာလမ်းရှိ ကိုနိုင်(ခ) ကိုကိုနိုင်(ဘ)ဦးဘစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ပတ္တမြားသိင်္ဂီလမ်းအရောက်၌ ၎င်းနှင့်အတူ ဖြိုးအောင်(ခ)ကိုဖြိုး(ဘ)ဦးတင်



မအူပင်မြို့ အကြမ်းဖက်မှုမှ ဖမ်းဆီးရမိသူ ဖြိုးအောင်(ခ)ကိုဖြိုးအား အသုံးပြုသည့်လက်နက်များနှင့်အတူ တွေ့ရစဉ်။

ဖေတို့အားတွေ့ရှိခဲ့ပြီး ကိုနိုင်မှ ၎င်း ကိုင်ဆောင်ထားသည့် လက်ဆွဲအိတ်အား ပစ်ချ ထွက်ပြေးသွားသဖြင့် အိတ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်နှင့်အတူ ဖြိုးအောင်အား ဖမ်းဆီးရမိခဲ့ပြီး အမှတ်(၁၂) ရပ်ကွက် မြို့သစ်(၄)လမ်းရှိ ၎င်း နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများအား လည်းကောင်း ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့တွင် သဃ်န်းကျွန်းမြို့နယ် စံပြစီမံကိန်းရပ်ကွက် ကညနရုံးအနီး၌ မသင်္ကာဖွယ် အထုပ်တစ်ထုပ်အတွင်းမှ ဒေသန္တရလက်လုပ် ချိန်ကိုက်ဗုံးတစ်လုံးအား လည်းကောင်း၊ ငမိုးရိပ်ရပ်ကွက် သံသုမာလမ်းမကြီးနှင့် ရတနာလမ်းဆုံအနီးရှိ ကညနရုံးရှေ့၌ ဒေသန္တရလက်လုပ်ဗုံး တစ်လုံးအား လည်းကောင်း၊ ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက်ရှိ မိုးဆန်းအောင်(ခ)ဗြောင်ကြီးအား ၎င်းနေအိမ်၌ ဂျင်ကလီ ၅၂ ချောင်း၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက် (၇)လမ်း ဖျာပုံတံတားအနီး၌ ဆူပူအကြမ်းဖက်သူ ၁၀၀ ခန့်က ဆိုင်ကယ် ၅၀ ခန့်ဖြင့် ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသား သုံးဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် အေးရိပ်သာလမ်းရှိ ကျော်မျိုး(ခ) ငမျိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပြည့်ဖြိုးမောင်(ဘ) ဦးသောင်းရွှေနှင့် ကောင်းခန့်ကျော်(ဘ)ဦးသန်းပိုတို့ နှစ်ဦးအား လက်လုပ်သေနတ် တစ်လက်၊ ပစ္စတို တစ်လက်၊ လက်လုပ်ဗုံး ရှစ်လုံး၊ ဒူးလေးနှစ်လက်၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ယင်းမာပင်မြို့နယ် တောင်ပုအုပ်စု သပြေအေးကျေးရွာသို့ သတင်းအရ သွားရောက်စဉ် ဆူပူအကြမ်းဖက်သူအင်အား ၅၅၀ ခန့်က ကျေးရွာအတွင်းသို့ ဝင်ရောက်၍ မရအောင် မြေဖြတ်ကျင်းများ တူးကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်သေနတ်၊ တူမီးသေနတ်၊ လေးခွ၊ ဂျင်ကလီ၊ မီးပုလင်းများဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် အမိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းနေရာမှ တူမီးသေနတ် လေးလက်၊ လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်မိုင်း သုံးလုံးတို့ကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာအနီး မန္တလေး-လားရှိုးကားလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ယာဉ်ဝင်/ထွက်မှုများ စစ်ဆေးဆောင်ရွက်စဉ် နောင်ချိုဘက်မှ မန္တလေးဘက်သို့ နိုင်ဝင်းအောင်(ဘ)ဦးဝင်းအောင် မောင်းနှင်လာသည့် ရွှေလွင်မန်းခရီးသည်တင်ယာဉ်အား ရှာဖွေစစ်ဆေးရာ ယင်းယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ဂျပ်ဖာအတွင်းမှ လေသေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၆ လမ်း၊ ၅၉ လမ်းနှင့် ၆၀ လမ်းကြား အမှတ်(တတ-၁၇/၅၁)ရှိ ပြည့်စုံမင်း လျှပ်စစ်ပစ္စည်းဆိုင်အတွင်း၌ ပိုင်စိုးမင်း (ဘ)ဦးအောင်နိုင်အား လက်လုပ်သေနတ်နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သဃ်န်းကျွန်းမြို့ ဆူပူအကြမ်းဖက်မှုမှ ဒေသန္တရလက်လုပ် ချိန်ကိုက်ဗုံးတစ်လုံးကို တွေ့ရစဉ်။

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၀,၅၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၇၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၁၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်ထုတ်လွှင့်မည်ဟု သတင်းဖြစ်ပေါ်လျက်ရှိသည့် FM ရေဒီယိုလိုင်းတစ်ခုသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်လွှင့်ခွင့်ပြုထားသည့် FM ရေဒီယို မဟုတ်ပါ။ အကယ်၍ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၂-၄-၂၀၂၁)

## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် ဧပြီ ၂

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၂၆၂၅ ဦး၊ အတွင်းလူနာ ၄၁၀၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့်

*စာမျက်နှာ ၁၅ ကော်လံ ၁*

**လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်**


*စာမျက်နှာ - ၂၈*

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနိုင်သဖြင့် လိမ္မော်ရောင်အဆင့် သတ်မှတ်

နေပြည်တော် ဧပြီ ၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression) သည် မြောက်-အရှေ့မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ မြိတ်မြို့(Myeik) ၏ အနောက်-အနောက်တောင်ဘက်ရေမိုင် ၁၂၅ မိုင်ခန့် ၊ ထားဝယ်မြို့ (Dawel) ၏ အနောက်တောင်ဘက် ရေမိုင် ၁၇၀ ခန့်၊ ကိုကိုးကျွန်းမြို့ (Coco Island) ၏ အရှေ့တောင်ဘက် ရေမိုင် ၂၄၀ ခန့်နှင့် ရန်ကုန်မြို့(Yangon) ၏ တောင်ဘက်ရေမိုင် ၃၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်းငယ် (Depression) ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနိုင်ပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ် (Depression) သည် ယနေ့ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၁ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၆ ဒသမ ၇ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။




အဆိုပါ မုန်တိုင်းငယ် (Depression) သည် မြောက် - အရှေ့မြောက်ဘက်သို့

*စာမျက်နှာ ၁၇ ကော်လံ ၁*

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ COVID-19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးပြီးစီးမှု

နေပြည်တော် ဧပြီ ၂

COVID-19 ကာလအတွင်း လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေး အကျုံးဝင် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံ အလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ငွေများအား ခွင့်ပြုထုတ်ပေးလျက်ရှိရာ COVID-19 1st Wave အတွက် ၂၀၂၀ ပြည့်နှစ် မေ ၁၃ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း ၈၆၂၀ မှ အာမခံအလုပ်သမား ၈၅၃,၂၂၄ ဦးအတွက် ထောက်ပံ့ငွေကျပ်သန်း ၂၁၄၆၂ ဒသမ ၅၁၂ အား လည်းကောင်း၊ COVID-19 2nd Wave အတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနစုစုပေါင်း ၇၇၁၀ မှ အာမခံအလုပ်သမား ၇၃၅၃၅၀ အတွက် ထောက်ပံ့ငွေကျပ်သန်း ၄၆၅၉၇ ဒသမ ၃၀၆ အား လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် မတ် ၂၈ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ Quarantine ဝင်ရောက်လျက်ရှိသည့် အာမခံအလုပ်သမား ၁၃၆၄ ဦးအတွက် မကျန်းမာမှု အကျိုးခံစားခွင့် (၆၀ ရာခိုင်နှုန်း) ခွင့်ပြုငွေကျပ်သန်း ၉၉ ဒသမ ၈၀၇ အား လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၂ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ COVID-19 ကာလအတွင်း အာမခံအလုပ်သမား၊ ကိုယ်ဝန်ဆောင်မိခင် ၃,၆၂၀ အတွက် မကျန်းမာမှု အကျိုးခံစားခွင့် (၆၀ ရာခိုင်နှုန်း) ခွင့်ပြုငွေကျပ်သန်း ၅၅၅ ဒသမ ၅၁၅ အား လည်းကောင်း စုစုပေါင်း အာမခံအလုပ်သမား ၁,၅၉၃,၅၅၈ ဦးအတွက် ငွေကျပ်သန်းပေါင်း ၆၈၇၁၅ ဒသမ ၁၄၀ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လူမှုဖူလုံရေးအဖွဲ့မှ COVID-19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးထားရှိမှု အခြေအနေ

| စဉ် | ထောက်ပံ့သည့်အကြောင်းအရာ | ခွင့်ပြုသည့် | | ခွင့်ပြုခဲ့သည့်ကာလ |
|---|---|---|---|---|
| | | လူဦးရေ | ငွေ(ကျပ်သန်း) | |
| ၁ | ပထမအကြိမ်လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် (၄၀%) | ၈၅၃,၂၂၄ | ၂၁,၄၆၂.၅၁၂ | ၁၃-၅-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၂ | ဒုတိယအကြိမ် လူမှုဖူလုံရေး ထောက်ပံ့ငွေ (၄၀%) | ၇၃၅,၃၅၀ | ၄၆,၅၉၇.၃၀၆ | ၂-၁၀-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၃ | Quarantine ဝင်ရောက်သည့် အာမခံအလုပ်သမားများ မကျန်းမာမှုအကျိုးခံစားခွင့် (၆၀%) | ၁၃၆၄ | ၉၉.၈၀၇ | ၂၈-၃-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၄ | ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) | ၃,၆၂၀ | ၅၅၅.၅၁၅ | ၂၂-၄-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| | စုစုပေါင်းထုတ်ပေးပြီးငွေ | ၁,၅၉၃,၅၅၈ | ၆၈,၇၁၅.၁၄၀ | |